နိယာသဂဏိကာသုံ့ဝဏ္ဏံ

9

ပေါင်းတည်မြို့

လယ်ပြင် စလင်းကျောင်း

ဆရာတော် ဦးပညာသာမိ ၏

# နိယာမဂဏ္ဍိက

# ဘုံစဉ်စံ

## နေယျ ပုဂ္ဂိုလ်နှင့် ပဒပရမ ပုဂ္ဂိုလ် တို့

အထူး သတိပြု၍ (ပွား) ရမည့်တရား၊

သုဒိတာဝေဟာရ၌ - ပုံနှိပ်သည်။

ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ် ( ၃၁၄၆ )

ဘာသာရေးဆိုင်ရာ စာပေကာင်းလွတ်ခွင့် အမှတ် (၀၈၄၂

ပုံနှိပ်သူ.... ဒေါ်သန်း၊ (ယာယီ - ၀၈၆၃)
သီရိမင်္ဂလာစာပုံနှိပ်တိုက်၊ ၆-လမ်း၊
ပေါင်းတည်မြို့။

တာဝန်ခံထုတ်ဝေသူ.... ဦးပညာသာမိ
လယ်ပြင်စလင်းကျောင်း၊ ပေါင်းတည်မြို့။

# မာတိကာ။


| အကြောင်းအရာ | | | | စာမျက်နှာနံပါတ် |
|---|---|---|---|---|
| လောကီလမ်းမှန် နည်းနာကျကျ | .... | .... | .... | ၂ |
| မင်္ဂလာပြုရာ တိထိရွေးနည်း | .... | .... | .... | ၉ |
| အရပ်ရပ် မှတ်သားဘွယ် | .... | .... | .... | ၁၅ |
| ဆုံးမစာ | .... | .... | .... | ၂၀ |
| လွှန်း - လွှတ် မြေခံရွေးနည်း | .... | .... | .... | ၂၁ |
| အိမ်ဆောက်လရွေးနည်း | .... | .... | .... | ၂၂ |
| သိန်းထိ ပေါက် မပေါက် ရွေးနည်း | .... | .... | .... | ၂၅ |
| ဂြိုဟ်သက်ရွေးနည်း | .... | .... | .... | ၂၆ |

အခဏ်း - ၂ ။

| | | | |
|---|---|---|---|
| ဒုတိယ ဝိပဿနာ ပညာ နည်းမှန် လမ်းမှန် | .... | .... | ၂၇ |
| ဥာဏ်စဉ် (၁၅) ပါးနှင့် ဝိသုဒ္ဓိ ၇ - ပါး | .... | .... | ၄၀ |
| ပရိညာ ၃ - ပါးနှင့် အနုပဿနာ ၇ ပါး | .... | .... | ၄၁ |
| (ပွား) သတိ .... | .... | .... | ၄၇ |
| ကြောက်စရာ ဒိဋ္ဌိအကြီးစား | .... | .... | ၅၀ |
| မဟာဝဂ္ဂသံယုဂ်ပါဠိတော် .... | .... | .... | ၅၂ |
| ပုဂ္ဂိုလ် (၄) ယောက် သိထားပါ | .... | .... | ၅၄ |
| ပညတ်ပရမတ် ခွဲသိကြရန် | .... | .... | ၅၆ |
| ကုသိုလ်ကံကုန်ပုံ - အကုသိုလ်ကံတိုးပွားပုံ | .... | .... | ၆၁ |

# မာတိကာ။

အကြောင်းအရာ — စာမျက်နှာ နံပါတ်


| အကြောင်းအရာ | စာမျက်နှာ နံပါတ် |
|---|---|
| တောမိမင်းဘဝ၌ ကြောက်လန့် တုန်လှုပ်နေပုံ .... | ၆၃ |
| ဘုရားရှင်၏ မိန့်ခွန်းတော် .... .... .... | ၆၆ |
| သံဝေဂတရားတော် .... .... .... | ၆၉ |
| အဘိဓမ္မာဒေသနာတရားတော်ကြီး .... .... .... | ၇၇ |
| အနုသယ ပြတ် တရားတော်ကြီး .... .... .... | ၈၀ |
| အာနာပါနဿတိ .... .... .... .... | ၈၆ |
| ၄-ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်တို့သည် .... | ၈၈ |
| သက္ကာယနှင့် ဒိဋ္ဌိ ကွဲအောင် ခွဲပါ .... .... .... | ၉၀ |
| တတိယ ကလျာဏ စူဠ မဇ္ဈ မဟာသောတာ ဖြစ်ရန် | |
| ရုပ်-နာမ် အနိစ္စ ဒုက္ခ အနတ္တ ဤငါးပါး ရလျှင် .... | ၉၄ |
| ပရိညာ (၃) ပါးကို တွေ့ရပုံ .... .... .... | ၉၇ |
| မြတ်စွာဘုရား ဘယ်လို ဟောခဲ့ပါသလဲ .... .... | ၁၀၀ |
| ရုပ်ပျက် နာမ်ပျက် ကုဋေတသိန်းတွေ့ပုံ .... .... | ၁၀၇ |
| ရုပ်ပြစ်ရှစ်ပါး၌ နေသူများ .... .... .... | ၁၁၁ |
| ကဆုံလပြည့်နေ့ဟာ .... .... .... .... | ၁၁၂ |
| ကထိန်နှင့်ပတ်သက်၍ အထူးသိစရာ .... .... .... | ၁၁၆ |
| ဝိပဿနာသံပေါက် .... .... .... .... | ၁၁၇ |
| ရှစ်လုံးဘွဲ့ ကဗျာ .... .... .... .... | ၁၂၁ |
| ကောသလအိပ်မက် (၁၆) ချက် .... .... .... | ၁၂၅ |
| ဝဋ်တော် (၁၂) ပါး .... .... .... .... | ၁၂၇ |
| လောက၌ ပြုရမည့် ဝတ္တရားများ .... .... .... | ၁၃၀ |
| ရွှေကျောင်းဆရာတော် .... .... .... .... | ၁၃၁ |
| ငရဲပြည်မှာ သိပ်ပူတာဘဲ.... .... .... .... | ၁၃၅ |
| မဟာဂါရဝ အာစရိယော .... .... .... | ၁၃၆ |

ပဥ္စမ အကြိမ် ရိုက်နှိပ်သည်၊

စာအုပ်ရေ ( ၃၀၀၀ )

၁၃၃၀ - ခုနှစ်၊ နှောင်း တန်ခူး လ။

# လယ်ပြင် စလင်းကျောင်း ဆရာတော်ပုံ



လမ်း (၄၀)၊ အုတ်ဖိုရပ်ကွက်၊ ပေါင်းတည်မြို့။

နမောဗုဒ္ဓဿ နမောဓမ္မဿ နမောသံဃဿ။



သုခိတာ ဟောန္တု ဒုက္ခာ မုစ္စန္တု။

•◦◦◦•

# လောကီမှန် မှ လောကုတ္တရာ သန်မည်။



သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက ဟု သုံးပါးရှိ၏၊ ထို လောကသုံးပါး၌ဘယ်သောအခါမှ သတ္တဝါ မပြတ် ရှိ၍နေမည်၊ ရှိနေသောသတ္တဝါမှန်သမျှ သူ့ဘဝနှင့်သူ ကိုယ့်ဘဝနှင့် ကိုယ် ခင်ကြွ မင်ကြွလျက် ရှိ၏၊ အဲဒါကြောင့် လောကီရေးရာ မင်္ဂလာ ဟူသမျှကို မှန်ကန်မှ သာလျှင် စိတ် ချမ်းသာမည်၊ စိတ်ချမ်းသာမှ ကိုယ်ချမ်းသာမည်၊ စိတ် ချမ်း သာ ကိုယ်ချမ်းသာရှိမှ ပုညာဘိ သင်္ခါရခေါ် ဒါန ကုသိုလ် သီလကုသိုလ်၊ သမထကုသိုလ်၊ ကမ္မဿကတာ ဉာဏ် သမ္မာ ဒိဋ္ဌိ အထမြောက်အောင်မြင်မည်။

အဲဒါကြောင့်- လောကီရေးရာနှင့်ပတ်သက်၍ (ဥပမာ) အားဖြင့်၊ ဝါဆို - ဝါခေါင် "ထိမ်း"ရင်လ၊ သေကိန်းပ ရွှေ ကြွင်ဖော်။ ။ခေါင်းပါးစွာ တော်သလင်း၊ သားပုတ္တာ ခြိရံ ကင်း။ ။ကွင်းကြ နတ္တော်။ ။ လပြာသို ဥစ္စာ ယှင်းလိမ့်။ ။ ကွေကွင်းကြ တပေါင်း ခေါ်။ မလျှော်သည့် ခြောက်လ။ ကြွင်းမာသေ ထိမ်းမြားပါလေကြ၊ ရုံခြွေရေ ရွှေစပါးရယ်နှင့် ပေါ်များကိုလုံလို့၊ မောင်မယ်စုံ အို့အောင်ပေါင်း ရမယ်....

ကျောင်းကြီး အမ ဆိုသည့် အတိုင်း၊ ထိမ်းမြား ရသော လ၊ မထိမ်းမြားရသောလ ရှိသလို အိမ်ထောင် ဘက်၊ ရန် ဘက်၊ ဓါတ်ဘက် အိမ်ဆောက် ကျောင်းဆောက်၊ ပြဿဒါး၊ ဘီလူး ရက်၊ ရက်ရာဇာ၊ လောကီလူတို့၏ အသုံးအနှုန်းတွေ မြောက် များစွာရှိ၏၊ **"လောကီလည်း မသေ့နှင့်"** ဆိုသောရှေးလူကြီးများ ထုံးအရ လောကီသမ်းစဉ် မှန်မှန်ကလေး သုံး၍ သွားတော့ စိတ်ချမ်းသာ၊ စိတ်ချမ်းသာတော့ အရွယ် သုံးပါး လုံး ကမ္မ သကတာ ဉာဏ် သမ္မာဒိဋ္ဌိ ပြည့်စုံကြွယ်ဝမည်။

ကမ္မသကတာ ဉာဏ် သမ္မာဒိဋ္ဌိ ပြည့်စုံ မှ ဝိပဿနာ ဉာဏ် သမ္မာဒိဋ္ဌိ ပြည့်စုံပြီး ဘုံစဉ်စံ ဖြစ်ရပါမည်။

အဲဒါကြောင့် ဤ စာအုပ်မှာ-

**ပဌမ - လောကီလမ်းမှန် နည်းနာကျကျ၊**

**ဒုတိယ - ဝိပဿနာ ပညာ နည်းမှန် - လမ်းမှန်**

**တတိယ- ကလျာဏ စူဠ - မဇ္ဈ - မဟာသောတာဖြစ်ပြီး-**

ဘုံစဉ်စံ၍ ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို အလို ရှိကြကုန်သော ယောဂီ သူတော်စဉ် အပေါင်းတို့ သည် ဤ-ဘဝလဲ အထက်' တန်းစားက လူချော-လူလှ၊ မိမ္မချော-မိမ္မလှ၊ နောက် ဘဝလဲ လူချော - လူလှ၊ နတ်ချော - နတ်လှ ဖြစ်ပြီး ဘုံ စဉ် စံ ရန် ဘုရားပွင့်တာ နှင့် ကိုယ်လဲ လူဖြစ်တာနှင့်ကြုံတဲ့အခါ ကိုယ့် ကိုယ်ကို ကိုယ် ချစ်လျှင် သနားပါလျှင် အိမ်တိုင်း အိမ်တိုင်း ဤ စာအုပ်ကလေးတအုပ်ရှိသင့်၏၊ ရှိပြီး ကြည့်သင့်၏ ကြည့် ပြီး ပွားသင့်၏။

ဤကဲ့သို့ တိုက်တွန်းရခြင်းမှာ- ရထားသော ဘဝကလေး အဆုံး-အရှုံး မရှိစေရန်ဖြစ်ပါသည်၊ ယခု ဤစာအုပ်အတိုင်း

လောကီရော လောကုတ္တရာရော မှန်မှန်ကလေး အားထုတ်သော သူသည် အားထုတ်သောနေ့က စ၍ လူထုချစ်-နတ်ထုချစ်ပြီး နိယတ ဂတိကဘာဝအလားမြဲပြီး ဘုံစဉ်စံ ဖြစ်ရမည် မလွဲပါ၊ ယုံကြည်ပါသည်၊ အားလုံး ယုံကြည်ကြရန် တိုက်တွန်းပါသည်။

(၁) က - ခ - ဂ - ဃ - င — တနင်းလာ၊ ၂-ကျားနာမ်
စ - ဆ - ဇ - ဈ - ည — အင်္ဂါ၊ ၃ - ခြင်္သေ့နာမ်
ဋ-ဌ- ဍ- ဎ- ဏ၊ တ- ထ- ဒ- ဓ- န—စနေ၊ ၇-မြွေနာမ်
ပ - ဖ - ဗ - ဘ - မ — ကြာသပတေး၊ ၅- ကြွက်နာမ်
ယ - ရ - လ - ဝ — ဗုဒ္ဓဟူး၊ ၄- ဆင်နာမ်
သ - ဟ — သောကြာ၊ ၆- ပူးနာမ်
အ — တနင်္ဂနွေ၊ ၁ - ဂဠုန်နာမ်

## နာမ်သင့် အက္ခရာ ရွေးနည်း။

က,ကြီးကစ င—သို့ကျ ယူပတနင်းလာ။
စ,လုံးနှင့် ည-မေါင်း ပဉ္စ နာမနေ့ အင်္ဂါ။
ဋ,တနင်ချိတ်ကရောက်၊ န-ရောက် မှတ်လောက်စနေသာ။
ကြာသပတေးဆိုက ပ,စောက်က၊ မ-ကားအဆုံးသာ။
ဗုဒ္ဓဟူး ဆိုက ယ’လျှင်စ၊ ဝ-ကား အဆုံးသာ။
သောကြာ သ - ဟ ယူလေကြ မှန်လှအက္ခရာ၊ နာမ်သင့်စာလုံး၊ ပန်းနှယ်ကုံး သက်ဆုံးနားဝယ်ထား။ နည်းနှင့်တကွ ငါလျှင်ပြ မှတ်ကြလူတကာ။ နာမ်သင့်သံပေါက်၊ အပြီးရောက် မှတ်လောက်နိဂုံတာ။

၁။ တန်ခူး- ဝါခေါင် တိမ်တောင် ထွန်းပေါ် လ နတ်ဘော်၊
မဿော်မြွေနှင့်ကြွက်၊ မြွေမှာစနေ ကြွက်မှာကြာသပတေး

၂။ တချက်ကဆို- ကြိုသည့်တော်သလင်း၊ ပြာသိုတွင်း၊ စွယ်ရင်းဖြူစင်၊ ပူးနှင့်ဆင်၊ ဆင်မှာဗုဒ္ဓဟူး၊ ပူးမှာ သောကြာ၊
၃။ နယုံ- ဝါကျွတ်၊ နှင်းစွတ်စို၍ တပို့တွဲ၊ ပျံ့ဝဲ တောင်ဟုန် ဂဠုန်ကျားကို ရှောင်၊ ဂဠုန် တနင်္ဂနွေ၊ ကျား တနင်္လာ
၄။ ဝါဆို- တန်ဆောင်မုန်း ပူတိုး ချမ်း ပြောင်း လတပေါင်း၊ မကောင်းခြင်္သေ့ ဟိုင်းကိုရှောင်၊ ခြင်္သေ့အင်္ဂါ၊ ဟိုင်းမှာ ရာဟု ပြဿဒါးဟူ၍မှတ်။

ပြဿဒါးရက်ရွေးနည်းပြီး၏။

တမာသက်ရင်း၊ အင်ကြင်းဆူးယစ်၊ ပြဿဒါးရက်အတို ရွေးနည်း တန်ခူးလကစ၍ (၄)လတွဲ၍ယူပါလေ။

## ရက်ရာဇာ ရွေးနည်း။

တန်ခူး- ကျော်သာလှ၊ ထွန်းပ- ကဆုန်၊ နယုံ ညွန့်စ၊ အောင်လှ ဝါဆို၊ သာလို-ဝါခေါင်၊ မြတောင်- တော်သလင်း၊ သီတင်းကျွတ်-ဆီ၊ သောရီ-တန်ဆောင်မုန်း၊ ချမ်းသုံး-နတ္တော် မနော်-ပြာသို၊ မိညို-တပို့တွဲ၊ ထဲဝင်-တပေါင်း ရက်စုံ ကောင်းသည်၊ ရက်ကောင်းရာဇ ရာဇာတည်း ပြီး၏။

ကျော်မြတ်စံအောင်၊ သိမှတ်ဆောင်လေ၊ သာထွန်းပေ၏ တလ—တလုံး ရာဇာရက်ရွေးနည်း ပြီး၏။

တနင်္ဂနွေ ဆန်းသော် အင်္ဂါဝါရာ မိတ္တူ စသည် ဖြင့် အောက်ပါ လင်္ကာအရယူပါလေ။

အညာ၊ ကန်တာ၊ စေလာ၊ လုပ်ဦး ပန်းဘူး၊ သော်က တာတ၊ ဝါရာ မိတ္တူရက်ရွေးနည်းပြီး၏၊

တသက် ပတ်လုံး၊ စောင် ခေါင်းအုံး၊ အဆုံး ဒွါဒသ၊ စ၍ရေ၊ စနေ (၆) ရက်က ဝါရာမိတ္တူရက် ရွေးနည်း။

ဂင္ဂု- အဠ၊ ဗျက်ယား တြံ၊ တွက်ကိမ်ရွေး၊ ခြင်သေ့ အတ္တ၊ ဆင်မှာနှစ်ခု စတုဘား ကြွက်၊ ပူး တရက် တည်း၊ ငါးရက်နဂါး၊ ဤရက်များကို ဖွားသန္ဓေစင်ကာလူတွင်လူထွင့် အမြဲမှတ်။

ဝါဆို ဝါခေါင်တရက်ရှောင်၊တော်သလင်း သီတင်း ကျွတ်နှစ်ရက်လွှတ်၊ တန်ဆောင်မုန်း နတ္တော် သုံးရက်ပေါ ပြာသိုဘပို့တွဲ ၄-ရက်စွဲ၊တပေါင်း တန်ခူး ငါးရက် ကြူး၊ကဆုံ နယုံ ခြောက်ရက်ကြို၊လှေသွားမလုံပျက်၍ကုန် တောသွား မလုံဘေးတွေ့ကြုံ၊ အိမ်ဆောက်-ကျောင်းဆောက်၊ခန္ဓာပျက် သည် ဒက်ခရက်ဒက်ဘီလူးရက်၊ဘီလူးရက်ရွေးနည်းပြီး၏။

အုံးညို ခမော- သုတ ဇေရီ- ရန်နိစ်၊ ရန်ဘက်ရွေး နည်း၊ ရန်ဘက်ရွေးနည်း ပြီး၏။

ခမ္ဘာ- သောက-အင်းဝ- ရာဇာ၊ အိမ်ထောင်ဘက် အသက်မရှည်ရာ အိမ်ထောင်ဘက်ရွေးနည်း ပြီး၏။

ဦးသာ-စိန်ပန်း-ဒန်းလှကိုရှာ၊ ခါတ်ဘက်သာတည်း။ ခါတ်ဘက်ရွေးနည်း ပြီး၏။

အင်းဝ-ရှင်ကြီး၊ ထန်းသီး- စုတ်ဘက် မနေအပ်။ မနေအပ်သောအရပ်ရွေးနည်း ပြီး၏၊

အောင်ယန်-ဘမ်းဖြူ၊ စီးသူ-လှထူး၊ သန်းဦး သခင် ဘောဆင်- ရပ်ပြောင်း မနေကောင်း။

မနေကောင်းသောအရပ်ရွေးနည်း ပြီး၏၊

ကရင် သားမွေး-ခေါင်းမဆေး နှင့်၊ အိုးသည်တီး- ငြိုးအောင်လျှော်။

ခေါင်းလျှော်ရက်ရွေးနည်း ပြီး၏။

ပေါ့သားရွှေတောင်--ရေကိုရှောင်၊ အောင်စံဖြိုး- ရေချိုးတော့။ ရေချိုးရက်ရွေးနည်း ပြီး၏။

အောင်ကျော်စံခနှောင်း မဝယ်ကောင်း၊ လွှန်းပုံသာဝယ်ပါလေ။ ဈေးဝယ်ရသောရက်ရွေးနည်း ပြီး၏။

ငေါ့ သား ဒွေး....ကြွေးမချေးနှင့်၊ အောင်စံရှင်မ- ချေးပါကြ။ ကြွေးချေးရသောနေ့ရွေးနည်း ပြီး၏။

အုပ်- ရှစ်-စံ ဒါး- မှန်စကား။ ကျွန်-မ-သား စကားမမှန်ရာ၊ စကားမှန် မမှန်နေ့ရွေးနည်း ပြီး၏။

စစ် ကိုင်း အ နောက်၊ အုပ် ကြောက် စုရာ၊ မသာသေ လော့၊ ဘဝါးရွေးနည်း ပြီး၏။

ပတ် သံ တာ ရှည်၊ တီး သံ ပြည်၊ လက် စီ ကံ စာရေး၊ တဆယ် တိုး၍ တပိုးတည်၊ ညဥ့်ဗြိဳအကျွန်းဆေး၊ ဗြိဳရွေးနည်း ပြီး၏။

ဆန္ဒာတုံမြောက်၊ ခြောက်နှစ်- ခုနှစ် တဆယ်ပြစ်၊ ဆယ့်တစ်-ဆယ့်သုံး ပေါင်းရုံးမပျက်၊ ပိုးစားရက်။

ကျော် တရက်ကား တြိံ ဆ ပဥ္စ သတ် နော ပိုးစားရက်ကို မပြတ်ဟော၊ ပိုးစားရက်ရွေးနည်းပြီး၏။

အုံး-‘ဘောင်’-သူ၊ ချစ်-‘သူ’-တံ၊ စံ-‘ထွန်း’ဦး၊ လူ-‘အပ်’-ကြန်၊ ပြုံန်-‘ကျင်’-ဗွ သူ-‘စံ’-လာ၊ ထွား လား မှတ်၊ လွှတ် အောင် ရှောင်၊ ပဥ္စပွတ်၊ ဆပွတ်ရွေးနည်း ပြီး၏။

(‘ဘောင်’ နှင့် ‘သူ’ အပေါ်တွင် “နေ့” ဟု ထပ်ရိုက်ထားသည်)

အို စံ ဝ၊ ချစ် လှ ပုံ၊ စုံ မည့် သူ၊ လူ သာ တင်၊ မြင်-တိုင် အောင်၊ တောင် ဥ ကြန်၊ တူ ကုန် ဋ္ဌ၊ သွား လျှင် လာ

ဘရ၊ တရိယမ်း စတုယမ်း ရွေးနည်း။ ပဥ္စပွတ်ကိုရှောင်။ တရိယမ်း နှင့် စတုယမ်းကိုဆောင်။ ပြီး၏။

တ- တာ-က နောက်၊ န- ဝါ-ဝါ မြောက်၊ တော်— ကျွတ်-မုန်း ရှေ့၊ နတ်-ပြာ-တွဲ တောင်၊

နဂါးလှည့်ရွေးနည်း ပြီး၏။

ဇရပ် တံခေါင်း၊ အိမ် ကျောင်း တဲလုပ်ဆောက်မှု နဂါး ကို အမှန်ယူလို့ တွင်းတူးသူ နွေ နံ သင့်အောင် ရွေးချယ် သင့်ပါ၊ ဦးခေါင်းသာ ဂဠုံသုတ်မြဲ၊ မြီးဖျား ဆင်နင်းလို့ ဝမ်းတွင်း ကြွက် နာခံ ဖေါက်စေ တော့၊ ဆောက်လုပ်သူ ဇေယျတု ကောင်းဆုမလွဲ— ပြီး၏။

အိပ်ခန်း ပျော်မှိန်၊ ရာန်တင့်တိန်၊ ယိပ်ငြိမ်စံသင့်ဘေး ညွှန်သုံးလိုခါ၊ ဥ ဝင်းဝါ၊ စံပါနှင့် နံ့မွှေး၊ အတွင်း ပူရိသ ပြင် မိမ္မ၊ မြင်က အကျိုးပေး၊ မိမ္မ-ယောကျ်ား အကျိုးပေး ရွေးနည်းပြီး၏။

အိုး-အင်း ထပ်က သင့်မြတ်လှ၊ ကြာ-ကြာခြင်း နှော စပါးပေါ၊ စော-စောကို ရှောင်၊ လေ-လေ ခြင်း ပူလောင် ပြင်း၊ မင်း-မင်း တို့မှာ မထောင်းသာ၊ သာ သာ ထပ်က လျှောက်ပတ်စွ၊ ထ-ထကြို့မှု မီးလိုပူ၊ ယောကျ်ား - မိမ္မ နွေထပ်ခရွေးနည်း ပြီး၏။

စံအညီ- နာမ်နှစ်လီ တည်ရောလို့ ဒွိကောနှင့် စား၊ ချစ်သူသေ အကုန် သုဉ်းလိမ့်၊ မောင်ဖုန်း အရင်ကျ၊ ကြွင်း လေ ကော၊ ယောကျ်ား-မိမ္မ အဦးသေ တွက်နည်းပြီး၏။

ဝါဆို-ဝါခေါင် ထိမ်းရင်လ၊ သေကိန်းပ ရွှေ ကြင် ဖေါ်၊ ခေါင်းပါးစွာ တော်သလင်း၊ သားပုတ္တာ ခြီရံကင်း၊

ကွင်းကြနတ်တော်၊ လပြာသို ဥစ္စာယွင်းလိမ့်၊ ကွေကွင်းကြ တပေါင်း ခေါ်၊ မလျော်သည့် ခြောက်လ၊ ကြွင်းမှာသေ ထိမ်းမြားပါလေကြ၊ ရုံခြွေရေ ရွှေစပါးရယ်နှင့် ပေါများ ကုန်လုံလို့၊ မောင်မယ်စုံ အိုအောင်ပေါင်းရမယ်– ကျောင်း ကြီးအမ၊ ထိမ်းမြားရသောလရွေးနည်း ပြီး၏။

စ သား ရွှေ ကူ အင်း ဝ သူ၊ ဆံ ဖြူ တတင်း ပေး၊ အတွင်းကသစ်ရွေးနည်း ပြီး၏။

ဝေသာလီပြည်၊ အံ့ ထူး လီ၊ ကျောက်ဂီ ရွှေမြို့နန်း၊ အပြင်ကသစ်ရွေးနည်း ပြီး၏။

ကောင်း အောင်သာ၊ ဘယ် ညာ လက် နှင့် ယူ၊ ဥုပ်ရွေးနည်း ပြီး၏။

ဦး လှ ရွာ၊ ကြာ တော သား၊ စံ ပ ဒေ လေး ရွာ ကံ၊ မြတ် ဦး လူ၊ သူ ဇ မောင်၊ တောင် သာ စွ။

ဦး ဝေ စံ ကူး၊ ရေ ဘူး တော သူ၊ ရန်မူ လည်း ဆို ရန်တချက်ချက်။

အောင် ရန် ကမ်း ဖြူ ဇီးသူ လှထူး၊ သန်းဦး သခင်၊ တော ဆင် ရပ် ပြောင်း၊ မနေကောင်း၊ ထောင်းထောင်း ကြေလတံ့။ မနေကောင်းသောအရပ်ရွေးနည်း ပြီး၏။

ဥဒေါင်းညိုပြာ–လက်ျာက။ သားရွှေခဲ- လက်ဝဲက။ လက်ဝဲ-လက်ျာ မြွေကိုက်ရွေးနည်း ပြီး၏။

အောင်စံမြတ်သူ အဖိုယူ။ ကျော်လှရဲထွတ်-အမ,မှတ်။ အဖို-အမ မြွေကိုက်ရွေးနည်း ပြီး၏။

သစ်ရာ ကော၊ ကျ မ ဒွေး အုံး ဆီ နှော၊ တ ယော ဒန်တာ၊ သည်ကာလွဲသော် ကံကြမ္မာ မြွေကျမ်း မှတ်ကြပါ။

## မင်္ဂလာပြုရာ တိထိရွေးနည်း။

၁။ နန္ဒာတိထိ။ မည်သည့် လ မဆို လွှန်း တရက်၊ ၆-ရက်၊ ၁၁-ရက်၊ ၎င်းနေ့တို့၌ တနင်္ဂနွေ၊ သောကြာ ကြုံမိသော် (နန္ဒာတိထိ) မည်၏။ ထိုနေ့တို့တွင်— အိမ်ဆောက် ကျောင်းဆောက်၊ စေတီ ပုထိုး၊ ရေတွင်း-ရေကန်၊ တံခွန် မဏ္ဍာပ်၊ တံတားတို့ကိုငှ်း၊ မင်းဝယ်ခစားသော အမှုတို့ကို ၎င်း၊ ခရီးသွားသော အမှုတို့ကို၎င်း၊ ပြုအပ်သော နေ့ထူး နေ့မြတ်ဖြစ်၏။ လွှန်းနှစ်ပက္ခစလုံးရ၏။

၂။ ဘဒြာတိထိ။ လွှန်း - လွှုတ် ၂-ရက် ၇-ရက်၊ ၁၂-ရက်တို့တွင် တနင်းလာ၊ ဗုဒ္ဓဟူးကြုံလျှင် အခြား ဘဒြာ တိထိမည်။ ထိုနေ့တို့၌- မင်းခစားခြင်း၊ ကာယသိဒ္ဓိ စီရင်ခြင်း၊ အမည်မင်္ဂလာ မှည့်ခြင်း၊ ကုန်အရောင်းအဝယ်ပြုခြင်း တို့ကို ပြုရာ၏။

၃။ ဇေယျတိထိ။ လွှန်း- လွှုတ် ၃-ရက်၊ ၈-ရက်၊ ၁၃-ရက်တို့တွင် အင်္ဂါနေ့ ကြုံလျှင် ဇေတျတိထိ မည်၏။ ထိုနေ့၌- စစ်ထိုးခြင်း၊ မြို့- ရွာ တည်ခြင်း၊ ကျုံး- ခမြောင်း- တံတားပြုလုပ်ခြင်း အိမ်- ထား၊ လှံ၊ အဲမောင်း၊ ချပ်၊ မိန်ညို ကာ၊ လွှား၊ ဆင်-မြင်း တံဆာဆင်ခြင်းလုပ်ခြင်း ရန်သူရှိရာ တက်ခြင်း၊ ကင်းတို-ကင်းရှေ ထားခြင်း အောင် တာမန်စေ ခြင်း၊ မင်းမြောက်တံဆာ စီရင် လုပ်ဆောင်ခြင်း၊ လင်ပန်း ဖလား ပြုလုပ်ခြင်း၊ ဘုရား ထီးတင်ခြင်း၊ ဘိသိက် ခံခြင်း၊ တရားစီရင်ခြင်း ယတြာယာယီပြုခြင်းတို့ကို ပြုရာ၏။

၄။ ရိတ္တာတိထိ။ လွှန်း- လွှုတ် ၄-ရက် ၉-ရက် ၁၄-ရက်နေ့တို့တွင် စနေနေ့ ကြုံလျှင် ရိတ္တာတိထိ မည်၏။

ထိုနေ့တို့၌ လယ်ယာလုပ်ခြင်း၊ သစ်ပင် ခုတ်ထွင်ခြင်း၊ လှေကားလက်ကိုင်သုံး၊ ခါးပန်း တံခါးကျင်တတ်ခြင်း၊ ဆောက်ပုဆိန်၊ ဓူး တောင်း ပုခက်၊ သရိုင် လွန်းအိမ်၊ လက်ခပ်ဆေးထူးဆေ မြတ်ဖော်ခြင်း၊ ကုခြင်း၊ သူနာအား ပေးခြင်း၊ ရဟန်းခံခြင်း၊ အပူဇော်ခံခြင်း၊ ရဟန်းတို့မှာ ပရိက္ခရာတို့ကို ပြုပြင်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ သိမ်သမုတ်ခြင်း ရောင်းဝယ်ခြင်း၊ နန်းဘကင်တံခါးဖွင့်ခြင်းတို့ကို ပြုရာ၏။

၅။ ပုဏ္ဏာတိထိ လွှန်း လွှတ် ၅-ရက်၊ ၁၀-ရက် ၁၅-ရက် ကြာသာပတေးနှင့် ကြုံလျှင် ပုဏ္ဏာတိထိ မည်၏။ ထိုနေ့တွင် အတတ်သင်ခြင်း၊ မန္တာန်ရွတ်ဘတ်ခြင်း၊ မော်ကွန်းတည်ခြင်း၊ ကျောက် စာ ကမ္ပည်းစိုက်ခြင်း၊ မြေချား မှတ်ခြင်း၊ ဥယျာဉ် လယ်ယာ စိုက်ပျိုးခြင်း၊ သဘင် ခံခြင်း လှည်း ယာဉ် ရထား အသစ် စီရင်ခြင်း၊ ကျီ ကျ တိုက် တာတို့၌ စပါးသွင်းခြင်း၊ ထိမ်းမြားမင်္ဂလာပြုခြင်း၊ သား-မြေးများကို အဝတ်တံဆာပေးခြင်း၊ ဆင်ယင်ခြင်း၊ ရတနာ အမျိုးမျိုး ရောင်းဝယ်ခြင်းတို့ကို ပြုရာ၏။

## 'နတ်နေပြခြင်း' လင်္ကာ - ကျက်မှတ်ရန်။

အရှေ့....ချောင်း နား၊ နောက်ပါး....အိုင် သာ၊
မြောက်မှာ....လမ်း စ၊ တောင် ကား....ပ။

မှတ်သားရန်။ ။ တနင်းလာ နေ့ နှင့် စနေ နေ့ တွင် နတ် အရှေ့မှာ ရှိ၏။

တနင်္လာနေ့ နှင့် သောကြာနေ့တွင် နတ်အနောက်မှာ ရှိ၏။
ဗုဒ္ဓဟူးနေ့ နှင့် အင်္ဂါနေ့တွင် နတ် မြောက်မှာရှိ၏။
ကြာသပတေးနေ့ တွင် နတ် တောင်မှာရှိ၏။

ပြဆိုသည့်အတိုင်း အကြင်သူသည် နတ်ရှိရာအရပ်သို့ ရင်ဆိုင်မသွားအပ်၊ သွားခဲ့သော် အမှုကိစ္စမပြီးတတ်။ ဥစ္စာ မရတတ်။ ခိုက်ရန် ဖြစ်ပွားတတ်သည် သာ များ၏၊ ဆင်ခြင်ပါလေ ပြီး၏။

## လာဘ်နေ ပြခြင်း။

လင်္ကာ။ ။အရှေ့....ဗျည့်စင်။ အနောက်....ဆင်။
မြောက်ခွင်....သည်းအူ။ တောင်မူ....ခတက်
လာဘာ ရက်။

လာဘ်သည်၊ ကြာသပတေး၊ အင်္ဂါနေ့တွင် အရှေ့၌တည်၏၊
ဗုဒ္ဓဟူးနေ့တွင် အနောက်၌တည်၏၊
သောကြာ၊တနင်္ဂနွေနေ့တွင် မြောက်၌တည်၏၊
တနင်္လာ၊ စနေနေ့တို့တွင် တောင်၌တည်၏။
ဥစ္စာရရန်သော်၎င်း၊ စကားအတွက်၊ အကြံ အစည် အတွက် ထိုနေ့ ထိုနေရပ်နှင့်ကြိမ်သော် အောင်မြင်တတ်၏။

## ဘဝါး အချိန်။

လင်္ကာ။ ။ရဝိဒသ၊ ဂရုနာဂါ၊ စန္ဒပဉ္စ ဗျဉ္ဇံ မိဂံ၊ ဘောမ-
အဋ္ဌ၊ သီဟ ဂဇာ၊ (ဗုဒ္ဓ စတု၊ ဥဒါရီ-ဥမင်္ဂေါ)
ဂရု ဘောမ၊ ဘီလာရော မှသိကော၊ သောကြဒွါဒသ လေကော၊ သုနက္ခော၊ သူညေ နဝသဗ္ဗံ မဏ္ဍုကော ဇေယျော။

၁။ ရဝိ၊ တနင်္ဂနွေနေ့၌။ ဒသ၊ ဆယ်ဘဝါးရှိသောအခါတွင်။ နာဂါ၊ မင်းသည်။ ဂရု၊ ဂဠုန်မင်းအား။ ဇေယျော၊ အောင်မြင်သောအခါပေတည်း။

၂။ စန္ဒ၊ တနင်္လာနေ့၌။ ပဉ္စ၊ ငါးဘဝါးရှိသောအခါ

တွင်။ မိဂံ၊ သမင်သည်။ ဗျဿံ၊ ကျားကို။ ဇေယျော၊ အောင်မြင်သောအခါပေတည်း။

၃။ ဘောမ၊ အင်္ဂါနေ့၌။ အဋ္ဌ၊ ရှစ်ဘဝါး အခါတွင်။ ဂဇော၊ ဆင်သည်။ သီဟံ၊ ခြင်္သေ့ကို။ ဇေယျော၊ အောင်မြင်သောအခါပေတည်း။

၄။ ဗုဒ္ဓ၊ ဗုဒ္ဓဟူးနေ့၌။ စတု၊ လေးဘဝါး ရှိသော အခါတွင်။ ဥဒါရီ၊ စုဠငှက်မင်းကို။ ဥမင်္ဂါ၊ မဟောသဓာသည် လိုက်သွင်းသောအခါပေတည်း။

၅။ ဂုရု၊ ကြာသပတေးနေ့၌။ ဘောမ၊ သုံးဘဝါးရှိသော အခါတွင်။ မုသိကော၊ ကြွက်သည်။ ဘီလာရော၊ ကြောင်ကို၊ ဇေယျော၊ အောင်မြင်သောအခါပေတည်း။

၆။ သောကြ၊ သောကြာနေ့၌။ ဒွါဒသ၊ တဆယ့်နှစ်ဘဝါးအခါတွင်။ ဧလကော၊ ဆိတ်သည်။ သုနက္ခံ၊ ခွေးကို ဇေယျော၊ အောင်မြင်သောအခါပေတည်း။

၇။ သုဋ္ဌေ၊ စနေနေ့၌။ နဝ၊ ကိုးဘဝါး အခါသည်။ မဏ္ဍူကော၊ သားသူငယ်သည်။ သဗ္ဗံ၊ မြွေကို။ ဇေယျော၊ အောင်မြင်သောအခါပေတည်း။

ဘဝါးယူပုံမှာ၊ နေရှိရာဘက် သို့ မိမိ မျက်နှာ မူ၍ စုံ မတ်တတ်ရပ်ပြီးလျှင် မိမိဘဝါးနှင့်တိုင်းကာ- တိုင်းကာ ခေါင်းရိပ်ဆုံးရာအထိရေတွက်လျှောက်သွားရမည်။ ပထမ ဘဝါး ကို မရေတွက်အပ်၊ ပြဆိုခဲ့သော နေထွက် ခနဝင် အချိန်နှစ်ရပ်စလုံးပင်ရ၏၊ ထိုနေ့ ထိုအချိန်တွင် ကိစ္စ ကြီးငယ်၊ မှုခရီး မှုရာ အကြံအစည်ပြုသော် ကောင်းလှသော အခါပေတည်းဟု....ပညာရှိတို့ ပြဆိုကုန်၏။

## အိမ်ကို ငှင်းတနားရာ အကျိုးအပြစ်

ငှင်းတသည် အိမ်ထက်၌ အရှေ့သို့ မျက်နှာမူ၍ နားသော်၊ အိမ်ရှင်ပျက်စီးအံ့။

အရှေ့ တောင် ထောင့် သို့ မျက်နှာမူ၍ နား သော်၊ ရန်သူတို့ ဘေးသင့်အံ့။

တောင်သို့ မျက်နှာ မူသော် အိမ်ရှင် သေအံ့။

အနောက်သို့ မျက်နှာမူသော် မြတ်သော ဥစ္စာ ရအံ့။

အနောက်မြောက်သို့ မျက်နှာမူသော် ကျွန်မိမ္မ ရအံ့။

အရှေ့မြောက်သို့ မျက်နှာမူသော် မင်းပူဇော်ခံရအံ့။

အနောက်တောင်ထောင့်သို့ မျက်နှာမူသော် ဥစ္စာရအံ့

မြောက်သို့ မျက်နှာမူသော် လာဘ်ကြီး ရအံ့။

အနောက် တောင်ထောင့်သို့ မျက်နှာမူသော် သူချစ်များအံ့။

### တောင်ပို့ပေါက်ခြင်း။

တောင်ပို့သည် - အိမ်အောက်၌ ပေါက်မူ စမ္ပါန္ဝအင်းနှင့်ဦးခေါင်းဆေးလေ။ ။အိမ်ကြမ်းပျဉ်အထိ အောက်က ပေါက် သော် နဝဒွါအင်း နှင့် ဦးခေါင်း ဆေးလေ။ ။ကြမ်းပြင်ကရှိသော် ကပ္ပတိကအင်းနှင့် ဦးခေါင်းဆေးလေ။ ရေအိမ်အောက်က ရှိသော် ပထဝီဇယျ မန္တန်နှင့် ဦးခေါင်းဆေးလေ။ ခေါင်းဆေးမင်္ဂလာပြုလေ။ သို့ရာတွင် ဦးခေါင်းဆေးသော်လည်း အိမ်ကို စွန့်ပစ်၍ အခြားသို့ ရွှေ့ပြောင်းနေရမည်၊ သေကြေ ပျက်စီး အံ့ သော နိမိတ်များ ဝည်း။ အိမ်ရှေ့၌ တောင်ပို့ရောက်သော် ရန် ခပ်သိမ်း ကင်းအံ့။ ရွှေငွေ-ရတနာကြွယ်ဝချမ်းသာအံ့။ ။အရှေ့တောင်ထောင့်က

ပေါက်ရောက်မှု ဖျားနာအံ့။ ။ တောင်က ပေါက်ရောက်မှု-ချမ်းသာ ကြွယ်ဝအံ့။ (မယားသေတတ်အံ့လည်းဟူ၏)။ ။ အနောက် တောင် ထောင့်က ပေါက်ရောက်မှု မနေသင့်-မနေကောင်း၊ ဥစ္စာ- ပစ္စည်း ပျက်စီး ပြုန်းတီးတတ် ၏။ ။ အနောက်ကပေါက်ရောက်မှု သား,မြေး,ကျေး ကျွန် နာအံ့။ အနောက်မြောက်ထောင့်က ပေါက်မှု ဥစ္စာ တိုးတက်အံ့။ ။ မြောက်ကပေါက်မှု စပါးများအံ့။ ။ အရှေ့မြောက်ထောင့်က ပေါက်ရောက်မှု လူပူဇော် ခံရအံ့။ ။

## အိမ်သို့ မြွေတက် - မြွေဝင်ရာ ပြခြင်း။

မြွေတိရစ္ဆာန်သည် အိမ်ရှင်ကောင်းစားလို၍ အိမ်သို့ တက်လာရာ အိမ်စဉ်လည်၍ တက်လာသည်ဖြစ်စေ၊ သို့-မဟုတ်- အိမ်ရှင်၏ ဥသျှောင်တွင် လှည့်ပတ်၍ နေသည် ဖြစ်စေ၊ ထိုအိမ်ရှင် သည် မကြာမီ သူဌေး သူကြွယ်ကြီး ဖြစ်မည် နိမိတ်တည်း။

အိမ်သို့ တက်၍ အိမ်တွင်း၌ ပုန်းအောင်းနေမှု အိမ်ရှင် ဘေးသင့်အံ့။ ငန်းတော်ကျား အိမ်တွင်း ဝင်၍ ပုန်းအောင်းနေမှု အိမ်ရှင်ဖျားနာအံ့။ လင်းမြွေနေမှု ဥစ္စာပစ္စည်း ပြုန်းတည်းအံ့။ စပါးကြီးမြွေ အိမ်ပေါ် မတက်နှင့်ဦး အိမ်အောက်နေရုံမျှနှင့် အိမ်ရှင် ဆင်းရဲ ဒုက္ခ ကြီးစွာရောက်အံ့။

နံက် နေထွက်ပြူစ တက်သော မြွေကား- သူကြွယ်တည်း၊ မြွေကို သတ်လိုက်မှု အိမ်ရှင် ဥစ္စာ ပျက်စီးအံ့။ ။ သန်းခေါင်ယံ တက်သော မြွေကား- ဆွေ မျိုး တည်း။ ။ သန်းလွဲ တက်သောမြွေကား- သူဌေးတည်း။ လာတ်ကြီး

ရအံ့။ ။မိုယ်းသောက်တက်သော မြွေကား- အမျိုးအညွန့်ပွားစည်အံ့။ (မီးလောင်အံ့လည်းဟူ၏)။ မျက်နှာသစ်စဉ်တက်သောမြွေကား- သူကြွယ်တည်း။

## အရပ်ရပ် မှတ်သားဘွယ်။

မလွှားအပ်သည့် သုံးပါး။ ။ အိမ်၌ တံခွန်ကို မလွှား အပ်။ ပုဆိုးကိုအလံပြု၍ မလွှားအပ်။ အိမ်ရှေ့ထယံကို မလွှား မကျော်အပ်။ ။

မဆောင်းအပ်သည့် သုံးပါ။ ။ ပန်းစီး ကို မဆောင်း အပ်။ ထီးဖြူကို မဆောင်းအပ်။ အိမ်၌ ခမောက်မဆောင်းအပ်။

မပေါက်အပ်သည့် သုံးပါ။ ။ အိမ်တိုင်၌ အညွန့် မပေါက်စေအပ်။ အိမ်၌ တောင်ငှို့မပေါက်စေအပ်။ လက်ကသုံးတိုင် အညွန့်မပေါက်စေအပ်။

မခမ်းစေအပ်သည့် သုံးပါ။ ။ ခြေဆေးအိုးကို ရေမခမ်းစေအပ်။ သောက်ရေအိုးကို ရေမခမ်းစေအပ်။ မဟာဂီရိနတ်အိုးကို ရေမခမ်းစေအပ်။

မပြည့်စေအပ်သည့် သုံးပါး။ ။ စားသောက် သော စားပွဲကို ခေါက်ခေါက် လောင်လောင် မပြည့်စေအပ်။ စား ခွက် ပန်း ကန် ချင်း ခိုက်၍ မပြည့် စေ အပ်။ သောက် ရေ အိုး ရေ တကောင်း ထားရာတွင် မပြည့်စေအပ်။ ကြမ်းပျဉ်နှင့် အတင်တင်ရှိ၍ တခုခုမပြည့်စေအပ်။ ။

မလှမ်းအပ်သည့် သုံးပါး။ ။ အိမ်ရှေ့ထယ်ပေါ်တွင် အုံးမွေ့ရာ မလှမ်းအပ်။ အိမ်၌ မိမ္မ အဝတ်ရေလဲ မလှမ်းအပ်။ ခေါင်းလျှော်ပြီးသော ဆံပင်ကို နေပူတွင် မလှမ်းအပ်။

မဆေးအပ်သည့် သုံးပါး။ ။သူတထူးကစားသောက်ဘွယ် လာပို့သော လင်ပန်း-ပန်းကန်- ခွက် တို့ကို မဆေးအပ်။ ကိုယ်ဝန်ရှိသော မိမ္မကို ကျွေးသောခွက်ကို မဆေးအပ်။ သောက်သောရေအိုး၌ ခြေမဆေးအပ်။

မေထုံ မမှီဝဲအပ်သော နေ့သုံးပါး။ ။ သီးတင်းနေ့၊ အခါကြီးနေ့၊ မိမိမွေးသောနေ့။ ။

မဖြိုအပ်သည့် သုံးပါး။ ။ တောင်ပို့ ကို မဖြိုအပ်။ အိမ်၌ စွဲသောပျားကို မဖြိုအပ်။ ဘုရား- ပုထိုးစေတီကို မဖြိုအပ်။ ။

မနမ်းအပ်သည့် သုံးပါး။ ။မြတ်စွာဘုရားအား ကပ်သောပန်းကို မနမ်းအပ်။ မိမ္မ ပန်သောပန်းကို မနမ်းအပ်။ သားဦး—သမီးဦးကိုရုပ်တရက် မနမ်းအပ်။ ။

မစိမ်းအပ်သည့် သုံးပါး။ ။ အမျိုး ခြင်း ကို မစိမ်းအပ်။ အရှင်သူကြီးကို မစိမ်းအပ်။ ဒိုးစိမ် ဥစ္စာရှိသောသူကို မစိမ်းအပ်။ ။

မသောက်အပ်သည့် သုံးပါး။ ။ လုပ် မဆေးဘဲ ရေကို မသောက်အပ်။ အဦးကို မသွန်ဘဲ ရေကို မသောက်အပ်။ ထမင်းချက်မည်- ဟူ၍ ထည့်သောရေကို မသောက်အပ်။ ။

မထိလေးစား မပြုအပ်သည့်သုံးပါး။ ။ အရှင်သူမြတ်ကြီး မိဘ ဆရာတို့ကို မထိလေးစား မပြုအပ်။ အမှု ငယ်သည်-ဟူ၍ မထိလေးစားမပြုအပ်။ မီး-ရေ-မြွေ တို့ကို မထိလေးစား မပြုအပ်။ ။

ပြုမိက ကျော်ဇော ကင်းခြင်း၊ စည်းစိမ် ရွေ့ပျော ခြင်း၊ အခြံ အရံမဲ့ခြင်း၊ အနာ ရောဂါများခြင်း ဖြစ်သဖြင့် သတိပြု ရှောင်ကြဉ်ရာသည်။

## လက်သည်း ပွင့်ခြင်းကို မှတ်ရန်။

လက်သန်း လက်သည်းပွင့်မူ ကျွန်ရအံ့၊ ခင်ပွန်း နှင့် မျက်လိုရအံ့လည်းဟူ။ ။ လက်မ-လက်ညှိုးပွင့်မူ မယားနှင့် ကွေကွင်းရအံ့၊ အမျိုးပျက်အံ့။ ။ လက်လယ်ပွင့်မူ သူပုဇော် ခံရအံ့၊ (အိမ်ထောင်ဘက် ရအံ့ဟူ)။ လက်သကြွယ် ပွင့်မူ မင်းပူဇော်ခံရအံ့၊ ပြုသမျှ အပြီးအစီးတိုင်အံ့။ ။

တနည်းမှတ်ရန်၊ ။ လက်ညှိုးပွင့်မူ ဆရာနှင့်မျက်လို ကြအံ့။ ။ လက်လယ် ပွင့်မူ ဆရာ မိဘ အရှင် သူကြီး တို့ ဘာတ်ပေးအံ့၊ ။ လက်မ ပွင့်မူ ခပ်သိမ်းသော အမှု တို့ကို ဆောင်တိုင်း ပြီးအံ့။ ။ လက်သန်းပွင့်မူ အိမ် ထောင် ရအံ့၊ ကျွန်းမိမ္မ ကျွန်ယောကျ်ား၊ ကျွဲ—နွား—ဆင်—မြင်း—ရွှေ ငွေ ရတနာ ရအံ့။ ။

## ပန္နက်စိုက်ရန် ရွေးနည်း။

တနင်္ဂနွေသား အိမ်ဆောက်လိုမူ ကြာသပတေး နှင့် သောကြာသား တို့ကို ကြိုးကိုင် စေလျက် စနေသားမှာမူ ပန္နက်စိုက်ချရမည်။ ဤသို့ပြုမူ ထိုအိမ်ရှင်မှာ စည်းစိမ်ဥစ္စာ

ပွားများလျက် အသက်ရာကျော် ရှည်တတ်ကြောင်း ပေတည်း။ ။

ဤနည်းအတူ - တနင်းလာသား အိမ်ဆောက်လိုသော် သောကြာ နှစ်ယောက် ကြိုးကိုင်စေလျက် တနင်္ဂနွေသား ပန္နက်စိုက်ချစေရမည်။ ။

အင်္ဂါသား အိမ်ဆောက်လိုမူ စနေနှစ်ယောက် ကြိုးကိုင်စေလျက် တနင်းလာသား ပန္နက်စိုက်ချစေရမည်။ ။

ဗုဒ္ဓဟူးသား အိမ်ဆောက်မူ တနင်္ဂနွေနှင့်တနင်းလာသား ကြိုးကိုင်စေလျက် အင်္ဂါသား ပန္နက်ချစေ၊ ။

ကြာသပတေးသား အိမ်ဆောက်မူ တနင်းလာ နှင့် အင်္ဂါသား ကြိုးကိုင်စေလျက် ဗုဒ္ဓဟူးသား ပန္နက်ချစေ။ ။

သောကြာသား အိမ်ဆောက်မူ တနင်္ဂနွေနှင့်ဗုဒ္ဓဟူးသား ကြိုးကိုင်စေလျက် ကြာသပတေး ပန္နက်ချစေ။ ။

စနေသား အိမ်ဆောက်မူ ကြာသပတေးသား နှင့် ဗုဒ္ဓဟူးသား ကြိုးကို ကိုင်စေလျက် သောကြာသား ပန္နက်ချစေရမည်။

ဤ ညွှန်ပြဆိုသည့်အတိုင်း ပြုခဲ့မူ ချမ်းသာခြင်း နှင့် ပြည့်စုံသည် ဟု ရှေးပညာရှိများ ရွေးချယ် စီစစ် ခဲ့သော နည်းအရပင်တည်း။ ။

## အိမ်သစ်တက်ခြင်း အစီအစဉ်။

အိမ်ကို မည်သည့်သစ်ကြမ်း သစ်ဆိုးများပါရှိတတ်သည်ကို မသိရသဖြင့်ရင်း၊ အိမ်စောင့်နတ် တည်းဟူသော အိမ်၏ ကြက်သရေဇိမာန်ကို စောင့်ရှောက်သော နတ်တို့အားရင်း။ ဝမ်းမြောက် ရွှင်လန်း ကြမ်းတမ်းသော သစ်မျိုး

တို့ကို ပယ်ဖျက် ပပျောက်စေရန်မှာ သံဃာတော်များ ဆွမ်းကျွေးခြင်း၊ ပရိတ်တော်ရွတ်ခြင်း- နာခြင်း၊ မေတ္တာပွားများ ဝေခြင်း ပြုပြီးသော်၊ အိမ်စောင့် နတ်မင်းအား ကန်တော့ပွဲနှင့် ပူဇော် ပ,သ ပြီးလျှင် အိမ်ပတ်လည် ဝန်းကြင် တွင် ဆိပ်ဖူး၊ လင်းနေ ကြောင်ပန်း၊ မုန်ညှင်း၊ ကြက်သွန် ဖြူ-နီ၊ ဆေးဒန်း ကန့်- ဂမုန်း အစုစု တို့ကို အရင်း အမျက်က စ၍ နှမ်းဆီ ရေမွှေးတို့ဖြင့်ရောနှောကာ သုတ်လိမ်း ပူဇော်ရာ၏။

ဥဒေါင်းညိုပြာ—လက်ျာက။ သား ရွှေ ခဲ—လက်ဝဲက။ လက်ဝဲ—လက်ျာ မြွေကိုက်ရွေးနည်း ပြီး၏။

အောင်စံမြတ်သူ—အဖိုယူ။ ကျော်လှ ရဲ ထွတ်—အမ မှတ်။ အဖို- အမ မြွေကိုက်ရွေးနည်းပြီး၏။

သစ်ရာ-ငေက။ ကျားမ- ဒွေး။ အုံးဆီ နှော- တယောဒန်တာ၊ သည်က လွဲသော် ကံကြမ္မာ မြွေကျမ်း မှတ်ကြပါ။ မြွေကိုက် အစွယ်ရာရွေးနည်း ပြီး၏။

အတိတ်တရာ—ဖမိုးခုာ။ စန္ဒာ—ဒုးပဆစ်။ အင်္ဂါ-ခါးဆစ်ရ။ ဗုဒ္ဓ- မျက်ခိနေ။ ဇီဝိန်—ဝမ်းရင်းရ။ သောကြာ-ငယ်ထိပ်ဆိ။ သောရီ—မျက်ခွင် နေ။ ဆိပ်နေ မှတ်သား ဆေး အမား။ မြွေကိုက် ဆိပ်နေရွေးနည်း ပြီး၏။

# ဆုံးမစာ ။

၁။ တပည့်ကျောင်းသား၊ သူငယ်များ၊ မှတ်သားသိစိမ့်ငှါ
၂။ ခလေးသူငယ်၊ လူမမယ်၊ ချိန်ရွယ်ရောက်သောခါ။
၃။ ဆရာထံပါး၊ အပ်လာငြား၊ အလကားမဟုတ်ပါ။
၄။ အတတ်ပညာ၊ သင်ဘို့ရာ၊ အမှန်အပ်ထားရှာ။
၅။ အပြစ်ကင်းငြား၊ ပညာများ၊ ကြိုးစား သင်အပ်စွာ။
၆။ လူ့လောကတတ်၊ ပြောစမှတ်၊ အတတ်ပညာသာ။
၇။ ကျောင်းမှာမနေသေး၊ ထွက်၍ပြေး၊ တတ်ရေးအပုံကွာ
၈။ ကိစ္စဌာန၊ ရှိပြန်က၊ ခွင့်ပန်သွားကြပါ။
၉။ အခွင့်မပန်၊ သွားသည်ပြန်၊ ဒေါ်ကျောကိုသာ။
၁၀။ စာပေမအံ၊ လည်နေပြန်၊ ဒေါ်ရိုက်မည်ပ။
၁၁။ လက်ရေး ရေးချိန်၊ ကျခရောက်ချိန်၊ ငြိမ်ငြိမ် ရေးကြပါ
၁၂။ ဆော့လျှက် နှံ့လျှက် တချက်ချက်၊ သက်သက်မလုပ်ရာ
၁၃။ တယောက်ကစ တယောက်ကပြန်၍ မလုပ်ရာ။
၁၄။ ကိုယ့်ထက်ငယ်သူ၊ စလာမူ၊ ကြီးသူဆင်ခြင်ပါ။
၁၅။ ဆင်ခြင်ကြီးသူ၊ နေပါမူ၊ ငယ်သူ မိုက်သည်သာ။
၁၆။ တခါတခံ၊ ရန် ဖြစ်ပြန်၊ မြန်မြန်ပြေငြိမ်းပါ။
၁၇၊ ကျောင်းကအိမ်ပြန်၊ အချိန်တန်၊ မြန်မြန် ရောက်အောင်လာ။
၁၈။ ကျောင်းတွင်ညွှေသည်၊ ရှိခဲ့လျှင်၊ ငြိမ်ငြိမ်နေကြပါ။
၁၉။ ဟိုရပ်သည်ရွာ သွားသောခါ၊ ကောင်းစွာနေကြပါ။
၂၀။ ဘယ်ကျောင်းမဆို၊ ဆရာကို၊ ပြောဆိုသိကြပါ။

ပြီး၏ ။

## လွှန်း မြေခံ ရွေးနည်း။

မြေခံနှစ်ပါး၊ ယုတ် မြတ် များ၊ မှတ်သား မျိုးလေးဖြာ။
၁။ လွှန်း တရက်၊ နတ်ခံလျက်၊ ကြေညက် ပြုံးတီးရာ။
၂။ ကညာသွီး နှစ်ရက်စီး၊ ပြီး၏ ဆောင်နိုင်ရာ။
၃။ သုံးရက်မှာနွား၊ ခံလာငြား၊ လာတ်ကားကြီးလှစွာ။
၄။ လေးရက် နဂါး၊ ကြုံလာငြား၊ မမှားပျက်စီးရာ။
၅။ ငါးရက်ဂဠုံ မြေခံကြုံ၊ အပုံကောင်းလှစွာ။
၆။ ခြောက်ရက်မှာဆင်၊ သေဘေးမြင် ရင်ရင်မလွဲသာ၊
၇။ သိန္ဓောမြင်းလှ၊ သတ်ကိုချ၊ ကိစ္စ ပြီးစီးရာ။
၈။ ဒွန်းစံနာခံ၊ ချစ်ရက်မှန်၊ ပူပန်ဆင်းရဲစွာ။
၉။ ကိုးရက်မှာသေ၊ ဘီလူးပေ၊ ရှောင်လေ ဝေးလှစွာ။
၁၀။ ဆယ်ရက်မှာသော်၊ မင်းပူဇော် မိုယ်းပေါ်ခံဗြဟ္မာ။
၁၁။ ဆယ့်တရက်ဘား၊ ချမ်းသာများ၊ သကြားခံလေရာ။
၁၂။ ဆယ့်နှစ်ရက်လျှင်၊ ပျက်စီးမြင် ခံခြင်း ခွေးယုတ်မာ။
၁၃။ ဗြဟ္မာခံလေး၊ ချမ်းသာပေး ထွက်ရေးဆယ့်သုံးမှာ။
၁၄။ ဆယ့်လေးရက်ဂဠုံ ငှက်နှင့်ကြုံ၊ ဆောင်တုံပြီးစီးရာ။
၁၅။ ဆယ့်ငါးရက်ကား ခံသာငြား၊ သကြားခံလေရာ။

၂–၃–၅–၇။ ၁၀- ပင်၊ တင်းလျင်–၁၁။
၁၃–၁၄- မရှုတ်ထွေး။ ထွက်ရေး ၁၅-ဖြင့်၊
ပြီး ၏။

## လွှတ် မြေခံ။

၁။ တရက်ကျော်ပြီး၊ ရှုမငြိုး သွီးလှကညာ။
နှစ်ရက်မှာကား၊ ဗျဂ္ဃံကျား၊ ကြီးမားဆင်းရဲစွာ။
သုံးရက်နတ်ခံ ဘေးတွေ့မှန်၊ သေအံ့မလွဲသာ။

လေးရက်မှာနွား ခံလာငြား၊ လာတ်ကာၤ ကြီးလှစွာ။
ငါးရက်မှာဆင်၊ သောဘေးမြင်၊ ရင်ရင်မလွဲသာ။
ခြောက်ရက်ဂဠုန်၊ မြေခံကြို၊ ဆောင်တုံပြီးစီးရာ။
ခုနစ်ရက်ကာၤ၊ ဒွန်းစလွှာ မမှားပျက်စီးရာ။
သိန္ဓောမြင်းလှ၊ အပ်ကိုချ၊ ကိစ္စပြီးစီးရာ။
မင်းလျှင်ပူဇော် ကိုးရက်ကျော်၊ ပြည်နပေါ်ထက်ဗြဟ္မာ။
ဘီလူးမြေခံ၊ ဆယ်ရက်မှန်၊ သေအံ့မလွဲသာ။
ဆယ့်တရက်တုံ၊ နဂါးကြို၊ အပုံဆင်းရဲစွာ။
ဆယ့်နှစ်ရက်က ခံလာငြား၊ သိကြွားခံလေရာ။
တဆယ့်သုံးရက်၊ ခံ၍ဝက်၊ ကြေညက်ပြုံးတီးရာ။
ဗြဟ္မာဆယ့်လေး၊ ခံလေသေး၊ မနေးလာတ်ကြီးစွာ။
ဆယ့်ငါးရက်မှာ ဆင်ခံလာ၊ ကြီးမား ချမ်းသာရာ။

၁-၄-၆-၇-၉-၁၂။ ဆုတ်လေ ၁၄ ဖြစ်။ တဆယ်နှင့် ငါး-ရက်မှတ်မှတ်သား၊ ဆန်းဆုတ် မြေခံများ၊ ကောင်းသည်ကိုကာၤ စတ်၍ထား မှတ်ကြ လူအများ။

သွတ်မြေခံ ပြီး၏။

**အိမ်ဆောက်လ ရွေးနည်း။**

လ တံခူးမှာ၊ အိမ်ဆောက်ခါ ချမ်းသာပြည့်ဝကြ။
ကဆုံလကာၤ၊ ဆန်စပါး၊ ပေါများကြွယ်တတ်လှ။
ဝါခေါင်လမှာ၊ အိမ်ဆောက်ခါ၊ ဥစ္စာပွားတိုးရ။
နတ်တော်လ တွင်၊ အိမ်ဆောက်လျှင်၊ ပေါ်ထင် ကျော်စောစွ။
ပြာသိုလမှာ၊ လူတကာ များစွာချီးမွမ်းရ။

တပေါင်းလဝယ်၊ ချမ်းသာ ကြွယ် ဆောက် ဘွယ် ဤ ခြောက်လ။

တနည်း အိမ်ဆောက်လရွေးနည်း။ ။ကဆို—ဝါဆို- ပြာသို တပေါင်း၊ လေးလကောင်း၊ အိမ်-ကျောင်း ဆောက် ကုန့်ကြ။ ကြွင်း၃ချစ်လတွင်ဆောက်ခဲ့လျှင် မရှင်စိတ်သောက။

တနည်း အိမ်ဆောက်လရွေးနည်း။ ။တံခူး- ဝါဆို- တန်ဆောင်ကို၊ ပြာသို တပေါင်း အိမ် နှင့် ကျောင်း ဆောက် ကောင်း မှတ်လေကြ။ ကြွင်း ခုနစ်လမှာ၊ အိမ်ဆောက်ခါ၊ ဗျာပါများတတ်လှ။

အိမ်ဆောက်လိုလျှင်-အသက်ကိုတည်၊ ဂ-ခုနှင့်စား၊ ၁ ခု ကြွင်းလျှင် သူဌေး။ ၂-ခု သူကြွယ်။ ၃-ခု တန်းလန်း။ ၄ ခု ရွှေ လှေခါး။ ၅-ခု ရွှေ ပြဿဒ်။ ၆—ခု သိဒ္ဓိ။ ၇-ခု မီးဘေး။ ဝ-ခု အမှုတွေ့။ ။

ဆန်းတရက်က စတွက်၍ ရေပါလေ၊ မေးလာသည့် ရက်အထိ ရက်ပေါင်းတည်ကာထား စားပါ(န၀)

(ဇေ-၁) (ပဥ္စာ-၅) (သုည-၀) ကြွင်းရင်လ၊ နှ- ချက်ချင်း ဟိုခရီးမှာ၊ ရောက်တော့မည်သာ၊ ပျောက် ဥစ္စာ နက်ဖြန်ခါ မုချ ရတော့မည်၊ သည်တွက်ကိန်း ကြိမ်းသေ က ကြ။

(ဒွေး-၂) (သတ္တာ-၇) (တြိန္န—၃) နှင့်၊ ကိန်း အကြ ယွင်းမသွေ၊ တရက်ကျော် ထိုစကား ကြားအံ့ ဟော လေ။

(အဌ-ဂ)(ဆ-၆)(ခတ-၄) ကြည့်ရှု၍မိန့်တော်မှု မရောက်ချေ၊ အနေကောင်းလှချေ ငယ်ပေါင်းကြင်ဖော်ကျော့ သင်းမေ့လို့နေ။

၁။ အို ကြင် ရာ .... ဥဒကော။ ၅။ ပျော် ရာ ရှိ .... ပပ္ပတေ
၂။ ကြာ ကံ သူ .... ဝနေ။ ၆။ သိ ၏ မောင်....မဂ္ဂေ
၃။ စိတ် တူ ၏ .... ကူခပ။ ၇။ တိုး ဆောင် ပ....အသန္တေ
၄။ လှ ဒီ သာ .... ဂါမေ။

သစ်ရွက်ဟော။ ။အရင်းပြတ်က....မရေကာ။ အဖျား ပြတ်က....ပျောက်ဥစ္စာ။ ။ အပေါက် ပါက .... ခိုက်ရန်ပွား ဘေးများလှပါ။ ။ရွက်လှမှာ....မြတ်ရာ ကျော်ဇော။ဥဒကေ ရေယဉ်ကျော.... ကောင်းတဲ့ဖက်ဟော။ မှန်လှ၏။

* * *

(နား လေထွက်ပျောက် လက်တွေ့)

ဇောင်ကြမ်းမြစ်ကို ကျောက်နုနုတွင်သွေး၍ နှမ်းဆီ စစ်စစ် တငက်၊ သို့မဟုတ် တပေါက်နှင့် သမအောင် မွှေ၍ နွေးနွေးဖြစ်အောင် မီးဖိုပေါ် တင်ပြီးလျှင် ၄က်ခါးတောင် နှင့် လေထွက်ခနေသောနားကို ကြပ်၍ပေးပါလေ။ လက်တွေ့ ဆေးကျော်။

(လေနိုင်ဆေးတော်ကြီး လက်တွေ့)

| | | | |
|---|---|---|---|
| ၁။ | ပျားရည်စစ်စစ် | ၁၀ - သား | |
| ၂။ | ထောပတ်ကောင်းကောင်း | ၁၀ - | |
| ၃။ | သကြား နုနု | ၁၀ - | |
| ၄။ | ဇီးသီးအမှုန့် | ၅ - | |
| ၅။ | ထုံးကြက်တက်ရေ | ၂၅ - | ရင်းဆေးကို |

သင့်တင့်အောင် အိုးကောင်းကောင်း နှင့် ကြိုပြီးလျှင် ညှ အိပ်ရာဝင် စားပါလေ။

မင်းကိုကာ....၁၀ - သား၊ ထန်းလျက်....၁၀- သား မန်ကျည်းမှည့်....၁၀ သား၊ စမုတ်မျိုးငါးပါး ၂၀- သား ဆား....၁- သား ၎င်းဆေးကို သမအောင် ဖော်၍ ညတိုင်း အိပ်ရာဝင် စားပါလေ၊ ဒူလာ-မီးယပ် စွယ်စုံကောင်း၊ လိပ် ခေါင်းထွက် ကောင်းလှ၏။ လက်တွေ့ဆေးကျော်။

## ယားနာပျောက်ဆေး လက်တွေ့

(ခွေးရှားရွက်ကို ပြာချ၍ အုံးဆီနှင့် လိမ်းပါလေ။)

## သိန်းထီပေါက်- မပေါက်- တွက်နည်း။

မိမိသက္ကရာဇ်ကိုတည်၊ ရောက်ဆဲ ကောဇာ သက္ကရာဇ် ကိုတည်၊ မိမိအသက်ကိုတည်၊ မိမိမွေးနာမ်ဂြိုဟ်၏အသက် ကိုတည်၊ အားသုံး ပေါင်းပြီးလျှင်၊ ၎င်းတည်ကိန်းကို—

၇ - နှင့်စား (၁) ကြွင်းစေရမည် (အောင်)
၈ - နှင့်စား (၅) ကြွင်းစေရမည် ( ဘဲ )
၉ - နှင့်စား (၄) ကြွင်းစေရမည် ( လေ )

အထက်ပါ တည်ကိန်းလေးခု ပေါင်းလိုက်လျှင် (၂၆၀၅)ရမှ ပြဲဆိုခဲ့သော အကြွင်းသုံးမျိုး ကြွင်းလိမ့်မည် စားကိန်းမှာ- ဖော်ပြသည့် ၇-၈-၉ ဖြစ်ပါသည်၊

ထို့ကြောင့်၊ ဗျည်းသုည ဆ-ခွေး ပေါ်လျှင် သူဌေးမော် ဖြစ်လိမ့်မည်ဟော— ဟူသော တေးထပ်ကို ရေးစပ်ခြင်း ဖြစ်လေသည်။

## ဂြိုဟ်သက် ရွေးနည်း။

တနင်္ဂနွေ—ဂဠုန်၊ အရှေ့မြောက်ကြို၊ နေတုံ ၆-နှစ်မျှ။
တနင်းလာ—ကျား၊ ၁၅-၊ နေငြား အရှေ့ရပ်က
အင်္ဂါ—ခြင်္သေ့၊ အရှေ့တောင်ကွေ့၊ မရွေ့ ၈-နှစ်မျှ။
ဗုဒ္ဓဟူးဆင်၊ တောင်ရပ်ခွင်၊ နေ့ခြင် သတ်တြသ။
အနောက်တောင်စနေ၊ နဂါးမြွေ၊ ရေလေ ၁၀-နှစ်မျှ။
ကြာသပတေးကြွက်၊ ၁၉-ဘက်၊ နေလျှက်ပစ္ဆိမာ၊
ရာဟု ဟိုင်းဆို၊ အနောက်မြောက်ကို၊ ရေလို့ဒွါဒသ၊
သောကြာ-ပူး၊ မြောက်စူးစူး၊ အထူး-၂၀၊ စွန်းဝယ်တနှစ်မျှ

ဂြိုဟ်သက်ကိုပင် ပေါင်းလိုက်သျှင်၊ ခေါ်ငင် တရာ့ရှစ်။
ခရီးသွားလို၊ ထိုရပ်ဂြိုဟ်နှင့်၊ သက်ကိုတည်ထား ရှစ်ခုစား

တခုကြွင်းသော်၊ မင်းပူဇော်ခံရ။ ဒွေး မူ—ဆင်းရဲ။ အောင်ပွဲ တြံ။ ငြင်းကိန်း-စတု။ ငါးခု—လာတ်ရ။ ဆကား ဖျားနာ။ သတ်ကား--ခိုးသူ။ သုံးမူ တဖန်- အိမ်မပြန်သည်၊ မောင်တို့ ငယ်က၊ မှတ်ထားကြ။

ခရီးသွား တွက်နည်း ပြီး၏။

**လော ကီ လမ်း မှန် - နည်း နာ ကျ ကျ၊**

**အခန်း (၁) ပြီး၏။**



## အခန်း (၂)

### ဒုတိယ- ဝိပဿနာပညာ နည်းမှန် လမ်းမှန်။

ဒုတိယ ဝိပဿနာပညာ နည်းမှန် လမ်းမှန် ဆိုသည့် အတိုင်း၊ ဤစာအုပ်အစ ဝိပဿနာဉာဏ် သမ္မာဒိဋ္ဌိ ရဘို့က တော့၊ လောကသ္မိံ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော။ မနုဿတ္တ ဘာဝေါ ဒုလ္လဘော။ ပဋိရူပဒေသဝါသော ဒုလ္လဘော၊ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘာ။ သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံအရ သေသေချာချာ ဆန်းစစ်သော်–(၁) လောကမှာ ဘုရားပွင့်တာနှင့်လဲ ကြုံပါဦးမှ။ (၂) လူ့ဘဝ ရတာနှင့်လဲ ကြုံပါဦးမှ။ (၃) သဒ္ဓါ တရားကလဲ ရှိပါဦး မှ။ (၄) ဟောပြောတဲ့ ပုဂ္ဂိုလ်ကလဲ သဒ္ဓမ္မ ဆိုတဲ့တရား၊ ကလာပ်တရာ၊ ဓါတ်တရား၊ ပရမတ် တရားကို ဟော၍နေတာနှင့်လဲ ကြုံပါဦးမှ သဒ္ဓမ္မဿဝနံကို ရနိုင်ပါသည်၊ ယူနိုင်ပါမည်။ ခေတ္တနားသည့် ဩသည် ခရီးသွားဆိုသည့်အတိုင်း တွေ့ပါ၊ ကြုံပါ၊ မေးပါ၊ ကိုယ့် ကို ကိုယ်တွေးတော့ အင်မတန် ခဲယဉ်းတဲ့ ဒုလ္လဘ တရား

ပါးပါးကြီး နှင့် တွေ့နေရပြီ မဟုတ်ပါလား၊ ဒို့ရှင်တော်မြတ်ဘုရားကြီးက ဘယ်လိုဟောခဲ့ပါသလဲ၊ သဒ္ဓမ္မသာဝနံ အတိဒုလ္လဘံလို့ ဟောခဲ့ပါသည်၊ (တွေး-ကြံ) သဒ္ဓမ္မသာဝနံ အရိယာတို့၏ တရားကို ကြားနာရခြင်းသည်၊ အတိဒုလ္လဘံ အလွန့်အလွန် ခဲယဉ်းလှပေ၏။

အရိယာဘဝသို့ ရောက်အောင် ပို့ဆောင်တတ်သော တရား၊ အရိယာဖြစ်အောင် ပြုပေးသော တရားများကား၊ အလွန်အမင်း ကြားနာရဘို့ရန် ခဲယဉ်းလှပါပေ၏။

အရိယာဖြစ်အောင် တရား ရှာကြမည်လား၊ တရား ရှာတော့ အဝိဇ္ဇာနှင့် ဝိဇ္ဇာကွဲမှ ဖြစ်မည် (ဝေဉ်းစား တွေး) အဝိဇ္ဇာက မောဟ မိစ္ဆာဉာဏ် မသိမှု။ ဝိဇ္ဇာက-အမောဟ သမ္မာဉာဏ်-သိမှု ရှင်းရှင်းကလေး မှတ်သားထားကြပါဦး။

ခွဲကြစို့လား၊ မိဘ ဆရာသမားများက ဆုံးမကြ၏၊ ကိုယ်ပြုတဲ့အကုသိုလ်ကံကိုယ်ဘဲခံရ၊ ကိုယ်ပြုတဲ့ ကုသိုလ်ကံ ကိုယ်ဘဲခံရမည် လို့ ဆုံးမတော့ ကြောက်လန့်ပြီး အပုညာ ဘိသင်္ခါရတွေ မလုပ်တော့ဘူး၊ ပုညာဘိ သင်္ခါရကြတော့ ဝမ်းမြောက်ဝမ်းသာ စေတနာနှင့် ကုသိုလ် ပြုလုပ်ခဲ့ကြ၏။ အဝိဇ္ဇာကုသိုလ် သင်္ခါရ နှင့် အတိတ် ဘဝက လာခဲ့ကြ၏။

ရလာတော့— ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ- ဆိုပြီး ဤ ၈—မျိုး ယခုပစ္စုပ္ပန်ဘဝရလာတယ် (တွေး)အဝိဇ္ဇာ တဏှာဝသေန ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ ပါဠိတော်အရ၊အဝိဇ္ဇာ သင်္ခါရ နှင့်လာခဲ့၏။ ယခုမည်သူနှင့်နေ(တွေးပါ) တဏှာနှင့်နေကြ ၏၊ တဏှာဆိုတာ ခင်တာမင်တာ လင်- မယား၊ သားသမီး ပစ္စည်းဥစ္စာကိုခင်နေတာ တဏှာခေါ်ပါသည်။

ဒီ-တဏှာကြောင့် ဥပါဒါန် ကံတွေပြု၊ ပြုတော့ ဒီ-သား,ဒီမယားတွေနှင့် ဒီဘဝလဲ အတူတူ၊ နောက်ဘဝလဲ အတူတူ ဟု ဆုတောင်း၊ တောင်းတော့ ကံအားလျော်စွာ ဘဝ-ဆိုတဲ့ ဇာတိရ၊ ဇာတိရတော့ ဇရာ–မရဏ–သောက ပရိဒေဝ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ (၂) ပါးလဲလည်ပြီး ပဋိစ္စသမုပ္ပါဒ် ဒုက္ခစက်ကြီး လည်ခဲ့ရတဲ့ဘဝတွေလဲ အနန္တ။

ယခု သင်တို့ (စဉ်းစား) ဘုရားပွင့်တာနှင့်လဲ ကြုံပါလျက် ငါဘုရားစကားတော်တွေ နားမထောင်လျှင် သင်တို့ လာလတံ့ အနာဂါတ် ဘဝတွေလဲ ငါမစဉ်းစားဝံ့ဘူး-တဲ့။ အဲဒါကြောင့် တဏှာ မလာနိုင်အောင် ဝိပဿနာ ရှုရမည်၊ ဝိပဿနာရှုဘို့ဆိုတော့ အဝိဇ္ဇာအရင်ခွါပြစ်ရမည်၊ အဝိဇ္ဇာ ခွါပြီးမှ တဏှာမလာအောင် တရားအားထုတ်လျှင် သက်ဘောင့်သက်သာ သုခပဋိပဒါတရားရမည် အဝိဇ္ဇာမခွါဘဲနှင့် အားထုတ်တော့ ဒုက္ခပဋိပဒါနှင့် တွေ့နေရတတ်သည်။

## သုံးဆယ့်တဘုံ အကုန်ခြုံ နှစ်စုံ နာမ်ရုပ်မှာ။

လာတာလဲသိ၊ ရတာလဲသိ သွားဘို့လမ်း သိကြစို့၊ ရတာဆိုတော့ ရုပ်နှင့်နာမ်၊ (ရှင်းပါ) ချုပ်တရား ဆိုဘာ ဘာမှမသိပါ၊ အိမ်ရှေ့မှာရှိတဲ့ တုံးကြီးလို ဘဲ တေဇော နှင့် တွေ့လျှင် ဖေါက်ပြန်တယ်၊ ငွေ့လျှင်ဘမျိုး၊ ပူ,လျှင် တမျိုး ဖေါက်ပြန်တတ်တဲ့ သဘောဘဲ ရှိဘယ် (တွေးပါ) မိမိ တို့ ရထားတဲ့ရုပ်ကတော့ အဋ္ဌကလာပ ရုပ်လို့ခေါ်ပါတယ်၊ (ကြံပါ) ယောဂီ မိမိအနားက မိန်းမ, ယောက်ျား၊ လူ-နတ် ဗြဟ္မာ သတ္တဝါ၊ ရေ-မြေ-တော–တောင်- ဟူသမျှ ဗဟိဒ္ဓ ရုပ် လို့ ခေါ်ပါသည်။

ပထဝီ–အာပေါ–တေဇော–ဝါယော စသော ရုပ် ၂၈ ပါးလဲ ရုပ်တရားတွေပါဘဲ အဲဒါလောက် သိရင် ရူပ ပရိစ္ဆေဒဉာဏ်ရ၍ နေပါပြီ ထိုဉာဏ်ကို ရတော့ ယထာ ဘူတဉာဏ်၊ သမ္မာဒဿန ဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ ရူပ ပရိစ္ဆေဒဉာဏ်များ ရ၍ နေပါပြီ။

နာမ်တရားဆိုတာ ဘာလဲ၊ (တွေးပါ) နာမ် ဆိုတာ ဘာမဆို အကုန်သိတတ်တဲ့ သဘော သဘာဝကလေး ဟာ နာမ်ပါဘဲ (ကြံပါ) အရှေ့-အနောက်၊ တောင်-မြောက်၊ လူ နတ်- ဗြဟ္မာ - သတ္တဝါ၊ ရေ-မြေ-တောတောင်၊ ရွှေ- ငွေ-စိန် ကျောက်၊ ကုသိုလ်- အကုသိုလ်၊ ဘာမဆို သိ တတ် တဲ့ သဘော သဘာဝကလေးဟာ နာမ်-လို့ ခေါ်ပါသည်။

နာမ်တရားကို အမှန်သိတော့ ယထာဘူတ ဉာဏ်၊ သမ္မာဒဿနဉာဏ် သမ္မာဒိဋ္ဌိဉာဏ်၊ နာမရူပပရိစ္ဆေဒဉာဏ် များ ရ၍ နေပါပြီ။ နာမရူပ ပရိစ္ဆေဒ ဉာဏ် ရတော့– အဝိဇ္ဇာ ခေါ် မောဟကွာပြီ-ပြေးပြီ၊ အဝိဇ္ဇာ ကွာတော့– ဝိဇ္ဇာ ဉဒပါဒိ ဖြစ်ပြီး ဝိသုဒ္ဓိ (၇) ပါးထဲက သီလ ဝိသုဒ္ဓိ၊ စိတ္တ-ဝိသုဒ္ဓိ၊ ဒိဋ္ဌိ-ဝိသုဒ္ဓိ ပေါင်း (၃) ပါး ပိုင်နေတဲ့ ပုဂ္ဂိုလ်၊ ရနေတဲ့ပုဂ္ဂိုလ်သည် ဒိဋ္ဌိပြုတ်ပါပြီ။

ဒိဋ္ဌိဆိုတာ– ငါ- သူ၊ လူ- နတ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ယောက်ျား မိန်းမ၊ လင်-မယား၊ သား-သမီး ဆိုတာ- ဒိဋ္ဌိတွေ ပါ၊ ဟောတဲ့ပုဂ္ဂိုလ်က ဓါတ် ကလာပ် ဟောတော့– ရုပ် တခြား နာမ်တခြားကွဲပြီး နာမရူပ ပရိစ္ဆေဒဉာဏ်ရ၍ နေ ပါပြီ၊ ထို ဉာဏ်ကိုရတော့– ရှင်တော် မြတ်ဘုရားကြီး ရဲ့ ဗျာဒိတ်တော်အရ ကလျာဏပုထုဇဉ်ဖြစ်ပြီး အန္ဓ အဖြစ်မှ

လွတ်ရပါပြီ၊ ကျွတ်ရပါပြီ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ချစ်သား–ချစ်သမီး ဖြစ်ရပါပြီ၊ ဝမ်းသာလို့မဆုံးတော့ပါ။

( ပုဗ္ဗဘာဂ မဂ်အရ အစ ဤကသာ )

(သုံးဆယ့်တဘုံ အကုန်ခြုံ နှစ်စုံ နာမ် ရုပ်မှာ)

ဆောင်ပုဒ်ကလေးအရ၊ ရုပ်နာတော့ ကွဲပါပြီ၊ သိပါပြီ၊ သုံးဆယ့်တဘုံ ရှိနေသော လူ- နတ်- ဗြဟ္မာ- သတ္တဝါ၊ ခွေး နွား ကြောင် ကြွက် သတ္တဝါဟူသမျှ ရုပ်နာက လွဲ၍ ဘာမှမရှိဟု သိရပါပြီ၊ ထို ရုပ် နာမ်သည် ဘယ်ကလာသလဲ မည်သူပြုပြင်ပေးသလဲ ဘယ်လိုပါလိမ့် (တွေးပါ)။ ဘုရားပွင့်တော်မမူခင်၊ ဘုရားလက်ထက်၊ ဘုရားပရိနိဗ္ဗာန်ပြုပြီး အခုအထိ အချို့သူများက (၃၁) ဘုံရှိ အားလုံး ရုပ် နာမ် တွေဟာ ထာဝရဘုရားနှင့် အချို့နတ် ဗြဟ္မာ များက ဖန်ဆင်း ထားသည်၊ အချို့ကလဲ မြောက်များစွာ အနုမြူတွေ စုပေါင်းပြီးဖြစ်နေသတဲ့၊ အချို့ကလဲ မိဘများက လုပ်ပေး သည်၊ စသည် ယူထားသူတွေ ယခုအထိရှိကြ၏၊ (တွေးပါ)

ဒို့ဘုရားအလောင်းတော် ဉယျာဉ်ထွက်တော့ သူအို သူနာ- သူသေ- ရဟန်း နိမိတ်လေးပါးနှင့်တွေ့ရ၍ သံဝေဂ ရပြီး သည်လို– အို နာ သေ မြင်တွေ့ရတော့၊ မအို မနာ မသေတာရှိမည်ဟု ဆုံးဖြတ်ချက် ချပြီး၊ ထီးနန်းနှင့် တကွ သား- မယား အားလုံးကို စွန့်ပြီး မနေ မနား အားသွတ် တော့ မကြာခင် သိစရာ ရှိတာ အကုန်သိတဲ့ သမ္မာ သမ္ဗုဒ္ဓ အစစ် ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတွေဖြည့်ခဲ့၍ ဘုရား အဖြစ်သို့ ရောက်တော်မူမှ အားလုံး သတ္တဝါတွေ ကယ်တင်မည် ဆိုသည့် အတိုင်း မနေမနား ပဉ္စဝဂ္ဂီ (၅) ဦး က စပြီး ယော- ချစ်သား ချစ်သမီး တို့ လာကြ, ယခု- လာကြ အမြန်လာကြ, သေခြင်းက စောင့်မနေဘူးဟ အမြန်လာကြ သိစရာ ရှိတာတွေ ငါ- အကုန် သိပြီ သမ္မာ သမ္ဗုဒ္ဓဖြစ်ပြီ၊ (၃၁) ဘုံ အားလုံး ရုပ်နာမ်တွေ၊ ဘယ် ထာဝရ—နတ်- စသူ မဖန်ဆင်းနိုင်ပါ ငါဟာ— လေး သင်္ချေနှင့် ကမ္ဘာ တသိန်း ပင်ပင်ပန်းပန်းဖြည့်ပြီးမှ ရတဲ့တရား၊ သိရတဲ့တရား ချစ်သားတို့ သက်တောင့် သက်သာနှင့် ဒုက္ခ ငြိမ်းရာ နိဗ္ဗာန်ကိုရကြရမည်၊ တွေ့ကြရမည်။

၃၁ ဘုံရှိတဲ့ ရုပ် နာမ်တွေဟာ— ကံ-စိတ်- ဥတု- အာ ဟာရ တည်းဟူသော အကြောင်း လေးပါးကြောင့် ဖြစ်တဲ့ ရုပ်တွေပါ။ တွေးပါ....

ကံ ကြောင့် ဖြစ်တဲ့ ရုပ်၊ စိတ် ကြောင့် ဖြစ်တဲ့- ရုပ်၊ ဥတုကြောင့်ဖြစ်တဲ့- ရုပ် အာဟာရဇကြောင့် ဖြစ်တဲ့- ရုပ်၊ ဟုတ်မဟုတ် သင်တို့ ကြံပါ ကံကြောင့် ဆိုဘော့ ကံ, က ၂၉-ပါးရှိပါတယ်၊ ရုပ်ဖြစ်စေတတ်တဲ့ ကံ က ၂၅-ပါးရှိပါ သည်၊ ၃၁- ဘုံနှင့် ပြောလျှင် ကံ ၂၉ - ပါး ရှိပါ သည်။

တွေးပါ....

အပါယ်လေးဘုံမှာရှိတဲ့သတ္တဝါတွေဘယ်ကံကြောင့် သူတို့ ရုပ်နာမ်တွေ ရနေပါ သလဲ၊ လော ဘ စိတ် ၈-ပါး၊ ဒေါသစိတ် ၂-ပါး၊ မောဟစိတ် ၂-ပါး ပေါင်းအကုသိုလ် ကံ ၁၂ ပါးက အပါယ်လေးဘုံကို ရုပ်နာမ်သွား၍ ဖြစ်စေ ပါသည်၊ မဟာဒုက္ခကြီးပါ။ တွေးပါ....

လူ့ပြည် နတ်ပြည် ၆-ထပ်၊ သုဂတိ ၇-ဘုံသား၊ လူ-ချော လူလှ၊ နတ်ချော- နတ်လှ ဖြစ်လာကြတာ ဘယ်ကံကြောင့် ဖြစ်ရသလဲ၊ (တွေးပါ) အတိတ်ဘဝက ကာမာဝစရ မဟာကုသိုလ် ၈-ပါး တပါးပါး နှင့် ဤ လူ့ပြည် နတ်ပြည်၊ လူချော·လူလှ၊ နတ်ချော- နတ်လှ ဖြစ်လာရပါသည်၊ အမြတ်ဆုံးဘုံ လူ့ဘုံ ဘာကြောင့်မြတ်သလဲ၊ ဘုရားပွင့်လို့မြတ်တယ်၊ သင်တို့လဲ မြတ်သောဘဝရနေလျှင် မြတ်သော နိဗ္ဗာန် မြို့ကြီး ကို အရောက် သွားပါလော့....၊

ပွားပါလော့....။

သုဂတိ ၇ ဘုံအထက် ဗြဟ္မာဘုံ (၂၀) ရှိပါသည်၊ ထိုဗြဟ္မာတို့သည် အချို့က ခန္ဓာ ငါးပါး ရုပ်နာမ် နှစ်ပါး ရှိကြ၏။ အချို့က ရုပ်ခန္ဓာ တပါးသာ ရှိ၏၊ အချို့က နာမ်ခန္ဓာ ၄-ပါးသာ ရှိကြ၏၊ ထိုဗြဟ္မာတို့ ရုပ် နာမ် နှစ်ပါး က အဘယ်ကံကြောင့် ဖြစ်ရသနည်း၊ (တွေးပါ....)

ရူပါဝစရ ကုသိုလ်ကံ ၅-ပါး၊ အရူပ ဝစရ ကံ က ၄-ပါး၊ ပေါင်း မဟဂ္ဂုတ် ကုသိုလ်ကံ (၉) ပါးက သူ့ဘို့ အလိုရှိသည့်အတိုင်း၊ အချို့ ရုပ်နာမ် နှစ်ပါးရှိကြ၏၊ အချို့ ရုပ်တပါးသာရှိ၏၊ အချို့က နာမ်တရားသက်သက်သာရှိ၏ (တွေးပါ) ၃၁-ဘုံမှာ သူ့ကံနှင့်သူ ရုပ်နာမ် နှစ်ပါး အစုံ ရှိတဲ့ဘုံက ၂၆ ဘုံရှိပါသည်၊ ရူပခန္ဓာ တပါးသာရှိတဲ့ဘုံက ၁-ဘုံရှိပါသည်၊ နာမ်ခန္ဓာ ၄ ပါးသာရှိတဲ့ဘုံက ၄-ဘုံရှိပါသည်၊ အားလုံးပေါင်း (၃၁) ဘုံမှာ ရှိနေကြတဲ့ သတ္တဝါတွေ သူ့ကံနှင့်သူ၊ သူ့ဘဝနှင့်သူ ရ၍နေကြပါသည်။

(ကြံပါ) လူပြိန်းသိ ၃၁ ဘုံမှာ အထီး-အမသတ္တဝါ တိုင်း ရှိနေပါသည်၊ အထီးရုပ်ကတမျိုး၊ အမရုပ်ကတမျိုး သူ့ကံနှင့်သူ၊ သူ့ဘဝနှင့်သူ သာယာတော့ အပုညာဘိ မလုပ်၊ ပုညာဘိကုသိုလ်လုပ်ပြီး အထီးဖြစ်ရပါလို၏၊ အမ ဖြစ်ရပါလို၏၊ ကိုယ်ပြုတဲ့ အကုသိုလ်ကံက အပါယ်လေးဘုံ သွားပြီး အထီး, အမ ဖြစ်ရပါသည်၊ ကိုယ် ပြုတဲ့ ကုသိုလ် ကြောင့် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ သွားပြီး အထီး အမ ရုပ် နာမ် ဖြစ်ရပါသည်၊ ဟုတ်မဟုတ် စဉ်းစားပါ တွေးပါ။

လူပြိန်း သိ ကံ ကြောင့် ဖြစ်တဲ့ ရုပ် ဟုတ် မဟုတ် တွေးပါ၊ စဉ်းစားပါ၊ မျက်မြင် နားကြား တွေ့နေပြီမဟုတ် ပါလော၊ လူချင်း အတူတူ၊ အချို့က လှ—ဝ—ရှည်—မြင့် အချို့က ပိန်—ပု—ကုန်း--ကွ ရုပ်မလှ၊ အောက် တန်း စား တွေ၊ အထက်တန်းစားတွေဖြစ်နေရတာ ကိုယ့်ကံနှင့်ကိုယ် ဆိုတာ ယုံကြည်ကြပါ၊ (တွေးပါ) မေးပါ။

ကံကြောင့်ဖြစ်တဲ့ ရုပ်၊ ဤကံ ၂၉ ပါး မပြတ်လျှင် ရုပ် နာမ် မပြတ်သေးပါ ရှိ၍နေရမည်။ မဟာ ဒုက္ခကြီးပါ။

စိတ်ဟူသော အကြောင်းတရား ရုပ်ဖြစ်ပုံမှာ၊ အာရုပ္ပါ ဝိပါက်လေးပါး၊ ဒွေးပဥ္စဝိညာဏ် (၁၀) ပါး၊ ဤ ၁၄-ပါး မှ ကြွင်းသော (၇၅) ပါးသော စိတ်သည် ရုပ်ကို ဖြစ်စေ နိုင်၏၊ ထို (၇၅) ပါးသော စိတ်ထဲ၌ လောဘ, ဒေါသ, မောဟ၊ အကုသိုလ်စိတ်- မကောင်းစိတ် အလောဘ, အ ဒေါသ, အမောဟ, ကုသိုလ် ကောင်းသောစိတ်(တွေးပါ) ကောင်းတဲ့ ကုသိုလ်စိတ် ဖြစ်နေလျှင် အကုသိုလ်စိတ် မဖြစ် ပါ၊ မကောင်းတဲ့ အကုသိုလ်စိတ် ဖြစ်နေလျှင် ကောင်း တဲ့ ကုသိုလ်စိတ် မဖြစ်ပါ၊ စဉ်းစဉ်းစားစားဖတ်ပါ။

ဗိတ်ကြောင့်ဖြစ်တဲ့ရုပ် လက်တွေ့ရှာကြစို့၊ လောကကြီးမှာ အချို့သောသူများဟာ အိမ်ထောင်ရေး- စီးပွားရေး သားရေး သမီးရေး ကိစ္စတွေရှိနေကြပါသည်၊ ဤ ကိစ္စ များဟာ သူ့ကံနှင့်သူ အချို့ကတော့ လင်လိမ္မာ၊ မယား လိမ္မာ သားသမီးလိမ္မာ ဆွေမျိုးနှင့်တကွ ဘိုင်းရေး ပြည်ရေး အေးပြီး၊ စီးပွားရေး ကြီးပွားရေး- ရာထူးတွေ တိုးတက်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ သား သမီး နှင့် မယားများက ဝတ်ရ စားရတော့ ရုပ်ကလေးတွေ ကြည်လင် ရွှင်လန်းပြီး ရုပ်တမျိုးဆိုတာ အင်မတန် ထင်ရှားပါတယ်၊ တွေးပါ....

ကြံပါ—။

စိတ်ဆင်းရဲတော့ ရုပ်တမျိုးဆိုတာထင်ရှားပါတယ် အချို့ ရှိနေကြကယ်မဟုတ်ပါလော၊ လင်ဆိုး— မယား ဆိုး သားဆိုး— သမီးဆိုး၊ ဆွေမျိုးများ နှင့် တိုင်းရေး- ပြည်ရေး မအေးလို့ အမျိုးမျိုး ဒုက္ခတွေ တွေ့နေရတော့ အဲဒီရုပ်ကြီးဟာ ဘယ်လိုဖြစ်နေမည်လဲ၊ တွေးပါ—

အဲဒါကြောင့်- စိတ်ဆင်းရဲလျှင် ရုပ်တမျိုး ထင်ရှားပါတယ်၊ အဲဒါ- စိတ်ကြောင့်ဖြစ်တဲ့ ရုပ်။ သေသေချာချာ စဉ်းစားပါ။

ဥတု ဟူ သော အကြောင်း တရားက ရုပ် ဖြစ်စေပုံ။ မဟာဘုတ် ၄-ပါး တွင် တေဇောဓါတ်ကိုပင် သီတ ဥတု အအေးငွေ့ဟူ၍ ၎င်း ဥဏှဥတု အပူငွေ့ဟူ၍ ၎င်း၊ ခေါ်ဆိုကြလေသည်၊ မည်သည့်ဝတ္ထုမဆို အအေးငွေ့ အနွေးငွေ့ တခုခု အမြဲရှိနေသည်၊ အဇ္ဈတ္တဥ္စ၊ ဗဟိဒ္ဓါစ၊ အဇ္ဈတ္တသန္တာန် ခန္ဓာကိုယ်တွင်း၌ ရောက်ရှိတွေ့ထိသော ဥတုကလည်း ခန္ဓာ

ကိုယ်အတွင်း၌ ဥတုဇရုပ် ကိုယ်ဖြစ်စေ၏၊ ဗဟိဒ္ဓ သန္တာန်၌ ကိုယ်၏ ပြင်ပ သစ်ပင်-တော-တောင် ရေ-မြေ ဟူသမျှ၌ ရှိသော ဥတုကလည်း ဗဟိဒ္ဓဥတုဇ ရုပ်များကို ဖြစ်စေ၏။

တေဇောကို ဥတုလို့သိရပါပြီ မိမိတို့ ခန္ဓာကိုယ်ကြီး ကလဲ ဥတုတေဇော ဆိုတော့ ပူလျှင် တမျိုး၊ အေးလျှင် တမျိုး ဆိုတာ ထင်ရှားပါတယ်၊ ဘယ်လိုလဲ နွေကြတော့ ပူလို့ အဝတ်ပါးပါးဝတ်နေရတယ်မဟုတ်ပါလော၊ မလုံလောက် လို့ လေညှင်းခံ ယပ်ခပ် ပေး ရသည် မဟုတ်ပါလော—၊ (စဉ်းစား—) ဆောင်းတွင်း တော့ အေးလို့တဲ့ အဝတ် အထပ်ထပ်ဝတ်ပြီး မလုံလောက်တော့ မီးဖိုနားကင်ရသည် မဟုတ်ပါလော၊ အဲဒါ ဥတုကြောင့်ဖြစ်တဲ့ ရုပ်ပါ၊ မည်သူမှ ဖန်ဆင်းထားတာမဟုတ်၊ တွေးပါ....

အာဟာရဇဟူသော အကြောင်းတရားက ရုပ် ဖြစ် ပုံမှာ။ စားဘွယ် သောက်ဘွယ်ဟူသမျှတို့၌ပါရှိသော အဆီ အနှစ် အစေးကို ဩဇာဟူ၍၎င်း၊ အဟာရဟူ၍၎င်းခေါ်၏၊ တယ် အဆီအနှစ်အားကြီးတဲ့အစာ၊ တယ် အနေးအညှော် များတဲ့ဆန်စသော စကားများသည် ဩဇာကို ပြောသော စကားသာတည်း။

ဤ ၃၁ ဘုံမှာ ရှိကြသော အချို့သော သတ္တဝါတို့ သည် သူ့ဘုံနှင့် သူ အစာ အာဟာရ ရှိကြမည်သာ ဤ- လူ့ဘုံမှာဆိုလျှင် အာဟာရအတွက် ၇-ရက်သာ၊ နတ်ဘုံ စသော အချို့ဘုံများမှာ တော့ အစား အာဟာရ နှင့် ပတ် သက်၍ သူတို့ဘုံနှင့် သူတို့ ရုပ်ဖြစ်ကြပါသည် ဟုတ်မဟုတ် တွေးပါ....

ဒို့ လူ့ဘုံမှာ-တော့ မျက်မြင် အာဟာရ အတွက် ၇-ရက်သား၊ ၇-ရက်အတွင်း အစား အဟာရ တခုခုကို မစားရလျှင် ရုပ်ဖေါက်ပြန် ပျက်စီးရမည်၊ တွေးပါ.... အဟာရဇဆိုသည့်အတိုင်း တနေ့တထပ် နှစ်ထပ် မစားရလျှင် ရုပ်ဖေါက်ပြန်ပြီး ဟိုလူ့မန်၊သည်လူ့မန်ဖြစ်လာသည် မဟုတ်ပါလော၊ ထင်ရှားစေအံ့ ကိုယ်မွေးထားတဲ့ သားကလေး၊မြေးကလေးတွေရှိကြသည်မဟုတ်ပါလော၊ တွေး-၍ ကလေးလေးဟာ စားချိန် မစားရတော့ အမေ-မအားသေးဘူး၊ အဘ–မမ တို့ မအားသေးဘူးလို့ မသိရှာဘူး ဆာတော့ လူးလိမ့် ငိုလိုက်ဘော့တာဘဲ တွေးပါ.... ဆာလို့ ငိုနေတဲ့ကလေး၊ရုပ်ကတမျိုး ဖေါက်ပြန်နေတယ်။

အမိမေတ္တာ၊ ရင်သွေးလေးငိုတော့ အလုပ်ထား၊ပြစ်ခဲ့ပြီး ကလေးပွေ့ချီပြီး မျက်ရေ နှပ်တွေ ပွတ်တိုက် ချေ့မှုနေရင်း နို့ချိုကလေးတိုက်လိုက်တော့ သားကလေးမျက်နှာ ရွှင်လန်းပြီး ရုပ်တမျိုးဖြစ်လာသည် မဟုတ်ပါလော ။

အဲဒါကြောင့်အဟာရဇကြောင့်ဖြစ်တဲ့ရုပ်–တွေးပါ ဘုရားဟော (စဉ်းစားပါ) စစားခင်က ဆာလွန်းလို့ ရုပ်တမျိုး၊ စားပြီးတော့ အီနွန်းနွန်းကြီး နှင့် ရုပ်တမျိုး ဆိုတာ ထင်ရှားပါသည်၊ သိကြပြီ မဟုတ်ပါလား၊ ကိုယ်ဖွေ့တွေးပါ၊ မငြင်းပါနှင့် ဘုရားဟောငြင်းလျှင် ဘုရားကို တော်လှန်ရာကြမည်။ တွေးပါ....

သုံးဆယ့်တဘုံ၊ အဘုန်ကြွယ်၊ နှစ်စုံနာခံရုပ်မှာ၊
ပုဗ္ဗဘာဂ၊ မဂ်အရ၊ အစဉ်ကာသာ
လောကီမဂ်မှာ၊ ဆိုကြရာ သူ့ကိုမှတ်ကြပါ၊

သတိပဋ္ဌာန်၊ မဂ်ဆိုပြန်၊ အမှန် သူ့ကိုသာ၊

ဆောင်ပုဒ်လက်ာကလေးများအရ သုံးဆယ့်တဘုံ အားလုံးရုပ်နာမ်တွေဟာ ဘယ်ထာဝရနတ်မှ မဖန်ဆင်းနိုင်ပါ၊ ဒို့ ရှင်ဘော်မြတ်ဘုရားကြီး လေးသင်္ချေနှင့်ကမ္ဘာ တသိန်း ပါရမီတွေဖြည့်၍ ပြည့်မှရတဲ့တရားပါ၊ အားလုံး ရုပ်နာမ်တွေဟာ ကံ စိတ်-ဥတု-အဟာရဇ တည်း ဟူသော အကြောင်း လေးပါး ကြောင့် ဖြစ်ရတဲ့ ရုပ် နာမ် တွေ ပါ၊ (တွေးပါ) သင်ချစ်သားဘို့ (ကြံပါ....)

သုံးဆယ့်တဘုံ အားလုံး ရုပ် နာမ် တွေဟာ သူတို့ ဖန်ဆင်းနိုင်လျှင် တံခိုး အင်မတန်ကြီးတယ် မဟုတ်ပါလော ဤ လူ နတ် ဗြဟ္မာ သတ္တဝါ ၃၁-ဘုံမှာရှိတဲ့ ရုပ် နာမ်တွေ ဟာ သူတို့တံခိုးနှင့် ဖန်ဆင်းနိုင်လျှင် (တွေးပါ) မည်သူ မှ အို-နာ-သေအလိုမရှိ၊ ကြောက်ကြသူများပါသည်၊ ထာဝရ စံသော တံခိုးရှင်ကြီးတွေ အကယ် တံခိုးရှိပါလျှင် အားလုံး သတ္တဝါတွေသနားပါလျှင် ထို လူ-နတ်-ဗြဟ္မာသတ္တဝါတွေ ကို မအိုအောင် မနာအောင်၊ မသေအောင် ဖန်ဆင်းနိုင်ရ မည်၊ ဘယ်လိုလဲ တွေးပါ.... ဖန်ဆင်းနိုင်ရဲ့လား၊ မဖန်ဆင်း နိုင်ပါ၊ ငါဟာ သမ္မာသမ္ဗုဒ္ဓအစစ်ဖြစ်မှ သိရတဲ့တရား ယူ ကြပါ.... ပွားကြပါ.... ရှုကြပါ....။

သင်တို့ တွေးကြပါ၊ ရုပ်နာမ်ကို ပိုင်းချားစွာသိစဉ်က နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဝိသုဒ္ဓိ ၇-ပါးထဲက သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ (၃) ပါးရလျှင် ရှင်တော်မြတ်ဘုရား ကြီး၏ ဗျာဒိတ်တော်အရ ကလျာဏ ပုထုဇဉ် အဖြစ်သို့ ရခဲ့ပါပြီ။

အားလုံးရုပ်နာမ်တွေဟာ မည်သူမှ မဖန်ဆင်းနိုင်ပါ၊ အမှန်စင်စစ် ကံ- စိတ်- ဥတု- အဟာရကြောင့် ဖြစ်တယ်လို့ ယုံကြည်ကြပါလျှင်၊ မည်သူ ဖျက်ဖျက် မပျက်ပါလျှင် ဝိသုဒ္ဓိ ၇-ပါးထဲက သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပေါင်း လေးပါးကို ပိုင်နိုင် နေတဲ့ ပုဂ္ဂိုလ်၊ ရနေတဲ့ပုဂ္ဂိုလ်- ဟု ခေါ်ပါသည်။

ရုပ် နာမ်ကို ပိုင်းချားစွာသိစဥ်က ဒိဋ္ဌိ ပြုတ်ပါပြီ။

ရုပ် နာမ် ဖြစ်ကြောင်းသိတော့ သို့လော— သို့လော-တွေးတော ယုံမှားတဲ့ ဝိစိကိစ္ဆာ လွန်မြောက် သွားပါပြီ၊ လွန်မြောက်သွားတော့ ရှင်တော် မြတ်ဘုရားကြီး ဗျာဒိတ်တော်အရ စူဠသောတာပန် ဖြစ်ရပါပြီ၊ ဒုက္ခဘုံမှ မြန်မြန် လွတ်ရပါပြီ ဝမ်းသာလို့ မဆုံး၊ ဝမ်းမြောက်လို့ မဆုံးတော့ပါ၊ အဲဒါကြောင့်....

ပုဗ္ဗဘာဂ မဂ်အရ အစ ဤကပါ။

ဤ- ဝိသုဒ္ဓိ စခန်းမှ မဆုတ်နစ်လျှင် မဂ်ဖိုလ်ကို မရသေးသော်လည်း ဒုတိယဘဝအတွက် သုဂတိကို ကေန်ရပေတော့မည်၊ ထို့ကြောင့် ယခုလောက် အမျှော် အမြင်ရှိသောဘဝဝယ် အနည်းဆုံး ဤ စူဠသောတာပန် အဖြစ်သို့ ရောက်အောင် ကြိုးစားသင့်လှပေသည်။

ဝိသုဒ္ဓါသီလ စိတ္တေဟိ၊ ကင်္ခါဝိတရဏ ညာဏိကော။
စူဠသောတာပန္နောနာမ တဒတ္တံဝါယမေ တတော။

ဝိသုဒ္ဓိသီလစိတ္တေဟိ၊ ညစ်ကြေးမတင်၊ လွန် သန့်စင်သည်၊ လေးအင်သီလ၊ သမထ ကြောင့်၊ တောက်ပ လျှံဖိတ်၊

စင်ကြယ်သော စိတ်တို့နှင့် တကွ။ ကာဠ် ၇ ဝိတရဏာ ညာဏ်ဟိ ဘော၊ ဒိဋ္ဌိဝိစိကိစ္ဆာ၊ ပါယ်ခွာနိုင်ဘိ၊ ဝိသုဒ္ဓိဉာဏ်၊ အမြင်သန့်သော ယောဂီသည်၊ ရုပ်နှင့်သော တာပန္နောနာမ၊ သော တာပန်ဖြစ်၊ ပုဂ္ဂိုလ်စစ် နှင့်၊ စံနစ် တူတန်၊ ရုပ် မှန်သည်၊ သောတာပန်မည်နိုင်ပေပြီ။ တဘော၊ ထိုကြောင့်။ တဒတ္တံ၊ ထိုရုပ်သောတာပန် ဖြစ်စိမ့်ငှါဖြင့်။ ကာဠ်ါလွန်မြောက်၊ ဝိသုဒ္ဓိ ရောက်ဘို့အကြိုးငှါ။ ဝါယမေ၊ အချိန်ကောင်းဆဲ၊ အားကုန်လွှဲ၍၊ တပွဲတလမ်း၊ လွန်ကြိုးပမ်းလျက်၊ စမ်းသပ်အားထုတ်သင့်လှလေတော့ သတည်း။

## ဉာဏ်စဉ် (၁၅) ပါး

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်။
၂။ ပစ္စယ ပရိဂ္ဂဟဉာဏ်။
၃။ သမ္မသနဉာဏ်။
၄။ ဥဒယဗ္ဗယဉာဏ်။
၅။ ဘင်ဉာဏ်။
၆။ ဘယဉာဏ်။
၇။ အာဒီနဝဉာဏ်။
၈။ နိဗ္ဗိဒါဉာဏ်။
၉။ မုဉ္စိတုကမျတာဉာဏ်။
၁၀။ ပဋိသင်္ခါဉာဏ်။
၁၁။ သင်္ခါရုပေက္ခာဉာဏ်။
၁၂။ အနုလောမဉာဏ်။
၁၃။ ဂေါတြဘူဉာဏ်။
၁၄။ မဂ်ဉာဏ်။
၁၅။ ဖိုလ်ဉာဏ်။

ဉာဏ်စဉ် (၁၅) ပါးရှိပါသည်။

### ဝိသုဒ္ဓိ (၇) ပါး ။

၁။ သီလဝိသုဒ္ဓိ။ ၂။ စိတ္တဝိသုဒ္ဓိ။ ၃။ ဒိဋ္ဌိဝိသုဒ္ဓိ။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိ။ ၅။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။ ၆။ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ။ ၇။ ဉာဏဒဿနဝိသုဒ္ဓိ။

ဝိသုဒ္ဓိ (၇) ပါးရှိပါသည်။

**ပရိညာ (၃) ပါး ။**

၁—ဉာတပရိညာ။ ၂—တိရဏပရိညာ။ ၃—ပဟာနပရိညာ။

ပရိညာ ၃-ပါး ရှိပါသည်။

**အနုပဿနာ (၇) ပါး။**

၁။ အနိစ္စ နုပဿနာ.... အနိစ္စအထင်ကို ပါယ်၏။

၂။ ဒုက္ခနုပဿ....သုခအထင်ကို ပါယ်၏။

၃။ အနတ္တနုပဿ....အတ္တအထင်ကိုပါယ်၏။

၄။ နိဗ္ဗိဒါနုပဿ....နှစ်သက်မှုအထင်ကိုပါယ်။

၅။ ဝိရာဂါနုပဿ.... ငြိတွယ်ခရာကိုပါယ်၏။

၆၊ နိရောဓါနုပဿ.... ဖြစ်မှုကိုပါယ်၏။

၇။ ပဋိနိဿဂါနုပဿ.... စွဲမှုကိုပယ်ါ၏။

ဝိသုဒ္ဓိ (၇) ပါး၊ ပရိညာ (၃) ပါး၊ အနုပဿနာ ၇-ပါးတို့သည်၊ သီးခြားသက်သက် လုပ်ခနေရသော အလုပ် မဟုတ်ပေ၊ အထက်ပါ ဉာဏ်စဉ် (၁၅) ပါး ထင်လာပါက သူ့နေရာသူ ပါသွားပြီဟု မှတ်ပါလေ။

(တွေးပါ....) အထက်ပါ ဉာဏ်စဉ် (၁၅) ပါးထဲက နာမရူပ ပရိစ္ဆေဒ ဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် (၂) ပါး ရနေ သိနေပါလျှင် ဝိသုဒ္ဓိ (၇) ပါးထဲက သီလဝိသုဒ္ဓိ၊ စိတ္တ ဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ပရိညာ (၃)ပါး ထဲက ဉာတပရိညာရ၍နေပါလျှင် ရုပ်နာမ်တို့၏ သဘော

သဘာဝကို ပိုင်နိုင်စွာ သိနေပါပြီ စူဠ သောတာပန် ဖြစ်ရပါပြီ ဝမ်းမြောက်ပါ။

စူဠသောတာပန် အငယ်စား၊ မဇ္ဈိမသောတာပန်က အလတ်စား၊ မဟာသောတာပန်က အမြတ်စား- ဟု ခေါ်ပါသည်၊ စူဠအငယ်စား မနေလိုပါ ဒုက္ခကနီး၍နေပါသေးသည်၊ မဟာ သောတာပန်က နိဗ္ဗာန်ကိုရမှ ဒုက္ခ ငြိမ်းမည်၊ ဒုက္ခငြိမ်းရာနိဗ္ဗာန်ကို ယခု ဘဝက အရယူမည်၊ ရဘို့ရန် ဘယ်လိုပွားရမည်၊ ဘယ်လိုအားထုတ်ရမည်- မေးပြီဆိုကြပါစို့။

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးတွေ မရေမတွက်နိုင်ပါ၊ တွေးပါ.... သမ္မာသမ္ဗုဒ္ဓဘုရားရှင် တဆူမှာ ကျွတ်တန်းဝင်တဲ့ ပုဂ္ဂိုလ်တွေ (၂၄) သင်္ချေ ကုဋေ (၆၀) ဗိုလ်ခြေ "တသိန်း" တို့သည်၊ ဘယ် တရားတွေ နှင့် နိဗ္ဗာန် ကို ဝင်ကြ သ နည်း၊ (တွေးပါ....) ဘယ်ပုဂ္ဂိုလ်မှ မဂ္ဂင် ၈-ပါး၊ သိက္ခာ ၃-ပါးက လွဲ၍ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ မရောက် မရနိုင်။

မဂ္ဂင် (၈) ပါးဆိုတော့ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-- ဟူ၍ မဂ္ဂင်ရှစ်ပါး ရှိပါသည်၊ ထို မဂ္ဂင် ရှစ်ပါးတို့တွင် သမ္မာဒိဋ္ဌိ နှင့် သမ္မာသင်္ကပ္ပ သည် ပညာသိက္ခာလို့ ခေါ်ပါသည်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးသည် သီလသိက္ခာလို့ ခေါ်ပါသည်။ သမ္မာဝါယမ၊ သမ္မာ သတိ၊ သမ္မာ သမာဓိ သုံးပါး သည် သမာဓိသိက္ခာလို့ ခေါ်ပါသည်။

ဆိုအပ်ပြီးသော မဂ္ဂင်ရှစ်ပါး သိက္ခာသုံးပါးက လွဲ၍ ဘယ်ပုဂ္ဂိုလ်မှ သောတာပန် စသော ဘုရားအရိယာ မဖြစ်ပါ၊ စဉ်းစားပါ (တွေးပါ....) ရှင်းပြကြစို့, ရုပ် နာမ် ကို ပိုင်းခြားစွာ သိစဉ်က ဝိသုဒ္ဓိ (၇) ပါးထဲက သုံးပါးရတော့ ကလျာဏဖြစ်ပြီ၊ မဂ္ဂင်ရှစ်ပါး ထည့်သွင်းတော့ သမ္မာ ဒိဋ္ဌိ မဂ္ဂင်ရ၍ မိစ္ဆာဒိဋ္ဌိပြုတ်ပါပြီ၊ ငါ လူ- နတ်- ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ရုပ် နာမ် သာ ရှိသည်၊ အဲတာ သမ္မာဒိဋ္ဌိမဂ္ဂင်- လို့ ခေါ်ပါသည်။

သည် ရုပ်နာမ်တွေ ဘယ်ကလာသလဲ၊ မည်သူ လုပ်ပေးသလဲ၊ နောက်ကလဲ ရှင်းပြခဲ့ပါပြီ မည်သူမှ မဖန်ဆင်းနိုင်၊ ( တွေးပါ....) ဒို့ရှင်တော် မြတ်ဘုရားကြီး နဲ့ တွေ့၍ အငြင်း လွတ် ဟောခဲ့ပါသည်၊ ကံ—စိတ်—ဥတု—အဟာရ တည်းဟူသော အကြောင်းလေးပါးကြောင့် ဖြစ်သည်- လို့ ပြောတော့ သို့လော- သို့လော တွေးတော ယုံမှား တဲ့ ဝိစိကိစ္ဆာ လွန်မြောက်သွားပါသည်၊ ဤလို ဝိစိကိစ္ဆာ လွတ်သွားတော့ ဝိသုဒ္ဓိ ၇-ပါးထဲက ကင်္ခါ ဝိတရဏ နှင့် ပေါင်း ၄-ပါး ပိုင်နိုင်တော့ စူဠသောတာပန်ဖြစ်ရ၍ မဂ္ဂင်ရှစ်ပါးထဲ သွင်းတော့ သမ္မာသင်္ကပ္ပ မဂ္ဂင်ရ၍ ဝိစိကိစ္ဆာ လွန်မြောက် သွားပါပြီ။

ဤ သမ္မာ ဒိဋ္ဌိ နှင့် သမ္မာ သင်္ကပ္ပ မဂ္ဂင် နှစ်ပါး ကို သိက္ခာသုံးပါးထဲသွင်းလျှင် ပညာ သိက္ခာလို့ခေါ်ပါသည်၊ သမ္မာဒိဋ္ဌိ နှင့် သမ္မာ သင်္ကပ္ပ နှစ်ပါး ပေါ်မှာ အုပ်နေ တဲ့ အဝိဇ္ဇာခွါပြီးမှ တရားအားထုတ်လျှင် သက်တောင့် သက်သာ ချမ်းချမ်းသာသာ နှင့် ပါရမီ အ ချောက် တရားရ လွယ်ပါလိမ့်မည်။

အထက်ပါ ပညာသိက္ခာ ၂-ပါးပေါ်မှာ အုပ်နေတဲ့ အဝိဇ္ဇာမခွါဘဲနဲ့ (ဝါ) ရုပ်နာမ် မကွဲဘဲနဲ့ တရားအားထုတ်လျှင် ဆင်းဆင်းရဲရဲနှင့် ပါရမီ ရှိပါလျက် တရား နှင့် လွဲနေတတ်ပါသည်။

စဉ်းစားကြ.... တွေးကြ....

ဘုရား ပွင့်တာနှင့်ကြုံ၊ ကိုယ် လူဖြစ်တာနှင့် ကြုံတဲ့ အခါမှာ ဘုရားစကားတော်တွေ နားထောင်ကြ၊ ဘုရားစကားတော်တွေနားထောင်၍ နေသူများမှာ ဝိသာခါတို့လို ဤ ဘဝမှာလဲ လူချော လူလှ၊ မိမ္မချော မိမ္မလှ၊ နောက်ဘဝမှာလဲ လူချော လူလှ၊ နတ်ချော နတ်လှနှင့် ဘဝဆက်တိုင်း ဘုံစဉ်စံဖြစ်ပြီး ဒုက္ခငြိမ်းရာ နိဗ္ဗာန်ကို ရောက်ကြရအောင် ပွားကြ.... ရှုကြ.... အားထုတ်ကြပါ၊ ပျင်းမနေပါနှင့်၊ ပျင်းနေလျှင် (ကောဇ္ဇ)လောဘနှင့် မောဟအကုသိုလ်၊ အိပ်ခြင်းနေတာ—ထိန-မိဒ္ဓ လောဘနှင့် ဒေါသ အကုသိုလ်။

အကုသိုလ်မဖြစ်ရအောင် တနေ့ ၂၄-နာရီမှာ နာရီဝက် တနာရီ၊ ပွားကြ၊ ရှုကြ၊ ကြွင်းသော ၂၃-နာရီတွင် ကျန်းမာရေးအတွက် အားရှိအောင် ၅-နာရီအိပ်ပါ၊ ကြွင်းသော ၁၈-နာရီကို သားကျွေးမှု-မယားကျွေးမှု ကောင်း သောကုန်သွယ်ခြင်း၊ ကောင်းသော လယ်လုပ်ခြင်းစသော အလုပ်တွေ နှင့် စီးပွားရေး ရှာပြီး ရလာလော စီးပွားများ ကို သား,မယား, လင်,မိဘဆွေမျိုးတို့ကို ကုသိုလ် ဖြစ်အောင် ကျွေးကြ လှူကြ တန်းကြ, မည်သူမှ မကာယ်နိုင်။

သိတိပဋ္ဌာန်၊ မဂ်ဆိုပြန်၊ အမှန်သူ့ကိုသာ။
နိဗ္ဗာန်လမ်းကြောင်း၊ ခရီးကောင်း ပေါင်း၍ဤကသာ။

ဤမဂ္ဂင် ရှစ်ပါးထဲက သမ္မာဒိဋ္ဌိ နှင့် သမ္မာ သင်္ကပ္ပ နှစ်ပါးရ၍ ရုပ်နာမ်လဲကွဲ၊ ရုပ်နာမ်၏ ဖြစ်ကြောင်းလဲ သိနေပါလျှင် အဓိပညာသိက္ခာ ဟု ခေါ်ပါသည်၊ ရုပ်နာမ် တို့၏ သဘောသဘာဝတွေ ကြိုးစားတွေးတောနေတော့ အကုသိုလ် မဖြစ်၊ ကုသိုလ် အမောဟသာ ဖြစ်၍ မဂ္ဂင် ရှစ်ပါးထဲ က သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သီလမဂ္ဂင် ၃-ပါး ကို အဓိသီလသိက္ခာ-ဟု ခေါ်ပါသည်။

အရိယာတို့ သွားလမ်းသည် မဂ္ဂင် ၈-ပါး သိက္ခာ ၃-ပါး-ဟု သိရပါပြီ ယခုခေတ် မင်းသူဌေး စသူ တို့က ညာတစရိယာတွဲအရ၊ ကိုယ့်လူမျိုး တွေ လူတော် သူမြတ် ဖြစ်ရန် တရားတိုက်တွေ ထူထောင်ထားပါသည်၊ လူတိုင်း သွားနိုင်ကြရဲ့လား မသွားနိုင်ပါ သွားနိုင်လျှင်အကောင်း ဆုံးပါဘဲ၊ သွားကြပါ၊ အားထုတ်ကြပါ၊ သို့သော် အထက် ဖော်ပြပါ သားကိစ္စ မယားကိစ္စ စသောကိစ္စ တွေက ရှိနေ တော့ မသွားနိုင်ကြပါ ဘယ်လိုလဲ (တွေးပါ) သေခြင်းက စောင့်မလား၊ မစောင့်နိုင်ပါ။

အဲဒါကြောင့် သားကိစ္စ မယားကိစ္စ အားလုံး ကိစ္စ တွေပြီးသွားတော့ အိပ်ရိုန်ကြတော့အိပ်ကြသည် မဟုတ်ပါ လော၊ အိပ်တော့ ဟိုးဘွေး–သည်ဘွေးနှင့် လောဘတွေဖြစ် ဒေါသတွေဖြစ်၊ (တွေးပါ) ဟုတ်မဟုတ်၊ တခါတခါ လျှာဘို့ တန်းဘို့တွေ တွေးနှင့် တော်တော် နှင့် အိပ် မပျော်ပါဘူး၊ တွေးပါ....စဉ်းစားပါ.... ယနေ့ကစ၍ ကိုယ့်ကို ကိုယ် ချစ် လျှင် ဟိုတွေး သည်ဘွေး မတွေးနှင့်တော့ တွေးတော့လဲ

အကုသိုလ်သာ အဖြစ်များသည်၊ အကုသိုလ်မဖြစ်ရအောင် အားလုံး တိတ်ဆိတ် အိပ်ကြသော အခါ အား ထုတ်တဲ့ သူတော်ကောင်း (တွေးပါ) လာလတံ့ အနာဂါတ် ကိုလဲ ဘာတခုမှ အာရုံမပြုပါနှင့် ဖြစ်ပြီးအတိတ်ကိုလဲ ဘာတခု မျှ အာရုံမပြုပါနှင့်၊ မဇ္ဈိမ ပဋိပဒါဆိုသည့်အတိုင်း အလယ် ဗဟိုတည့်တည့် မိမိ၏ပစ္စုပ္ပန် ခန္ဓာကိုယ်ထဲ၌သာလျှင် ရှုပါ အားထုတ်ပါ။

(၅၂၀)(၁၅၀၀) သတိ—သတိ—သတိ—သတိ.... ဟိုတွေး သည်တွေး မတွေးနှင့် တော့၊ တနာရီ - နာရီ ဝက် အဓိဋ္ဌာန်ကလေး ထား၊ ဘုရား အလိုတော်ကျ ငယ်ထိပ်၊ ရင်ချိုင့်၊ နှာသီးဖျား၊ သို့မဟုတ် ခန္ဓာကိုယ် တကွက်ကွက် တနေရာရာမှာ မဂ္ဂင် ၈-ပါးထဲက သမ္မာ သတိခေါ် သတိ ကလေး ကို စူးစိုက်၍ ထားပါ၊ အားထုတ်ခါစ ၅-ရက် ၁၀-ရက်လောက်ကတော့ ဟိုသွား-သည်သွား၊ ဟိုရောက်— ဒီရောက်၊စိတ်နာမ်တရားကလေးကသွားဦးမည်၊တွေးပါ....

သင်တို့.... ဒို့က သံသရာတလျှောက်လုံးမှာ တဏှာ နှင့် နေလာတာကများသကို၊ တဏှာဆိုတာ ခင်တာ - မင် တာ၊ သား,သမီး,လင်,မယား, ပစ္စည်းဥစ္စာ တို့ကို ကိုယ်က ခင်မင်နေတာ တဏှာတွေပါဘဲ၊ ဒီ တဏှာတွေနဲ့က ယခု အထိ နေလျှက် ရှိတော့ အားထုတ်ခါစ ဆိုတော့ သားဆီ ရောက်၊ သမီးဆီရောက်၊ ဟိုရောက် သည်ရောက်ပေါ့ကွယ်၊ တော်တော်ကြာတော့ စိတ်နာမ်တရားလေးကို သမ္မာ ဝါ ယမ ခေါ် ဝီရိယ နှင့် သိမ်းဆည်းတော့ သမ္မာသမာဓိ ဆိုတဲ့ သမာဓိ တည်လာပါလိမ့်မည်၊ တည်လာတော့ မည်သူကမှ မပြောရပါဘူး၊ ခန္ဓာကိုယ်က ပြောလာပါလိမ့်မည်။

နိဗ္ဗာန်လမ်းကြောင်း၊ ခရီးကောင်း၊ ပေါင်း၍ ဤ ကသာ၊
ရှေးအရိယာ၊ ပြည်ခေမာ၊ ကြွရာ ဤကသာ၊

သမ္မာဝါယမ　　သမ္မာသတိ　　သမ္မာသမာဓိ

**ပွား** **သတိ**

ဘုရား စကား နား ထောင်၍ တနာရီ အား ထုတ် တော့ သမာဓိ တည် လာ သောအခါ ၁၀-မိနစ် ၁၅-မိနစ် လောက် ကြာလာ တော့ ခန္ဓာကိုယ် တနေရာရာက ရွ ကနဲ ပူကနဲ တောင့်ကနဲ ဇာကနဲ ဖျမ်းကနဲ ယားကနဲ တခုခု ပေါ်လာပါလိမ့်မည်၊ တခုခု ပေါ်လာလျှင် ပါရမီရှိလို့ ပေါ်လာတာပါ ပြင်မပြစ်ပါနှင့် ပေါ်လာတဲ့ ရုပ်တရားအပေါ်မှာ နာမ်တရားက စူးစိုက်၍ ထားပါ၊ စူးစိုက်ထားတော့ ပေါ်လာ တဲ့ ဓါတ် ကလာပ် ကလေးများဟာ ဖြစ်ပေါ်လာတာသိ၊ ပျက်သွားတာသိ ဤလို ဘာဝိတာ-ဗဟုလီကတာ ပွား၍သိနေပါလျှင် ဘေး က တဏှာဆိုတဲ့ သားမယား စသော ခင်မှု-မင်မှုတွေ လာ ဘို့ သွားနိုင်ဘို့ဝေးစွ ခန္ဓာကိုယ်ထဲက ခေါင်း, ခြေ, ကိုယ် ကောင်ကြီးပျောက်ပြီး ဖြစ်ခန္ဓ—ပျက်ခန္ဓတွေသာ ချမ်းသာ စွာတွေ့၍ နေပါလိမ့်မည်၊ လက်တွေ့ တွေ့အောင် ရှာကြပါ ရှုကြပါ....ပွားကြပါ....အားထုတ်ကြပါ၊ အဲဒါမှ ဝိပဿနာ အစစ်ပါ။

သမ္မာဒိဋ္ဌိ　　သမ္မာသင်္ကပ္ပ

သမ္မာဝါစာ　　သမ္မာကမ္မန္တ　　သမ္မာအာဇီဝ

လောဘ-ဒေါသ-မောဟ-တဏှာ-မာန ဒိဋ္ဌိ-အပါယ် လေးပါး ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါး၊ အနာအမျိုး ကိုးဆယ့်ခြောက်ပါးတို့မှ ကင်းလွတ်လိုလျှင် အထက်ပါ ဝိပဿနာအလုပ်ကို တနေ့ ၂၄-နာရီ ကိုယ့်ဘို့ ဘဝကျူး ကောင်းဘို့ နာရီဝက် တနာရီ အပိုင်စီးပါ၊ အားထုတ်ပါ။ ဘဝသံသရာကြောက်၍ တကယ်အားထုတ်သော သူသည် ခန္ဓာကိုယ်ပျောက်ပြီး ဖြစ်ခမ္မ- ပျက်ခမ္မ ကျေနေသောယောဂီ ကို ဗုဒ္ဓရှင်တော်မြတ်ဘုရားကြီး၏ ဗျာဒိတ်တော်အရ မဇ္ဈိမ သောတာပန် ဖြစ်ရပါပြီ၊ ဝမ်းမြောက်လို့မဆုံး ဝမ်းသာလို့ မဆုံးတော့ပါ၊ ဒုက္ခဘုံကြီးမှ မြန်မြန်တက်ရပါပြီ။

သုဘဒ္ဒ သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ရှစ်ပါး၊ သိက္ခာ သုံးပါးသည် ငါ့သာသနာ (၅၀၀၀) ထားခဲ့၏၊ ဤ ငါ– ထားခဲ့သော သာသနာတော် အတွင်း လူရဟန်း ဖြစ်ကြ ကုန်သောပုဂ္ဂိုလ်တို့သည် ကိုယ်တိုင်လည်းကျင့်ကြ ကျင့်၍ အားထုတ်၍ သိသမျှ တရား တို့ကို သူတပါးအား လည်း ဟောပြသောအားဖြင့် ကောင်းမွန်စွာ နေကြမည်ဆိုလျှင် ဤ သာသနာ (၅၀၀၀) အတွင်း ၌ ဘယ် သော အခါမှ သောတာပန်စသော အရိယာများ မဆိတ် ရှိ၍နေမည်ဟု သုဘဒ္ဒကိုဟောတော်မူခဲ့ပါသည်၊အဲဒါကြောင့်၊ရုပ်နာမ်၊ကို ပိုင်းခြားစွာသိတော့၊နာမရူပ ပရိစ္ဆေဒဉာဏ်- ဝိသုဒ္ဓိ(၇)ပါး ထဲက ၃-ပါးပိုင်နေတော့ ထိုပုဂ္ဂိုလ်ကို၊ ကလျာဏပုထုဇဉ်၊ မဂ္ဂင် (၈) ပါးထဲက သမ္မာဒိဋ္ဌိ - ရုပ်နာမ်တွေဘယ်ထာဝရ နတ်မှ မဖန်ဆင်းနိုင် - ကံ - စိတ် - ဥတု အာဟာရကြောင့် ဖြစ်တယ်လို သိလျှင် - ဝိသုဒ္ဓိ (၇) ပါးထဲက- ကင်္ခါဝိတရဏ

ဝိသုဒ္ဓိ နှင့် ပေါင်း ၄-ပါး ပိုင်တော့ ထိုပုဂ္ဂိုလ်ကို စူဠ သောတာပန်၊ မဂ္ဂင်ရှစ်ပါးထဲက သမ္မာသက်ပ္ပ၊ (တွေးပါ) ကလျာဏနှင့် စူဠသောတာပန် ဖြစ်လျှင် ပရိညာ ၃-ပါးထဲ က ညာတပရိညာရ၍ ကိုယ်ဆိုင်ရာသီလ လုံခြုံစွာ စောင့် ရှောက်သွားပါလျှင် ဒုတိယဘဝ သုဂတိဘုံရောက်ရပါမည် ယုံကြည်ပါသည်၊ ယုံကြည်ကြပါ။

ပရိယတ် အသိနှင့်တောင် ကလျာဏစူဠ ဖြစ်ရသေး လျှင် ပဋိပတ်အလုပ်ကိုကြိုးကြိုးစားစားနှင့်ရှေ့ပိုင်းက(ပွား) ဆိုသောအပုဒ်အတိုင်း ကြိုးစားပါလျှင်မဇ္ဈိမသောပန်ကစ၍ ပါရမီရှိလျှင် မဟာသောတာပန်ကစ၍ ရဟန္တာအဖြစ်သို့ ရနိုင်ပါသည်—ရောက်နိုင်ပါသည်။

(ပွား....) ဆိုသောအပုဒ်အတိုင်း ပွားပါ လျှင် မဂ္ဂင် ရှစ်ပါး အမိသိက္ခာ သုံးပါးရပြီး၊ ဉာဏ်စဉ်(၁၅)ပါးထဲက သမ္မသနဉာဏ် ဝိသုဒ္ဓိ ၇—ပါးထဲက မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပရိညာသုံးပါးထဲကတိရဏပရိညာစခန်းသို့ဆိုက်ပြီ နေယျပုဂ္ဂိုလ်ဖြစ်လျှင် အားထုတ်သော ပုဂ္ဂိုလ် အလိုက် ၇--ရက် ၁၅-ရက်၊ တလ၊ နှစ်လ တချားထူးရနိုင်ပါသည်၊ မဟာသောတာပန် ဖြစ်နိုင်ပါသည်။

ဒို့ ဒကာ-ဒါယကာမတွေ ဘုရားပွင့်တာနှင့် ကြုံပါ လျက်၊ လူချော—လူလှဘဝရနေပါလျက်နှင့် အခြေခံ ရုပ်- နာမ်လဲ ကွဲနေပါလျှင် (ပွား....) ဆိုသော အပုဒ်အတိုင်း မပွားပါလျှင် ကောသဇ္ဇ ထိန မိဒ္ဓ ဖြစ်နေပါလျှင် သင်တို့- လာလတံ့ ဘဝတွေကို ငါ-မစဉ်းစားဝံ့ဘူးတဲ့၊ (တွေးပါ....)

အဲဒါကြောင့် ကိုယ့်ကိုယ်ကို ကိုယ်ချစ်လျှင် ကိုယ့်

ကိုယ်ကို ကိုယ်သနားပါလျှင် ယနေ့ကစ၍ ပွား- ဆိုသော အပုဒ်အတိုင်း တနေ့ တနေ့ နာရီဝက် တနာရီ ရှုပါ မှတ်ပါ အားထုတ်ကြပါ။

အားထုတ်တော့ ပွား-ဆိုသောအပုဒ် အတိုင်း ပေါ် လာပါလိမ့်မည်၊ ပေါ်လာတဲ့ ရုပ်ကနဲ တောင့်ကနဲ စသည့် ကခုခုဟာ စဉ်းစားပါ....တွေးပါ.... ပေါ်လာတဲ့ ရုပ်ကနဲဟာ ငါလား- သူလား၊ မိမ္မလား- ယောကျ်ားလား၊ ကိုင်လို့ရ သလား- ယူလို့ရသလား၊ (မရပါ) ပွားတော့ ဓါတ် ကလာပ်ကလေးတွေ ပေါ်နေတာ တွေ့ရပါလိမ့်မည်၊ တွေ့ နေတော့ ငါ သူ လူ- နတ် ပုဂ္ဂိုလ် သတ္တဝါ၊ ယောကျ်ား မိမ္မမရှိ၊ ဓါတ် ကလာပ်သာရှိ၏၊ ဤ သဘောသဘာဝအမှန် ရှိတဲ့တရားကို ကိုယ်တိုင်သိလို့ ကိုယ်ပိုင် ရှိနေပါ လျှင် ဒိဋ္ဌိ အားသုံးပြုတ်ပါပြီ၊ ဝမ်းသာကြစမ်းပါ၊ အမြတ်ဆုံးတရား တွေ့နေပါလျှင် အမြတ်ဆုံး ပွားပြီး အမြတ် ဆုံး ဘဝ က အမြတ်ဆုံးနိဗ္ဗာန်ကြီးကို အရောက်သွားကြပါလော့။

## ကြောက်စရာ ဒိဋ္ဌိ အကြီးစား။

၁။ အကြိယ ဒိဋ္ဌိပြုတ်သော်လည်း ကုသိုလ်ကံ-အကုသိုလ် ကံ ဟူ၍ မဖြစ်။

၂။ နတ္ထိကဒိဋ္ဌိ ကုသိုလ်၏အကျိုး၊ အကုသိုလ်၏အကျိုးမရှိ

၃။ အဟေတုကဒိဋ္ဌိ သတ္တဝါတို့ ညစ်နွမ်း ဆင်းရဲရန်၊ဖြူစင် ကောင်းစားရန် အကြောင်းမရှိ။

၄။ ဥစ္ဆေဒဒိဋ္ဌိသတ္တဝါသေလျှင်ဘာမှမဖြစ်ပြတ်သွားသည်

၅။ သဿတဒိဋ္ဌိ ဖြစ်ခြင်းဖြစ်လျှင် လူဘဲဖြစ်သည်။

၆။ သတ္တဒိဋ္ဌိ ငါ့ကိုယ် ငါအစိုးရသည်၊
၇။ သက္ကာယဒိဋ္ဌိ ငါ့ကိုယ် ငါ့ကိုယ်လို့ စွဲယူသည်။

ဒိဋ္ဌိ (၆၂) ပါးတို့တွင် အထက်ပါ ဒိဋ္ဌိများဟာ ကြီးလေးလှသည်၊ ဤ ဒိဋ္ဌိတို့ကို အမြဲအစွဲယူထားလျှင် နိယတမိစ္ဆာဒိဋ္ဌိ ခေါ်ပါသည်၊ ဤ ဒိဋ္ဌိတပါးပါးနှင့် စွဲသေပါလျှင် ကမ္ဘာပျက်တောင် မပျက်တဲ့ကမ္ဘာသွားခံရမည်၊ ဒုက္ခ-ဒုက္ခ မဟာဒုက္ခ၊ (တွေးပါ....) ပဉ္စာနန္တရိယကံ တပါးပါးထိုက်သူတို့ပင် ကမ္ဘာမီးလောင်လျှင် လွတ်ရပါသည်၊ ဤ မိစ္ဆာဒိဋ္ဌိအယူမှားကား မလွတ်ပါ။

ဒကာ-ဒါယကာမတွေ စဉ်းစားပါ၊ ဒိဋ္ဌိ ပြုတ်ပြီး အေးအေး ကလေး ဘုံစဉ်စံသွား ရန် ဟော နေတာ ပါ၊ (တွေးပါ....) အရယူပါ အပိုင်စီးပါ၊ ဒိဋ္ဌိပြုတ်ပြီ ဆိုတော့ နောက်ပြန်တွေးပါ.... ကံ ကံ၏ အကျိုးကို ယုံကြည်လျှင် ကမ္မဿကတဉာဏ် သမ္မာဒိဋ္ဌိ ဖြစ်ရပါပြီ၊ ရုပ်နာမ် ကို ပိုင်းချားစွာ သိတော့ နာမရူပ ပရိစ္ဆေဒ ဉာဏ်ရ၍ ကလျာဏ ဖြစ်ရပါပြီ၊ ရုပ်နာမ်ကို ဖြစ်ကြောင်းသိတော့ ပစ္စယပရိဂ္ဂဟ ဉာဏ်ရ၍ စူဠ သောတာပန်၊ ဤ သုံးပါး ရနေပါလျှင် (တွေးပါ....) အကြိယ ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဤဒိဋ္ဌိများပြုတ်သွားပါပြီ၊ တွေးပါ-ဟုတ်မဟုတ်၊ အတ္တနှင့်သက္ကာယ ရှိသေးသည်၊ ဤဒိဋ္ဌိနှစ်ပါး ပြုတ်မှ အေးမည်၊ ကဲ ဖြုတ်ကြစို့လား ဒို့ ဒကာ-ဒကာမ တွေ (တွေးပါ....) အထက်ပါ ပွား ဆိုသော အပုဒ်အတိုင်း ပွားတော့ ခန္ဓာကိုယ်ထဲက ရှုရှုစသည် တခုခုပေါ်လာသည် မဟုတ်ပါလော၊ ပေါ်လာတော့ ဖြစ်ပေါ်လာတာသိ ပျက်သွားတာသိ၊ စဉ်းစားပါ....တွေးပါ....

ဖြစ်ပေါ်လာတာ သိနေတော့ ဥစ္ဆေဒဒိဋ္ဌိပြုတ်ပြီ မဟုတ်ပါ လော၊ လေးလေးဖတ်၊ ဖြစ်ပေါ် လာ တဲ့ ဓါတ် ကလာပ် ကလေးတွေဟာ ပျက်သွားတာသိလိုက်တော့၊ သဿဒဒိဋ္ဌိ မရှိတော့ပါ၊ (တွေးပါ....) ဤ ရုပ်နာမ်တွေကို (ပွား-) ဆို သော အပုဒ်အတိုင်းပွားတော့ ခေါင်း,ကိုယ်တွေပျောက်ပြီး ဖြစ်ခမ္ဘ ပျက်ခမ္ဘ ကလေး တွေသာ တွေ့ရတော့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ကွာသွားပါပြီ၊ ရုပ်နာမ် နှစ်ပါးကို သက္ကာယ ခေါ်ပါသည်၊ ဤ အဆိုးဆုံး သက္ကာယကြီးကို မဂ္ဂင် ရှစ်ပါး သိက္ခာသုံးပါး ဝိပဿနာဟာရားနှင့် ပါယ်ဖြုတ်မှ သက္ကာယ ပြုတ်နိုင်ပါသည်၊ အပြုတ် ဖြုတ်ကြပါ–ပွားကြပါ–ရှုကြပါ အားထုတ်ကြပါ။

ကောယနံ ဇာတိခယန္တဒဿိ
မဂ္ဂပဇာနာတိဟိတာနုကမ္ပိ
ဓေတန မဂ္ဂေနတရိံသု ပုဗ္ဗေ
တရိဿန္တိစေဝ တရန္တိဩယန္တိ

( မဟာဝဂ္ဂ သံယုဂ်ပါဠိတော် )

ဇာတိခယန္တဒဿီ၊ ကိလေသာနှင့်ခန္ဓာတို့၏ဖြစ်လာ ရမှုနှင့် ကုန်ဆုံးမှုကို မြင်စွမ်းလေ့ ရှိတော်မူပေထသော။ ဟိတာနုကမ္ပီ၊ သတ္တဝါတို့၏ အကျိုးကို အစဉ် မြတ် နိုး တော်မူပေထသော။ သမ္ဗုဒ္ဓေါ၊ ဘုရားရှင် ဟူသမျှ သည်၊ ကောယနံ၊ ကိလေသာ မတွယ်မငြိး၊ တခုတကြောင်းတည်း သာဖြစ်သော။ မဂ္ဂံ၊ သတိပဋ္ဌာန် နှင့် ယှဉ် သော သိက္ခာ သုံးပါးပါဝင်သည့် မဂ္ဂင်ရှစ်ပါးကို။ ပဇာနာတိ၊ ကိုယ်တော်

တိုင် လမ်းဆုံးအထိ သိတော်မူပါပေ၏။ တေနု-မဂ္ဂေန၊ ဤ ကောယနမဂ်ဖြင့်သာလျှင်။ ပုဗ္ဗေ၊ ရှေးကာ မ္ဘာ အဆက်ဆက်၌ ဥပ္ပန္နာ၊ ပွင့်ပေါ်လာကြကုန်သော။ သမ္ဗုဒ္ဓါ၊ ဘုရားတို့ သည်။ ဩဃံ၊ ဩဃလေးဖြာ၊ သံသရာကို၊ တရိံသု၊ ကူး မြောက်သွားကြလေကုန်ပြီဘုရား။

တေန-မဂ္ဂေန၊ ဤကောယန မဂ်ဖြင့်သာလျှင်။ ဩဃံ၊ ဩဃလေးဖြာ သံသရာကို။ တရိဿန္တိစေဝ၊ နောက်နောင် ပွင့်ငြား မြတ်ဘုရားတို့သည် လည်း အလားတူ မသွေကူး မြောက်ကြပေကုန်လတံ့ဘုရား။ တေန မဂ္ဂေန၊ ဤ ကော ယနမဂ်ဖြင့်သာလျှင်။ ဩဃံ၊ ဩဃ လေးဖြာ သံသရာကို။ သရန္တိစ၊ ယခုပွင့်ဆဲဖြစ်သော အရှင်ဘုရား သည် လည်း မုချမသွေ ကူးမြောက်တော်မူရပေလတံ့။ ဣတိ၊ ဤသို့ ဘုရားအဆက်ဆက် မှီလိုက်သော သဟံပတိဗြဟ္မာကြီးက မိမိရရနှင့် တိတိကျကျ သံတော်ဦး တင်လျှောက် ကျမ်း ဂန် ထွက်ရှိလေသည်ဘကား။

အထက်ပါ ပါဠိတော်အရ ဘုရားရှင် ကိုယ်တော် တိုင် ဘုရားဖြစ်ခါစ၌ မိမိကိုယ်တိုင်ပင် ကိလေသာ နယ်မှ ထွက်ခဲ့ပုံကို ဆင်ခြင်တော်မူပြီးလျှင် အခြားကိလေသာနယ် ပျော်၊ သတ္တဝါ သူတစုတို့အား ကိလေသာ နယ်မှ လွတ် မြောက်မှု အတွက် လုပ်ထုံး လုပ်နည်း မှာ တခုထဲသာ ရှိ ကြောင်း မြင်တော်မူ၍ ညွှန်ပြတော်မူသည်မှာ၊ တခုထဲ ဟူ သည်ကား၊ ကောယနခေါ် လောကီ သတိပဋ္ဌာန် နှင့် ယှဉ် သော မဂ္ဂင်ရှစ်ပါးကို ဆိုလိုသည်၊ ထို မဂ္ဂင်ရှစ်ပါးထဲမှ လွဲ၍ သောတာပန်စသော အရိယာများမဖြစ်နိုင်- ဟု မြင်တော် မူသည်။

ထိုကဲ့သို့ဘုရားဆုံးဖြတ်ချက်ချလိုက်သည်ကိုသိလိုက်သော သဟံပတိဗြဟ္မာကြီးသည်လည်း ချက်ချင်းဆင်းသက်လာခါ ထိုအတိုင်း မှန်ကန်လှကြောင်း၊ဟုတ်မှန်ကြောင်းကို ထောက်ခံရုံတွင်မက ရှေးရှေးပွင့်တော်မူတဲ့ ဘုရားရှင်များ နောက်နောင်ပွင့်လတံ့ဘုရားရှင်များ ယခုပွင့်ဆဲဖြစ်သော အရှင်ဘုရားနှင့်တကွ၊အရိယာနယ်ဝင်တဲ့ပုဂ္ဂိုလ် ဟူသမျှတို့သည်လည်း၊ ဤဇောကာယနမဂ်ခေါ် လောကီ သတိပဋ္ဌာန်နှင့်သုဥ်သော မဂ္ဂင်ရှစ်ပါးကိုသာမှီရာ ပြုကြ ပွားများကြရပါမည်ဟု သဟံပတိဗြဟ္မာကြီးက ဘုရား အဆက်ဆက်တို့ကို မှီသူဖြစ်၍ ဤနည်းသေနည်း ထောက်ခံလျှောက်ထားခဲ့လေပြီ (တွေးပါ....)

ထို့ကြောင့် အထက်ဖေါ်ပြခဲ့ပြီး (ပွား-) ဆို သောအပုဒ်အတိုင်း ပွားပါလျှင် ဘုရားဟော မဟာဝဂ္ဂသံယုက်ပါဠိတော်နှင့်အညီ မဂ္ဂင်ရှစ်ပါး သိက္ခာ သုံးပါးနှင့်လည်းကိုက်ညီပါ၍ ပုဂ္ဂိုလ်အလိုက် အဆုံးအရှုံးမရှိရနိုင်ပါမည်။

**ပုဂ္ဂိုလ်က (၄) ယောက်ရှိပါသည်။**

၁။ ဥဂ္ဃါဋိတညူ ပုဂ္ဂိုလ်။ ၂။ ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊
၃။ နေယ ပုဂ္ဂိုလ်။ ၄။ ပဒပရမ ပုဂ္ဂိုလ်။

ထို ၄-ယောက်တို့တွင် နံပါတ် (၁) နှင့် (၂) ပုဂ္ဂိုလ်များမရှိ၊ လယ်တီဆရာတော်ဘုရားကြီး ဓမ္မဒီပနီမှာ ဟောထားပါသည်၊ ယခုရှိနေတာက နေယ—ပဒပရမသာ ရှိနေ၏၊ ဓါတ်တရား ကလာပ်များနာရုံနှင့် မဂ် ဖိုလ်တရား မရနိုင်ပါ၊ ပါရမီရှိလို့ နေယ,ဖြစ်လျှင် အထက်ပါ ပွား-ဆိုသော

အပုဒ်အတိုင်း ပွားလျှင်(၇)ရက် (၁၅) ရက်၊ တလ နှစ်လ ဆိုသလို မိမိ၏ သမာဓိအလျှောက် ရနိုင်ပါသည်။

ပဒပရမ ဖြစ် လျှင် ယခုဘဝ မရနိုင်ပါ၊ မနေ မနား အားထုတ်ပါက ဒုတိယ ဘဝကျလျှင် သက်တောင့် သက်သာနှင့် ရနိုင်ပါသည်၊ အဆုံးအရှုံး မရှိပါ၊ ပွား ကြပါ.... အားထုတ်ကြပါ၊ တိုက်တွန်းလိုက်ပါသည်။

တွေးကြ– စဉ်းစားကြ– ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ ကျောင်းအရံတွင် စောင့်တဲ့နတ်၊ ရွာစောင့်နတ် မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ အတွင်း ၃၇-မင်း၊ အပြင် ၃၇-မင်း၊ စတု မဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ၊ ဝသဝတ္တီ နတ်ပြည်ခြောက်ထပ်၊ ဗြဟ္မာနှစ်ဆယ်၊ သာသနာစောင့်တဲ့ နတ်၊ ရေစောင့် နတ်၊ လေစောင့်နတ်၊ မိုယ်းစောင့် နတ်၊ အထက်မှာဘဝဂ်၊ အောက်မှာ အဝီစိ၊ ရှိရှိသမျှ အားလုံး သတ္တဝါတွေ တွေးကြ- စဉ်းစားကြ- သင်တို့ ငါတို့ ဘုရား ပွင့်တာနှင့် ကြုံကြိုက်ပါလျက် စဉ်းစားပါ....။

တွေးပါ.... (ဇစ္စန္ဓ) ပဋိသန္ဓေက စ၍ မျက်စိကန်း၊ နားထိုင်း၊ စကားမပီ၊ ထိုင်း မှိုင်း ဖျင်း အ၊ တင်း- တောင်း မူး မတ် ပြား မသိ၊ အရှေ့- အနောက်- တောင်- မြောက် စသည် မသိသူတွေ လူစင်မမှီတွေကို တွေ့နေရသည်မဟုတ် ပါလော- ဤလိုတွေ့ရတော့၊ ကိုယ့်ကိုယ်ကို ကိုယ်ပြန်ကြည့် ကြည့်တော့ ငါဟာ ဤလူတွေနှင့် စာလျှင် လူချော- လူလှ၊ နတ်ချော- နတ်လှ၊ ဗြဟ္မာချော- ဗြဟ္မာလှ ရနေ ပါလျက် ဘုရားအလိုကျ (ပွား) ဆိုသော အပုဒ် အတိုင်း မပွားဘဲ

နေပါလျှင် ရှင်တော်မြတ်ဘုရားကြီးက သင်တို့လာလတံ့ ဘဝတွေကို ငါ မစဉ်းစားဝံ့ဘူးတဲ့။

(တွေးပါ–) စဉ်းစားပါ ဘုရား စကားတော်တွေကိုနားထောင်ပြီး အောက်ဒုက္ခဘုံမှလွတ်ပြီးအထက်သုဂတိဘုံသို့ 'ဝိသာခါ'တို့လို ဘုံစဉ်စံဖြစ်ခြင်ပါလျှင် ဘုရား စကားတော် နားထောင်ပြီး ဘုရားအလိုတော်ကျ ပွား- ဆိုသော အပုဒ်အတိုင်း ပွားရှိနေပါလျှင် ရှုရှိနေပါလျှင် အားထုတ်၍နေပါလျှင် စဉ်းစား- တွေးပါ- ကြံပါ၊ အမြတ်ဆုံးဘုံရ၍ အမြတ်ဆုံးဘုရားနှင့် တွေ့ရပြီ၊ အမြတ်ဆုံးတရားလဲတွေ့ရ၊ အမြတ်ဆုံးတရားကိုပွားပြီး အမြတ်ဆုံး နိဗ္ဗာန်ရွှေမြို့တော်ကြီးကို အရောက်သွားကြပါလော့။

သုခိတာဟောန္တု၊ ဒုက္ခာ မုစ္စန္တု။

(နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ)

## ၄၂။ ပါဠိ-အဋ္ဌကထာ-ဋီကာ-အနု-မဓု-ယောဇနာ-ဂဏ္ဌိ တို့၌

၁။ ပညတ္တိံ ထပေတွာ၊ ပညတ်အားလုံးမှစင်ကြယ်ပါစေတဲ့

၂။ နိဗ္ဗတ္တိတ ပရမတ္ထဝသေန၊ ပရမတ် သက် သက် သာ ရှုပါတဲ့။

၃။ ဝိသေသေနပဿတီတိ၊အနိစ္စ-ဒုက္ခ အနတ္တတွေ့အောင် ရှုပါတဲ့။

၄။ ဝိပဿနာ၊ အဲဒါမှဝိပဿနာအစစ်အမှန်ပါတဲ့။

## ၄၃။ အာရုံသုံးပါး နှင့် ခွဲသိကြပါရန်

| | | |
|---|---|---|
| ပညတ်အာရုံ။ | ပရမတ်အာရုံ။ | နိဗ္ဗာန်အာရုံ။ |
| (ကိလေသာ) | (ဝိပဿနာ) | (မဂ်ဖိုလ်စိတ်ပါ) |

၁။ ပညတ်အာရုံ ပြုနေလျှင် ကိလေသာစိတ်ပါဘဲတဲ့။
၂။ ပရမတ်ကို အာရုံပြုနေလျှင် ဝိပဿနာစိတ်ပါဘဲတဲ့။
၃။ နိဗ္ဗာန်ကို အာရုံပြုနေပါလျှင် မဂ်စိတ်,ဖိုလ်စိတ်ပါဘဲတဲ့

အလည်ဗဟိုတည့်တည့်က မဇ္ဈိမပဋိပဒါ၊ ပရမတ်ကို အာရုံပြုနေလျှင် ပညတ်အာရုံ ကိလေသာ ကွာ၍ နိဗ္ဗာန် အာရုံ မဂ်,ဖိုလ် ရလိမ့်မည်၊ အလယ်ကား....ဘာဝေ တဗ္ဗ တည်း၊ အစကား....ပဟာ တဗ္ဗတည်း၊ နောက်ဆုံးကား.... သစ္ဆိကာ တဗ္ဗတည်း။

(တဘာဝသုံး စဉ်းစား တွေးတောပါလေ)
ပိဋကစာအုပ်ထဲက စိတ်နာမ်ကို ပွားများရမှာလား။
ပိဋကစာအုပ်ထဲက စေတသိက်နာမ်ကိုပင် ပွားများရ မှာလား။
ပိဋကစာအုပ်ထဲက ရုပ်တရားကိုပင် ပွားများရမှာလား
( သို့တည်းမဟုတ် )
ခန္ဓာကိုယ်ထဲက စိတ်နာမ်ကိုပင် ရှုပွားရမှာလား။
ခန္ဓာကိုယ်ထဲက စေတသိက်နာမ်ကိုပင် ရှုပွားရမှာလား
ခန္ဓာကိုယ်ထဲက ရုပ်တရားကိုပင် ပွားများရမှာလား။

### ၄၄။ ဘုရားပြတဲ့ရုပ် ဘယ်ရုပ်လဲ

( ခန္ဓေပဿ နာမရူပံ ) ထေရဂါထာ ပါဠိတော်။

ခန္ဓေ၊ ခန္ဓာကိုယ်ထဲ၌။ နာမရူပံ၊ နာမ်နှင့် ရုပ်ကို။ ပဿ၊ ရှုပါလော့။ ရှင်းရှင်းနှင့် ဘွင်းဘွင်းကြီး မိန့် တော် မူခဲ့ပါတယ်။ ခန္ဓာထဲကရုပ်နာမ်ကို ရှုပါတဲ့ အငြင်းလွှတ်ပြီ

(ဥပါဒါနက္ခန္ဓေသု၊ ဥဒယဗ္ဗယာ နုပဿီ)
စတုက အင်္ဂုတ္တိုရ်ပါဠိတော်။

ဥပါဒါ နက္ခန္ဓေသု၊ ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့၌။ ဥဒယဗ္ဗယာ နုပဿီ၊ ဖြစ်ခြင်း ပျက်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေထိုင်၏။ ခန္ဓာကိုယ်ထဲကအဖြစ်အပျက်ကိုသာ ရှုပါတဲ့၊ အငြင်းလွှတ်ပြီ။

(ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္မာဒေထ)
မဟာပရိနိဗ္ဗာနသုတ်တော်။

ခန္ဓာကိုယ်ထဲက သင်္ခါရ အပျက်သာ ရှုပါ မမေ့ပါနဲ့တဲ့ ရှင်းရှင်းပါဘဲ။

### ၄၅။ ရှေးရှေး ကဝိ ကဝိန် သုခမိန် ပညာရှိတို့ မှာတမ်း

၁၊ တရားရှာ ကိုယ်မှာ၊ အဲဒါ ဘာကို ဆိုလိုသလဲ။

၂။ လမ်းဆုံး တော့ ရွာရောက်၊ အဲဒါကော ဘာတဲ့တုန်း၊ စဉ်းစားပါ။

၃။ တရားပျောက်တော့ ကိုယ်မှာရှာ၊ ရောင်ရောင်ဝါးဝါး မလုပ်ပါနဲ့။

၄။ တန္တယ်ဝင် တစဉ်ပါ၊ ဧကောဓမ္မော ဘိက္ခဝေနှင့်ညီလှ၏

၅။ အသီးတရာ အညှာတခု ကေဒေသမေဝသမ္မသိတ္တာနှင့် ညီလှ၏။

၆။ တချက်ခုတ် အားလုံး ပြတ်၊ အာဋ္ဌာဝက လွှတ်ပုံ နှင့် တူလှ၏။

**သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကြီးကလည်း**

ဧကောဓမ္မော ဘိက္ခဝေ၊ ဘာဝိတော ဗဟုလီကတော၊

အဘိညာယ သမ္ဗောဓါယ နိဗ္ဗာနာယ သံဝတ္တတိ။
ကေနိပါတ် အင်္ဂုတ္တိုရ်မှာ ဟောခဲ့ပါပြီ။

ခန္ဓာကိုယ်ထဲမှ ပေါ်လာတဲ့ ဓါတ် တခုကိုသာ ပွား များနေပါတဲ့၊ အကြိမ်ကြိမ် နေ့ဆက် ရက်ဆက် ပွား များ၍ နေပါတဲ့၊ အဘိညာယဖြင့် သစ္စာလေးတန်၊ ရုပ်နှင့် နာမ်ကို ဘောန်တိတိ၊ ပိုင်းခြား၍ သိပါလိမ့်မယ်တဲ့။ သမ္ဗောဓါယဖြင့် သောတာပန်၊ သကာဒါဂါမ်၊ အနာဂါမ်၊ အရဟံဘဝသို့ ရောက်လိမ့်မယ်တဲ့။ နိဗ္ဗာနာယဖြင့်၊ နိဗ္ဗာန်အထိ ရောက်ရ ပါလိမ့်မယ်တဲ့၊ အဲဒါ ဧကော ဓမ္မော ပါဠိ၏ လိုရင်းအချုပ် တည်း။

ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက ပရိဒေဝါနံ၊ သမတိက္ကမာယ ဒုက္ခဒေါမနဿနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိ ကိရိယာယ။ ။

မဟာသတိပဋ္ဌာနသုတ် ဗုဒ္ဓဒိန့်ခွန်းတော်ကြီး။

ခန္ဓာ ကိုယ်ထဲက ပေါ်၍ နေတာကို ရှု၍နေပါလျှင် (ဧကာယနော အယံဘိက္ခဝေမဂ္ဂေါ) မဂ် ဖိုလ် နိဗ္ဗာန် သို့ တလမ်းသဲ- တကြောင်းထဲဖြင့် သွား ရ ပါ လိမ့် မယ် တဲ့။ သတ္တာနံ ဝိသုဒ္ဓိယာဖြင့်၊ သတ္တဝါတို့၏ စိတ်မှာ ကိလေသာ များ၊ အကုသိုလ်များ စင်ကြယ်ပါလိမ့်မယ်တဲ့။သောက ပရိ ဒေဝါနံ သမတိက္ကမာယဖြင့်၊ သောကပရိဒေဝမီးတို့မှ လွန် မြောက်၍ ကျွတ်လွတ်ပါလိမ့် မယ် တဲ့။ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယဖြင့်၊ ဒုက္ခဒေါမနဿမီးတို့ ချုပ်ပျောက်ပါလိမ့် မယ်တဲ့။ ဉာယဿအဓိဂမာယဖြင့်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို

ရပါလိမ့်မယ်တဲ့။ နိဗ္ဗာနသဿသတ္တိကိရိယာယဖြင့်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရပါလိမ့်မယ်တဲ့။ ကဲကဲ ကြည့်ကြ စမ်းပါ၊ ဘယ်မျှလောက် ရဲရဲဝံ့ဝံ့ကြီး အာမခံသလဲလို့။

၁။ လယ်လုပ်မခက်၊ လယ်တည်ခက်၏၊ ဝိနည်းအကျော်။

၂။ အကျင့်မခက်၊ အသိခက်၏၊ ရွှေဥမင်းဆရာတော်။

၃။ သူတော်မခက်၊ ပညာရှိခက်၏။

## ၄၆။ အပြင်ရုပ်နှင့် အတွင်းရုပ်

အပြင်ရုပ်ကား မိမိ၏ ဥပါဒါန်တရား အစွဲအလမ်း မပြင်းထန်လို့ ရှုစရာမလိုပါ၊ ပြခဲ့ပြီး (ခန္ဓေပဿ နာမရုပ်) တို့ ထောက်ထားကြပါလေ၊ အတွင်းကရုပ် မှုကား မိမိ၏ ဥပါဒါန်တရား အစွဲအလမ်း ပြင်းထန်လွန်းသဖြင့် ရှုပွားပါ ဥပါဒါန် ပြယ်ပျောက်ပါလိမ့်မည်။

(ဥပမာ) အပြင်ကလူ တရာမက သေကြေဦး တော့ သိတ်မကြောက်လှပါ၊ အတွင်းက ဖြစ်သော မိမိ ကိုယ်၌ သေဘေးကြီး ဆိုက်ခဲ့ပါမူကား ထိတ်လန့် ကြောက်ရွံ့ တုန် လှုပ် ချောက်ခြားလှ ပေ၏၊ အဲဒါ သက်သေပါဘဲ၊ ဘုရား သခင်ကြီးကလဲ၊ အတ္တသမံ ပေမံနတ္ထိ-ဟူ၍ ဟောခဲ့ပါသည်၊ အတ္တသမံ၊ မိမိနှင့်တူသော။ ပေမံ၊ ချစ်အပ်သော သူသည်။ နတ္ထိ၊ မရှိပါတဲ့။ ကမ္ဘာမီးလောင် သားကောင်ချနင်း ဝတ္ထု ကိုလဲ သတိပြုပါ၊

## ၄၇။ တခုထဲရှုလို့ အဆုံးအထိရောက်ပုံမှာ

ဘိုင်စကုတ်ကြည့်တော့ ပြတဲ့ ဖြုဖြုဘာခုကိုသာ သတိ ဖြင့် သမာဓိ ရအောင် ရှုရပါသည်။ အရုပ်တွေ ကို အစ-အလယ်-အဆုံး တွေ့ရပါသည်။ [သတိ သံဝေ ရစေမင်း]

၄၈။ ကုသိုလ်ကံကုန်ပုံ၊ အကုသိုလ်ကံတိုးပွားပုံ။

၁၀+၂၀+၃၀+၄၀+၅၀+၆၀+၇၀+၈၀+၉၀+၁၀၀၊ ကုသိုလ်ကံပုံ။

၁၀၀-၉၀-၈၀-၇၀-၆၀-၅၀-၄၀-၃၀-၂၀-၁၀၊ ရှိရင်းလျော့ပုံ။

၁၀+၂၀+၃၀+၄၀+၅၀+၆၀+၇၀+၈၀+၉၀+၁၀၀၊ အကုသိုလ် ပွားပုံ။

လူများမှာ ဖွားစက စ၍ အသက် ၄၀—၅၀ အရွယ် အထိ အရာရာတိုးပွားလျက် နေပေ၏၊ အဲဒါကို အာဟာရ တခုထဲကြောင့် တိုးပွားတယ်-ဟု အခိုင်အမာ မှုရင်း ပဓါန ကဲ့သို့ မှတ်မှား၍နေကြ၏ ၎င်းတို့အမှတ်သည် မှန်ကန်ခဲ့ပါ သော်၊ အသက် ၄၀—၅၀ အရွယ်၌ရင်း ၆၀-၇၀-၈၀-၉၀ ၁၀၀-အရွယ်၌ ရင်း အရပ်လဲ တိုးပွားစေရာ၏၊ အရိုးလဲ တိုးပွားစေရာ (၃၂) ကောဋ္ဌာသ လဲ တိုးပွား စေရာ ရှိပေ၏။ ဖွားစက အသက် ၅၀- အထိလဲ အာဟာရ စားတာ ပါဘဲ၊ ၅၀-က ၁၀၀ အထိလဲ အာဟာရစားတာပါဘဲ၊ စားတုန်း ပါဘဲ၊ တိုးပွား ပါလား ကွယ်၊ အာဟာရ တခုထဲ ကြောင့် ဆိုလျှင် ဆင်ကောင်ကြီးလောက်ပင် ကြီးဘို့ရှိခဲ့၏၊ အသက် ၅၀- ထက် လွန်လျှင် ဘာဘဲစားစား မကြီးပွားတော့ပြီ။

အာဟာရံသဏ္ဌေ ဝိဘဇ္ဇတိ ဟူ၍ ဘုရားမဟောခဲ့ပါဘူး။
ဗိတ္တုံသဏ္ဌေ ဝိဘဇ္ဇတိ ဟူ၍ ဘုရားမဟောခဲ့ပါဘူး။
ဥတုသဏ္ဌေ ဝိဘဇ္ဇတိ ဟူ၍ ဘုရားမဟောခဲ့ပါဘူး။

ကမ္မံသဏ္ဌေ ဝိဘဇ္ဇတိ-ဟူ၍သာ ဘုရားဟောခဲ့ပါသည်။
(ကံကိုသာလျှင် အရင်းထား၍ ဟောပုံကား)
ကမ္မသကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ

ကမ္မဗန္ဓု ကမ္မပဋိသာ ရဏာ။ ယံကမ္မံကရိဿာမိ
ကလျာဏံဝါ၊ ပါပကံဝါ။ တဿဒါယာဒေါ
ဘဝိဿာမိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။ ။

ပဉ္စကနိပါတ် အဘိဏှသုတ်ပါဠိတော်။

အဟံ၊ ငါသည်။ ကမ္မဿကော၊ ကံသာလျှင်မိမိဥစ္စာ ရှိသည်။ ကမ္မဒါယာဒေါ၊ ကံသာလျှင်အမွေခံရှိသည်။ ကမ္မယောနိ၊ ကံသာလျှင် အကြောင်းရင်း ရှိသည်။ ကမ္မဗန္ဓု၊ ကံသာလျှင် အဆွေခင်ပွန်းရှိသည်။ ကမ္မပဋိသရဏော၊ ကံသာလျှင် ကိုးကွယ် လဲလျောင်းစရာရှိသည်။ အမှီ၊ ဖြစ်၏။ ကလျာဏံဝါ၊ ကောင်းသည်လည်း ဖြစ်သော။ ပါပကံဝါ၊ မကောင်းသည်လည်း ဖြစ်သော။ ယံကမ္မံ၊ အကြင် ကံကို။ ကရိဿာမိ၊ ပြုအံ့။ တဿကမ္မဿ၊ ထိုကောင်းမှု ကံ–မကောင်းမှုကံ၏။ ဒါယာဒေါ၊ ကောင်းမွေ-ဆိုးမွေခံသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ အဘိဏှံ၊ နေ့ည မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

### ၄၉။ ပစ္စုပ္ပန် အကုသိုလ်ကံများ ဝင်၍နေပုံကား

ဝိတိက္ကမကိလေသာ။ ပရိယုဋ္ဌာနကိလေသာ။ အနုသယကိလေသာ။ လူတယောက်မှာ ဒုစရိုက်ကံ အဖြစ်နှင့် ဝင်၍နေသည်ကား၊ တစက္ကန့် အချိန်ကလေး၌ပင် ဝိတိက္ကမကိလေသာပေါင်း ကုဋေ တသိန်းစီနှင့် ဝင်၍ နေပါသည်။ စက္ကန့်က- မိနစ်ဖြစ်၊ မိနစ်က- နာရီဖြစ်၊ နာရီက- ရက်ဖြစ်၊ နေ့ရက်က- လဖြစ်၊ လ က- နှစ် ဖြစ်၊ နှစ် က- ဘဝ ဖြစ်၍ ဝိတိက္ကမ အကုသိုလ်တွေ မြစ်ရေအယဉ်ကဲ့သို့ဝင်၍နေပေရာ ဝိတိက္ကမအပေါက်ကပင် အပါယ်ဘဝတွေ ကမ္ဘာ တရာမျှ

ရ၍ နေတော့၏၊ တဖန်– တခါ တရံတွင် စိတ်ထဲ၌သာ အကုသိုလ်ဖြစ်၍ ပရိယုဋ္ဌာန ကိလေသာနယ်က တစက္ကန့် အတွင်း ကုဋေတသိန်းနှင့် အကုသိုလ် ကိလေသာများဝင်၍ နေပါသည်။

သံသရာဩ္ဃန်းတရက်ကစ၍ ယနေ့အထိမှုကား- အမြဲ တမ်းလိုပင် မြစ်ရေများ သမုဒ္ဒရာကြီးသို့ဝင်၍ နေသကဲ့သို့ ခန္ဓာကိုယ်ထဲသို့ အနုသယ ကိလေသာများ တစက္ကန့်လျှင် ကုဋေတသိန်းစီနှင့် ဝင်၍ နေပေ၏။ နှင်းကျ ပမာလို ဝင်၏ မိုဃ်းဖွဲများလို ဝင်နေ၏၊ စက္ကန့်က- မိနစ်ဖြစ်၊ မိနစ်က- နာရီ ဖြစ်၊ နာရီက- ရက်ဖြစ်၊ ရက်က- လဖြစ်၊ လက- နှစ်ဖြစ်၊ နှစ်က- ဘဝဖြစ်၊ ဘဝက- ကမ္ဘာဖြစ်၊ ကမ္ဘာက- သံသရာ ဖြစ်၍ ဝင်ကာဝင်ကာ လာခဲ့ရာ သံသရာတလျှောက်လုံးစု၍ လာခဲ့တယ်၊ ပုံ၍ လာခဲ့တယ်၊ ဒီလို အကုသိုလ်တွေ ကုန် အောင် အပါယ်ကျခံရလျှင် ဘယ်ကပ် ဘယ်ကမ္ဘာကျခါမှ အပါယ်မီးထဲက ကျွတ်လွတ် ထွက်မြောက်တော့အံ့ နည်း။

အပါယ် လေးဘုံ က ထွက်မြောက်ဘို့ လမ်းစ ပင် မမြင်တော့ပါ။ ။

## ၅၀။ တေမိမင်းဘဝ၌ ကြောက်လန့် တုန်လှုပ်နေပုံ

တေမိမင်း၏ အလောင်းယာ ဗာရာဏသီ မင်းဖြစ်စဉ် က အနှစ် (၂၀) နန်းစံမိ၍ ဥဒဿ ငရဲ၌ အနှစ်ရှစ်သောင်း ငရဲကျခံခဲ့ရာ ဝေဖန်စိတ်ဖြာ၍ကြည့်လေ့....

တရက်– နန်းစံမိလျှင် ရက်ပေါင်း....၄၀၀၀ ငရဲ ခံရမည်။
တလ – နန်းစံမိလျှင် လပေါင်း....၄၀၀၀ ငရဲ ခံရမည်။
တနှစ် – နန်းစံမိလျှင် နှစ်ပေါင်း....၄၀၀၀ ငရဲ ခံရမည်။

တဘဝ— နန်းစံမိဖျင် ဘဝပေါင်း....၄၀၀၀ ငရဲ ခံရမည်။
နှစ်-၂၀ — နန်းစံမိဖျင် နှစ်ပေါင်း....၈၀၀၀၀ ငရဲခံရမည်။

ပါရမီလဲရင့်၊ ဗျာဒိတ်လဲရ၊ သန္ဓေကြီးလဲ ၂၀ ကျင့်ပြီးသား အလောင်းတော်ကြီးမှ ငရဲကျပြီး ဤမျှလောက်ခံရသေးပေရာ သင်တို့ ငါတို့လို သာမန် လူစားကား.... ငရဲမှ လွတ်မြောက်ဘို့ပင် မြင်ပါသေးရဲ့လား တပည့်တို့ရယ်.... ဤမျှလောက် များပြားလှစွာသော ကိလေသာ အကုသိုလ်တို့ကို ဝိပဿနာဓားကြီးဖြင့် ဈာပနပြာချ၍ပြစ်ကြကုန်လော့။

(ဈာယေထဘိက္ခဝေ ကိလေသော ဝိပဿနာ အဂ္ဂိန)
ဈာပန သံယုဂ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ ကိလေသေ၊ ကိလေသာ အနန္တတို့ကို။ ဝိပဿနာ အဂ္ဂိနာ၊ ဝိပဿနာမီးဖြင့်။ ဈာယေထ၊ မီးရှို့ပြာချကြပါကုန်လော့....တဲ့။

### ၅၁။ ဝိပဿနာဖြင့် ပြာမချခဲ့လျှင်

အစ္ဆရာသံဃာတတ္တခဏောနာပိ တုမှာကံ ဘဝံ
နဝဏ္ဏေမ်ိ နပဏ္ဏေမိ။ ။ ကေအဂုံတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ ချစ်သားတို့။ တုမှာကံ၊ သင်တို့၏။ ဘဝံ၊ လူနတ် ဗြဟ္မာဘဝတွေကို။ အစ္ဆရာသံဃာတတ္တခဏောနာပိ၊ လက်ဖြစ်တတွက် မျက်စိတမှိတ်ခန့် ကာလမျှလည်း။ အဟံ၊ ငါဘုရားသည်။ နဝဏ္ဏေမိ၊ မချီးမွမ်းနိုင်ပေ။ နပဏ္ဏေမိ၊ မတောင်းတနိုင်ပေ။ နဝဏ္ဏေမိ၊ တစက္ကန့် အတွင်း နှင်းကျသလို ဆင်းနေသ ဖြင့် ဇွတ် အတင်း မချီးမွမ်းဝံ့တော့ပေ။ နပဏ္ဏေမိ၊ ခန္ဓာကိုယ် ဘီလူးမကာ အကုသိုလ် အရှုးထကြ

သဖြင့် မမြူးရအောင် အပါယ် သို့ ချ လေ သော ကြောင့်.... ဩော်- ရွှယ်လို့ တောင်မှ မတောင့်တဝံ့တော့ပါပြီတကား။

## ၅၂။ ဘုရားသခင်ကြီးက မေး၍နေပါပြီ- ဖြေကြစမ်းပါ

ဘုရားအမေး....

၁။ ချစ်သားတို့ရဲ့ကိုယ်မှာ အဘယ် တရားများ သာလျှင် ရှိ၍နေပါသလဲ။

၁၊ ဖြေ။ ရုပ်တရားနှင့်နာမ်တရားသာလျှင်ရှိ၍နေပါသည်

၂။ ရုပ်တရားအစစ်ကို ပြောပြစမ်းပါချစ်သား။

၂။ ဖြေ။ ပူသဘော-အေးသဘော၊ နုသဘော-မာသဘော စသောသဘောမျှလက္ခဏာမျှကိုသာ ရုပ်ဟူ၍ခေါ်ပါ သည်။

၃။ နာမ်တရားအစစ်ကို ပြောပြစမ်းပါ ချစ်သား။

၃။ ဖြေ။ မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း စသော အသိတရားနှင့်၊လောဘ၊ဒေါသ၊မောဟ၊သဒ္ဓါစေတနာ ပညာတို့ကို နာမ်-ဟု ခေါ်ပါသည်။

၄။ ရုပ်တရားကို တွေ့တော့ ဘယ် ဉာဏ်ကို ရပါ သလဲ ချစ်သား။

၄။ ဖြေ။ ပူတာကရုပ်တရား၊ အေးတာကရုပ်တရား၊ ဤသို့ သိသောဉာဏ်ကား ယထာဘူတ ဉာဏ်၊ သမ္မာဒဿန ဉာဏ်၊ သမ္မာဒိဋ္ဌိ ဉာဏ်၊ ရူပ ပရိစ္ဆေဒ ဉာဏ်၊ ရုပ်ဝိဇ္ဇာ များကို ရပါသည်။

၅။ ဒီလို သိတော့ ဘယ် တရားများ ကွာသွား ပါသလဲ ချစ်သား။

၅၊ ဖြေ။ ရုပ် ကို အမှန် သိတော့ အမှား စင်ကြယ်၍ ဒိဋ္ဌိ ကွာသွားပါပြီ ယုံမှားခြင်းကင်းတာက ဝိစိကိစ္ဆာ ကွာသွားပြီး အဝိဇ္ဇာကမဖုံးလွှမ်းနိုင်သဖြင့် အဝိဇ္ဇာလဲ ကွာသွားပါပြီ၊ ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာနယ်မှ လွတ်မြောက် ပါပြီ။

၆။ နာမ်တရားကို တွေ့တော့ အဘယ်ဉာဏ်များကိုရသလဲ ချစ်သား။

၆။ ဖြေ။ နာမ်တရားကိုအမှန်သိတော့ ယထာဘူတ ဉာဏ် သမ္မာဒဿနဉာဏ်၊ သမ္မာဒိဋ္ဌိဉာဏ်၊ နာမရူပ ပရိစ္ဆေဒ ဉာဏ်၊ နာမ်ဝိဇ္ဇာများကို ရရှိနိုင်ပါသည်။

၇။ နာမ် ဒီ လို သိတော့ အဘယ် တရားများ ကွာသွားပါ သလဲ ချစ်သား။

၇။ ဖြေ။ နာမ်ကို အမှန်သိသော အမှား စင်ကြယ်၍ ဒိဋ္ဌိ ကွာသွားပါပြီ၊ ယုံမှားခြင်း ကင်းတာ က ဝိစိကိစ္ဆာ ကွာပုံတည်း၊ အဝိဇ္ဇာက မဖုံးလွှမ်း နိုင်သဖြင့် အဝိဇ္ဇာ မောဟလဲ ကွာသွား ပါပြီ၊ ဒိဋ္ဌိ၊ ဝိစိ၊ အဝိဇ္ဇာမှ လွတ် မြောက်ပါသည်။

## ဘုရားရှင်၏ မိန့်ခွန်းတော်

မိမိသည် မိမိကိုယ်ကိုသာအချစ်ဆုံးဖြစ်၏၊ မိမိကိုယ် ကို ချစ်လျှင် အကုသိုလ် မဖြစ်ရအောင် ကုသိုလ် ပွား များ အောင် မိမိကိုယ်ကိုကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ် သုံးပါးတို့တွင် (အနည်းဆုံး) တပါးပါးသော အရွယ်၌ ပညာရှိသော ဉာဏ်ရှိသော သူသည် မိမိကိုယ်ကို အကု သိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

ရှေဦးစွာ မိမိ ကိုယ်တိုင် သင့် လျော် ကောင်းမြတ်သော အကျင့်ကို ကျင့်ရာ၏၊ နောက်မှသူတပါးတို့ကို ဟောပြော ဆုံးမရာ၏၊ ထိုသို့ကျင့်သော (သူသည်)ပညာရှိသည် သူတပါးတို့ ကဲ့ရဲ့ခြင်းမှ ကင်းလွတ်၍ စိတ်ပင်ပန်း ညစ်နွမ်းခြင်း မဖြစ်ရာ၊ သူတပါးကိုဆုံးမသကဲ့သို့ မိမိကိုယ်ကို ဆုံးမရာ၏၊ (သူတပါးအား ဟောသောတရားကို မိမိကျင့်ရာ၏) မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီးမှ သူတပါးကို ဆုံးမရာ၏ မိမိကိုယ်ကိုဆုံးမရန်ကား အလွန်ခဲယဉ်း၏။

မိမိသည်သာလျှင် မိမိ၏ ကိုး ကွယ် ရာ ဖြစ် ရာ ၏၊ သူတပါးသည် မိမိ၏ကိုးကွယ်ရာ အားထားရာ အဘယ်မှာဖြစ်ရာအံ့နည်း၊ မိမိကိုယ်ကို ဆုံးမခြင်းအားဖြင့် ရခဲလှသည့် နိဗ္ဗာန် တည်းဟူသော အတုမဲ့ချမ်းသာမြတ် ကို ရလေ၏၊

**ဘုရား သခင်ကြီး နှင့် တွေ့၍ ဘုရားသခင်ကြီး က မေး၍နေပါပြီ ဖြေကြစမ်းပါ။**

အချို့သော လူ နတ် ပြဟ္မာ တွေက ခန္ဓာ ကိုယ်မှာ— ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ-၅-ခုသာ ရှိသတဲ့။ အသား၊ အကြော၊ အရိုး၊ ရိုးတွင်း ချဉ်ဆီ၊ အညှို- ၅-ခု။ နှစ်လုံး၊ အသဲ၊ အခြေမြႇး၊ အဖျဉ်း၊ အဆုပ်-၅-ခုသာ ရှိသတဲ့။ အူမ၊ အူသိမ်၊ အစာ သစ်၊ အစာ ဟောင်း၊ ဦးနှောက်- ၅- ခု။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ- ၆-ခု။ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်- ၆-ခု၊ အဲဒါလို ခန္ဓာ ကိုယ်မှာ (၃၂) ကောဋ္ဌာသ ရှိ၍နေတယ်ဆိုတာကော မှန်သလား— မှားသလား ဖြေဆိုကြပါ ချစ်သားတို့ရယ်။

ခန္ဓာကိုယ်မှာ ရှိ၍နေတဲ့ ရုပ်တရား နာမ်တရားများ ဟာ သမုဟ ပညတ်လဲမရှိ၊ ဃ န ပညတ်လဲ မရှိ၊ သဏ္ဍာန ပညတ်လဲမရှိ၊ သန္တတိပညာလဲမရှိ၊ နာမ ပညတ်လဲမရှိ၊ ယူ မရ၊ ကိုင်မရ၊ ရွှေ့မရ၊ ခါးနဲ့ခုတ်မရ၊ တုတ်ရိုက်မရ၊ လှံနဲ့ ထိုးမရ၊မီးရှို့မရ၊ လွှတိုက်မရ၊မြင်လို့မရ စသောသဘော များသာ ၊ဓါတ်တရားများသာ၊ သတ္တိများသာ အာနုဘော်များသာ တန်ခိုးများသာ ရှိပါသဖြင့် ယခု လူနတ်ဗြဟ္မာတို့ ထင်မြင်နေ သော (၃၂) ကောဋ္ဌာသမှာ ပညတ် ၅ ပါး တွေ့မြင်နေပါ သောကြောင့်၊ အမြင်မှား အထင်မှား အမှတ်မှားခြင်း၊ ဝိပလ္လာသ နယ်က မလွတ်သေးပါ၊ ပရမတ် တရားသို့ မရောက်သေးပါ ပညတ်သာတည်း။

ပဿစိတ္တကတံဗိမ္ဗံ၊ အဒုံကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ ယဿ နတ္ထိ ဓုဝံ ဌိတိ။

ဓမ္မပဒပါဠိတော် သိရိမာနှင့် နန္ဒမာတာဥတ္တရာ။

စိတ္တကတံ၊ အဝတ်တန်ဆာ ဖုံးလွှမ်းကာဖြင့် ဆန်း ကြယ်စွာပြုအပ်သော။ ဗိမ္ဗံ၊ သဏ္ဍာန် ထုလုပ် အရုပ် နှင့် လည်းတူထသော။ သမုဿိတံ၊ အရိုးသုံးရာ အကြော ကိုးရာဖြင့် ဘွဲ့ကာ စိုက်ဆောက်အပ်ထ သော။ အာတုရံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါဖြင့်၊ ကျင်နာ တုန်လှုပ် ခြင်းလည်း ရှိထသော။ ဗဟုသင်္ကပ္ပံ၊ များစွာသော အကြံ လည်းရှိထသော။ ဝါ—များစွာ ဖေါက်ပြန် ကြံစည်နှစ်သက် တပ်မက်ငြိတွယ်ခြင်းလည်း ရှိထသော။ အဒုံကာယံ၊ ဤ-ခန္ဓာကိုယ်ကို။ပဿ၊ ရှုကြပါတော့။ ယဿ၊ အကြင်ရုပ်နာမ် နှစ်ဖြာ စုဝေးရာဖြစ်သော ခန္ဓာကိုယ်၏။ ဓုဝံ၊ မြဲမြန် ကြာ

ရှည်စွာ။ ဋ္ဌိတိ၊ တည်ကြည်ခြင်း သဘောသည်။ နတ္ထိ၊ မရှိချေ ပြီတကား။ ။

# သံဝေဂ တရားတော်ကြီး

ကမ္ဘာတသိန်း အလွန် ရှိသော လေးသင်္ချေကာလ ပါတ်လုံး သုံးဆယ်သော ပါရမီတရားကို ကြီးမား လွန်ကဲသောဝိရိယတော်နှင့်တကွ သူ့ဘပါးထက်ထူးချွန်၍ အလွန် အကျူး ဆည်းပူး ဖြည့်ကျင့်ခဲ့သဖြင့်၊ ပင်မြင့် ရတနာ မဟာ ဗုဒ္ဓဟောအောက်၊ ပေါ်ရောက် သက်ထွန်းလာသော အပ္ပရာ ဇိတ၊ အောင်ဌာန အပြင်ဝယ်၊ လှူတွင် အထွန်း တန့်တ် ရတနာ၊ မဟာအတုလ သမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ သည်မှစ၍ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အထူး လွန်ကျူးကဲမြင့် ကြီးရင့် သန့်ရှင်းတော် မူသဖြင့်၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ သည် ကျောင်းသက်န်း ဆွမ်း ဆေး လေးပါး သော ပစ္စည်း၊ အာမိသတို့ဖြင့်၊ နေ့ ည ကြည်ဖြူ၊ ကပ်လှူ ပူဇော်ကြသည်ကို၊ သာကြည်လွယ်ကူ၊ ခံတော်မူထိုက်သော ဂုဏ်သတ္တိ အရကြောင့်။

ပူဇာဝိသေသံ ပဋိဂ္ဂဏ္ဟိတုံ၊ အရဟတီတိ အရဟံ-ဟူသော ဝစနတ္ထနှင့် လျော်ညီစွာ၊ ကိုးဖြာသော ဂုဏ်တော် အလျ တွင် အရဟံ- ဟူသော အမည်တော်အထူး၊ ရှေ့ဦး စွာသော ဂုဏ်တော်နာမဖြင့်၊ ပြန့်နှံ့ ကျော်ကြား ထင်ရှား တော်မူသော လောကထွင်ထား ဘုရားသခင်သည်၊ ၀ါ့ပြင် ဆုံးမ ဩဝါဒပေးတော်မူရာ ဒေသနာမြွတ် ပိဋက သုံးပုံတို့

တွင် သုတ္တန်ဓမ္မ၌ လောဘ ဒေါသ-မောဟတည်းဟူသော ရန်သူကြီး သုံးဦးကို၊ အထူးသဖြင့် သိမြင်ကြစေခြင်းငှါ-၊ ကောင်းစွာသိမြင်ကြသဖြင့် ထိုအဇ္ဈတ္တန်ရန်သူ သုံးယောက်တို့၏ ပျောက်ရာ ပျောက်ပျက်ကြောင်း၊ ကောင်းမြတ်သော သမာ ဆန္ဒဖြင့် လုလ္လ ပြုကြစေခြင်းငှါ၊ ကောင်းစွာ လုလ္လ ပြုကြသဖြင့် မြင့်မြတ်ကြီးကျယ်သော နိဗ္ဗာနသစ္စာ ရတနာ ရွှေနန်း၌ စံမြန်းပျော်ရွှင်ကြစေခြင်းငှါ—

တယောမေ ဘိက္ခဝေ အန္တာ့ ရာ ပစ္စတ္တိကာ အစရှိသော ဒေသနာတော်ကို ဟောတော်မူသည်။

ဘိက္ခဝေ၊ သံသရာဘေး လေးသောဝန်ကို အလွန်ကြောက်ရွံလေ့ရှိသော။ ပစ္စတ္တိကာ၊ သံသရာ၌ ကမ္ဘာ အဆက်ဆက် နှိပ်စက် ညှင်းဆဲတတ်သော ရန်သူတို့သည်။ ဣမေတယော၊ ဤ-လောဘ-ဒေါသ-မောဟ တရား သုံး ပါးတို့သာတည်း။

ယင်းသို့ ဟောတော် မူရာ ဒေသနာမြေ၌၊ ဒေသက ဖြစ်သောဘုရားအလိုတော်ကား၊ သံသရာဘေး လေးသောဝန်ကို ကြောက်ရွံလေ့ ရှိသော တရားနာသူ အပေါင်း တို့ အလုံးစုံသော သတ္တဝါ ဝေနေယျ တို့၏ အဇ္ဈတ္တ သန္တာန်၌ သံသရာ အဆက်ဆက်၊ ကမ္ဘာအဆက်ဆက် နှိပ်စက်ညှင်း ဆဲဘတ်သော လောဘ၊ ကြမ်းကြုတ် ပြစ်မှားတတ်သော ဒေါသ၊ မိုက်မဲတွေဝေတတ်သော မောဟ— ဤ သုံးပါး တို့သာတည်း ဟူ၍ သုံးရပ်ဘုံသူ၊ နတ် လူတို့ ဆရာ၊ မြတ်စွာ ဘုရား ဘောကြားပဲ့ပြင် သွန်သင်ဆုံးမ ဩဝါဒ ပေးတော်မူသည်၊ ဤ သို့ ရန်သူကြီး သုံးဦးတို့သည်ကား ငှဲ့စား

ဖြားယောင်း၍ငရဲတိရစ္ဆာန်၊ပြိတ္တာ၊ အသူရကာယ် အပါယ် လေးဘုံ သို့ ရောက် အောင် ရွက်ဆောင် စီမံ တတ်သည်၊ လူ့ချပ် လူ့ပြည်၌ ဖြစ်ကြစဉ် ကာလက လောဘ- ဒေါသ- မောဟ တည်းဟူသော ကိုယ်တွင်းရန်သူတို့သည် လှောက်ကူ ဆော်နှိုးသဖြင့် ကိုယ်ကျိုးရှိမည် အထင် နှင့် ပြုခြင် သမျှ ပြုကြ၍ ဘဝ တိမ်းစောင်းလျှင် မကောင်းကျိုး အခွင့်ပေးသောကြောင့် လေးပါး သော အပါယ်သို့ ရောက်လျှက် လန့်ကြောက်စရာ ကြီးစွာသောအပါယ်ဒုက္ခကိုခံကြရသည်သာ ဖြစ်သည်။

ထို့ကြောင့် လောက၌ ရာဇဝတ် မင်းဒါဏ် ခံရမည်ကိုကြောက်လျှင် မင်းဒါဏ် ရာဇဝတ်နှင့်ယှက်စပ်သောအမှုကို မပြုမပြောဘဲရှောင်လွဲရသကဲ့သို့၊ထို့ တူပမာ သာသနာတော်၌ အပါယ်ဒုက္ခသို့ မကျ မရောက်လိုလျှင် အပါယ်ကျမည့်အမှုကို မပြုမပြော သဘောဖေါက်ပြန်၍ မကြံမစီသာချေ၊ ငရဲ-တိရစ္ဆာန်-ပြိတ္တာ-အသူရကာယ် အပါယ်လေးပါး၌ကြီးမားသောဆင်းရဲဒုက္ခကိုခံကြရသော သတ္တဝါဟူသမျှပင် လူဖြစ်စဉ် ကာလက လောဘ- ဒေါသ- မောဟ ရန်သူခေါ်ယူဖြားယောင်းရာ ပါမိကြ- လိုက်မိကြ၊ အင်းမျှမတန်ကံနှင့် လျော်စွာ သက်သာရာ မရ ခံကြရ တွေ့ကြရသည်။

ငါတို့သည်လည်း လောဘ- ဒေါသ- မောဟ-တည်းဟူသော ကိုယ်တွင်းရန်သူ မြှူရာ သွေးရာ ပါမိ လိုက်မိချေလျှင် သေသည်မှနောက်ဝယ် အပါယ်လေးဘုံသို့ ရောက်ရချေ၏ဟု သံဝေဂမိမိ သတိရရ သတိရရ သဘောကျသဖြင့် လောဘ-ဒေါသ-မောဟ တည်းဟူသော ရန်သူ ၃-ယောက်ကို ကြောက်ဘတ်ကြစေ၊ သတိရကြစေ။

မဝေဖန်နိုင်စကောင်း အသောင်းအသိန်းမက အပါရ ဒုက္ခ၊ သံသရာဝဋ်ဒုက္ခဒွဲ ခံကြရအောင် ရှက်ဆောင်တတ်သော လောဘ-ဒေါသ-မောဟတရား ဤသုံးပါးတို့သည် အခြားတပါးသောသူကို နှိပ်စက်တတ်သည်မဒို၊ မိမိတို့မှီရာ ကိုယ်ခန္ဓာ ကို သံသရာ၌ ကမ္ဘာအဆက်ဆက် နှိပ်စက် ညှင်းဆဲလျက် ဆင်းရဲ ပျက်စီး ကိုယ်ကျိုးကြီး ယုတ်အောင် ရှက်ဆောင်ပြုပြင် စီရင် ညှင်းဆဲသည်သာလျှင်ဖြစ်သည်။

ထိုကြောင့်—

လောဘ ဒေါသ မောဟပိစ၊ ပုရိသံ ပါပစေတသံ။

ဟိံသန္တိအတ္တသမ္ဘူတာ၊ တစသာရံ ဝစဖလံ-ဟု၍

ဟောတော်မူသည်။

လောကေ၊ လောက၌။ တစသာရံ၊ ဝါးပင်-ပေပင်-ကြူပင်ကို။သဖလံ၊ မိမိ၏ ဝါးသီး-ပေသီး- ကြူသီး သည်။ ဟိံသန္တိဣဝ၊ ညှင်းဆဲနှိပ်စက် ဖျက်ဆီးသကဲ့သို့။ ဝါ—သေအောင်သတ်သကဲ့သို့။ တထာ၊ ထို့အတူ။ သာသနေ၊ သာသနာတော်၌။ ပါပစေတသံ၊ ယုတ်မာသော နှစ်လုံးသွင်းရှိသော။ ဝါ နှစ်လုံးသွင်းယုတ်မာသော။ ပုရိသံ၊ယောကျ်ားကို။လောဘောစ၊လောဘသည်လည်းကောင်း။ဒေါသောစ ဒေါသလည်း ကောင်း။ မောဟောစ၊ မောဟသည်လည်းကောင်း။ အတ္တသမ္ဘူတာ၊ ကိုယ်တွင်း သဏ္ဍာန်၌၊ သံသရာမဆုံးသမျှ၊ဘဝများစွာ၊ ကမ္ဘာအဆက်ဆက်ဖြစ်ကုန်သော ဣမေတယော၊ ပစ္စတ္တိကာ သုံးယောက်ကုန်သော ရန်သူတို့သည်။ဟိံသန္တိ၊ ညှင်းဆဲ နှိပ်စက် ဖျက်ဆီးကုန်၏။

ထို့ကြောင့်၊ ဝါးပင် ပေပင်- ကြူပင် ကို ဖျက်ဆီးသော ဝါးသီး-ပေသီး-ကြူသီးနှင့် တူစွာ ကိုယ်ခန္ဓာတွင်း၌ တည်နေမှီခိုလျက် ကိုယ်ကို ဖျက်ဆီးတတ်သော လောဘ-ဒေါသ-မောဟ- ဟူသော ကိုယ်ဘွင်း ရန်သူတို့ သည် လူ့ပြည်၌ ရှိသော လူအပေါင်းကို ဖြားယောင်း ဆွဲငင်၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ် လေးပါးသို့ ကျအောင်၊ ပစ်ချတတ်သော ရန်သူ၊ နတ်ပြည် ခြောက်ထပ်၌ မပြတ် ခံစားသော နတ်သား နတ်သမီးကိုလဲ လှည့်စားသွေးငင်၍ လေးခွင်သော အပါယ်ဝ သို့ ပစ်ချတတ်သော ရန်သူ၊ အထက် ဘဝဂ်တိုင်အောင် ရောက်၍ ထွန်း တောက် သော ကိုယ်ရောင် ကိုယ်ဝါတို့ ဖြင့် ကောင်းစွာ ပျော်စံ သော ပုထုဇ္ဇန်ဗြဟ္မာကြီးတို့ကိုစဉ်လျက် ခေါ်ငင် လှည့်စား ဖြားယောင်း ယူသွေး၍ လေးပါး သော အပါယ်ဘုံသို့ အလိုလိုသွားအောင် အားထုတ် လုလ္လအုဿဟ ပြုတတ်ကုန်သော ရန်သူ၊ အတုမရှိ အဖက်မရ အသ တိသ ရန်သူကြီးဖြစ်ကုန်သည်၊ အစိန္တေယျ လောက ထွဋ်ထား ဘုရားသခင် ကိုယ်တော်နှင့် တကွ အရှင်သာရိ ပုတ္တရာ ကိုယ်တော် စသော သားတော်ကြီး ခေမာ- ဥပ္ပလ ဝဏ် စသော သမီးတော်ကြီး တို့သည် မီးဆယ့်တတန် ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ပြေး၍ ဘေးလွတ်ရာ၌၊ ချမ်းသာ မွေ့လျော် စမ့်ယ်တော် မူကြကုန်သည်ကား တပါးတခြား မဟုတ်တုန်ပြီ။

လောဘ ဒေါသ မောဟ တို့က နှိပ်စက်လှ၍ မနေဝံ့ကြအဖြင့် ထွက်ပြေးတော်မူကြကုန်သည်၊ ယခု ငါတို့ သူငါ မထွက် မပြေး ချမ်းသာ နေဝံ့ကြကုန်သည်း အဝိဇ္ဇာ နှင့်

တဏှာသဟဲ့ သူ့ရဲကြီးနှစ်ယောက်တို့က မကြောက်မလန့်ရအောင်၊ ကာလမပြတ်၊ နောက်ပိတ်ရှေ့ဆီး၊ မငြီးမငွေ့စေခြင်းငှါ၊ အခါခါ ကြည့်ရှု ထောက်မ လုလ္လ ပြု၍ ကာလရှည်ကြာစွာ အခါခါ အတန်တန် ပဋိသန္ဓေ နေခြင်း ဘေးမကင်း၊ အိုခြင်းဘေး မကင်း၊ နာခြင်းဘေးမကင်း၊ သေခြင်းဘေး မကင်း၊ ဆင်းရဲအစုစုကို ယခုထက်တိုင် ခံနေကြရသည်၊ အဝိဇ္ဇာနှင့် တဏှာသဟဲ့ သူ့ရဲကြီး နှစ်ယောက်တို့ကို ခိုမှီရာ မရချေတုန်အံ့၊ ငါတို့ သူငါလည်း မြတ်စွာ ဘုရားကိုယ်တော် သားတော်ကြီး သမီးတော်ကြီး တို့ကဲ့သို့ ပင်နှောင်အိမ် ထက် ယုတ်မာသောသံသရာမှ ထွက် ပြေး၍၊ ဘေးလွတ်ရာ နိဗ္ဗာန်သို့ ပျော်စံကြရချိန် သင့်လှပြီ။

အဝိဇ္ဇာ-တဏှာတို့၏ အလိုသို့သာလိုက်၍ စိတ်ကြိုက်စိတ်ထင် ပြုခြင်းသမျှ ပြုကျင့်သျှက် မသင့် မလျော်၊ ခတော်မတရား နေမှားမိကြသော ကြောင့် သံသရာ ဝဋ်ဆင်းရဲ၌၊ မြင့်မြတ်ရှည်၊ ကျင်လည် နစ်မွန်းကြချေကုန်ပြီ၊ သတိရရ လုလ္လပြုကြ သဖြင့် ကျင့်ကြံ အားထုတ်ခွင့် သင့် လှ တော့သည်၊ လောက၌ လိမ္မာသော ဆေးသမားသည် သနားလှသောကြောင့် ကြဉ်ရှောင် အပ်သည်ကို ကြဉ်ရှောင်၍ သုံးအပ်သော ဆေးဝါးကို သုံးစားစေခြင်းငှါ ပြောဆိုပါသည်ကို မနာမယူသော သူနာမိုက်ကဲ့သို့ အလိုက်မသိ၊ သတိမရမဖြစ်ကြစေကုန်လင့်၊ အခွင့်ကို လိမ္မာသောသူနာ ပဏ္ဍိတကဲ့သို့ ဖြစ်ကြစေကုန်။

မိုက်မှုန် ခိုက်မှောင်၊ တိမ်တောင်ပမာ၊ ဖုံးလွှမ်း ကာသော၊ သူနာဗာလကဲ့သို့ ဖြစ်ကြသော သတ္တဝါကို ဘုရား

ဟောကြားပြသ ဆိုးမခြင်းငှါ တတ်နိုင်ရာသော အကြောင်း မရှိပြီဟု သုံးလူထွင်ဋ်ထား ဘုရားဗိန္ဓေယျာပင်ဟိန်းချတော်မူသော အကြောင်းကို....

တမဟံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ၊ အဇာနန္တံ အပဿန္တံ ကိန္တိကရောမိ - ဟူသော- ဒေသနာ ဓမ္မကို ခန္ဓဝဂ္ဂ သံယုဂ်၌ ဖွင့်ထုတ်ဟောမိန့်တော်မူသည်၊

ဘိက္ခဝေ၊ သံသရာဘေးကို မျှော်တွေး ထောက်ရှုလုလူပြု၍ လွတ်မှုရှယ်ကြောင်း၊ တောင်းတလေ့ ရှိသောတရားနာပရိဿတ်အပေါင်းတို့။ ပုနပ္ပုနံ၊ အခါခါ၊ ဝါ— အထပ်ထပ်၊ ဝါ--အဖန်တလဲလဲ။ ဇာတိတုံ၊ သိစေခြင်းငှါ။ ပဿိတုံ၊ မြင်စေခြင်းငှါ။ မယာ၊ ငါဘုရားသည်။ ဒေသိယမာနေ၊ ဟောတော်မူပါလျက်။ အဇာနန္တံ၊ မသိနိုင်သော အပဿန္တံ၊ မမြင်နိုင်သော။ ပုထုဇ္ဇနံ၊ အဝိဇ္ဇာ နှင့် တဏှာ ထူခပြောသော၊ အန္ဓံ၊ ပညာမျက်စိကန်းသော။ အစက္ခုကံ၊ ပညာမျက်စိ မရှိသော။ တံဗာလံ၊ ထိုသူမိုက်ကို။ အဟံ၊ သင်တို့ဆရာ ငါ ဘုရားသည်။ ကိန္တိ ကရောမိ၊ အဘယ်သို့ ပြုနိုင်တော့အံ့နည်း။ နရောမိ၊ ငါ ဘယ်သို့မျှ ပြုတော်မမူပြီ။

ဤသို့ မိန့်ဟ ဟောညွှန်ပြလျက် ဟိန်းချတော်မူသည် ကို ယုံကြည်စွာ နှစ်လုံးသွင်း၍ အဝိဇ္ဇာ နှင့် တဏှာ မူလ မြစ်မနှစ်မွှာကို၊ ပညာဖြင့်ခုတ်ဖြတ်မှ ဘေးခပ်သိမ်းငြိမ်းချမ်းမည်ဟု ဥာဏ်ရည် နှိုင်း ညှိ၍ သတိရကြစေ၊ သံသရာ ဝဋ်ဆင်းရဲ၏ မူလမြစ်မနှစ်မွှာ အဝိဇ္ဇာနှင့် တဏှာ ပြတ်စဲလျှင်

ဆင်းရဲအသုံးစုံ ကုန်ခမ်း လွှတ်ကင်း၍ ဘေးမသွင်းဆဲသော အရာကို ဥပမာနှင့်တကွ ဖော်ပြတော်မူခြင်းငှါ....

ယထာမူလေ အနုပဒ္ဒဝေဒဠှေ ဆိန္နောပိရုက္ခော၊
ပုနပ္ပုနံ ဝိရူဟတိ၊ ဧဝံတဏှာနုသယေ အနူဟတေ
နိဗ္ဗတ္တတိဒုက္ခမိဒံ ပုနပ္ပုနံ - ဟူ၍ ဓမ္မပဒ ပါဠိတော်၌
ဟောပြ မိန့်ဟတော်မူသည်။

ယသာရုက္ခသော၊ အကြင်သစ်ပင်၏။ မူလေ၊ အမြစ်သည်။ အနုပဒ္ဒဝေ၊ ဘေးဥပဒ်မရှိသည်ဖြစ်၍ မြဲမြံ ခိုင်ခန့်သည် ရှိသော်။ သောရုက္ခော ၊ ထိုသစ်ပင်သည်။ ဥပရိ၊ အထက်၌။ ဆိန္နောပိ၊ ဖြတ်ငြားသော်လည်း။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဝိရူဟတိယထာ၊ အညွန့်အတက်၊ ပေါက်ရောက်ထွက်၍ ရှင်ပြန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တဏှာနုသယေ၊ ဒွါရ ခြောက်ရပ်၌ ဖြစ်တတ်သော၊ တဏှာ ဟူသော အနုသယ သည်။ အနူဟတေ၊ အရဟတ္တ မဂ်ဉာဏ် သန် လျက်ဖြင့် မဖျက်မဖြုတ် မသတ် မနုတ်သေးသည်ရှိသော်။ တသ္မိံဘဝေ၊ ထိုထိုသောဘဝကြီးငယ်၌။ ဣဒံဒုက္ခံ၊ ဇာတိစသောဤ ဒုက္ခသည်။ ပုနပ္ပုနံ၊ အဖန်အလဲလဲ။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ယင်းသို့ ဟောပြ မိန့်ဟတော်မူရာ ဒေသနာအရှိကို သတိစဉ်းစား နှစ်လုံး ထား၍ ရှည်လျား လှစွာသော သံသရာဝဋ်ဒုက္ခ ၏ မူလ နှစ်မွှာ မှာ၊ အဝိဇ္ဇာ နှင့် တဏှာ ပြတ်စဲကြောင်း ကောင်းစွာ အားထုတ်ကြသင့်သည်။

ယခု ဟောတော် မူခဲ့တဲ့ ဒေသနာ တော် မြတ် သည် ဝေဏေယျဇ္ဈာသယ အားလျော်စွာ ဟောတော်မူခဲ့တဲ့သုတ္တန် ဒေသနာတော်မြတ် ဖြစ်ချေသည်။

ထိုမှတပါး ကမ္ဘာသင်္ချေ လွန်လေပြီးသော်လည်း အလွန်တရာ ကြားနာရခဲလှသော အဘိဓမ္မာ ဒေသနာ တော်မြတ်သည်ကား....

ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာဂတာနံ ဓမ္မာနံ၊ သမနန္တရ ပစ္စယေနပစ္စယော ပုရိမာ ပုရိမာ အကုသလာဓမ္မာ၊ ပစ္ဆိမာနံပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ သမနန္တရ ပစ္စယေနပစ္စယော ပုရိမာ ပုရိမာ အကုသလာနံ ဓမ္မာနံ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ သမနန္တရ ပစ္စယေန ပစ္စယော။ ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရ ပစ္စယေန ပစ္စယော။ ဤကဲ့သို့ အနန္တ နယ သမန္တ ပါသာဒိက ဖြစ်တဲ့ ပဋ္ဌာန်း ဒေသနာ တော်မြတ် ကို ဟောတော်မူသည်။

ယခု ဟောတော်မူသော သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတို့ကို ရှိသေ ကျိုးနွံစွာ နာခံ မှတ်သားရခြင်း-ဟု ဆိုအပ်သော ဓမ္မ သာဝန ကုသိုလ်စေတနာ မိမိတို့ သိမှတ် သားမိသ၍ကို- သူတပါးတို့အား ဟောပြော ပြသခြင်း ဟု ဆိုအပ်သော ဓမ္မဒေသနာ၊ ကုသိုလ်စေတနာ အထူးထူး သော ဒေယျဓမ္မ ဒါတဗ္ဗ ဝတ္ထု အစုစုတို့ဖြင့် ဘုရား အမှူးရှိ သော သံဃာတော်တို့အား လှူဒါန်းပူဇော်ရခြင်းဟု ဆိုအပ်

သော ဒါနကုသိုလ်စေတနာ။ ငါးပါး သီလ- ရှစ်ပါး သီလ စသော ကိုယ်ကျင့်တရားတို့ကို ဆောက်တည် စောင့်ထိန်းရခြင်း-ဟု ဆိုအပ်သော သီလ ကုသိုလ် စေတနာ။ ဘဂဝါ အစ အရဟံ အဆုံးရှိသော မြတ်စွာ ဘုရား ဂုဏ်တော် ကို အဖန်ဖန် အောင်းမေ့ခြင်း။ သွာက္ခာ သော အစ ရှိ သော တရားတော်မြတ်၏ ဂုဏ်တော်ကို အဖန်ဖန် အောင်းမေ့ပွားများခြင်း။ သုပ္ပဋိပန္နစသော သံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော် ကို အ ဖန်ဖန် အောင်း မေ့ ပွား များ ခြင်း။ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊ အနတ္တ လက္ခဏာ အဖန်တလဲလဲ အောင်းမေ့ စီးဖြန်းခြင်း ဟု ဆိုအပ်သောဘာဝနာမယ ကုသိုလ်စေတနာ။ အမိအဘ ဆရာသမားတို့၏ ဝတ်ကြီး ဝတ်ငယ် ပြုလုပ် ဆောင်ရွက်ရခြင်း ဟု ဆို အပ်သော ဝေယျာဝစ္စ ကုသိုလ်စေတနာ။ မိမိတို့ ပြုသမျှ ကုသိုလ်တို့၏ အဘို့ဘာဂကို သုံးဆယ့်တဘုံ၌ ကြည်လည်ကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေခြင်းဟု ဆိုအပ်သော ပတ္တိဒါန ကုသိုစေတနာ။ သူတပါးတို့ ပြုလုပ်သော ကုသိုလ် ကောင်းမှုတို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုရခြင်း ဟု ဆိုအပ်သော ပတ္တာနုမောဒန ကုသိုလ် စေတနာ။ အ လုံး စုံ သော သုခိတ သတ္တဝါ၊ ဒုက္ခိတ သတ္တဝါ အပေါင်း တို့ကို အာရုံပြု၍ ချစ်ခြင်းလက္ခဏာရှိသော မေတ္တာကုသိုလ်စေတနာ။ အတိုင်းမသိသော ဒုက္ခိတ သတ္တဝါ၊ပညတ်ကို အာရုံပြုခြင်းလက္ခဏာရှိသော ကရုဏာ ကုသိုလ်စေတနာ။ အတိုင်း မသိသော သုခိတ သတ္တဝါ၊ ဒုက္ခိတ သတ္တဝါပညတ်ကို လျစ်လျူရှုခြင်း-ဟု ဆိုအပ်သော

ဥပက္ကာကုသိုလ်စေတနာ။ ဤသို့ပေါင်းအပ် များမြတ်သော သော ကုသိုလ်ကံ စေတနာတို့ကြောင့်—

သုသုခံ ဝတနိဗ္ဗာနံ၊ ယထာဒေဝရူပံ န သံဝိဇ္ဇန္တိ - ဟု ဆိုသော ဒေသနာတော်မြတ် နှင့် အညီ၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ ပဋိသန္ဓေနေရခြင်း ကရားတို့၏ ကင်းရာ-ကုန်ရာ-ငြိမ်းရာ ချုပ်ရာဖြစ်သော၊ မဟာအသင်္ခတဓါတ် မြတ်လှစွာ သော နိဗ္ဗာန် ရွှေပြည် မြတ် သို့ အကျွန်ုပ်တို့တစု ယခု ပြုရ သော ကုသိုလ်ကောင်းမှုတို့ကြောင့် ဘဝတိုတို နှင့် ရွှေပြည် နိဗ္ဗာန်သို့ ရောက်ရပါလိုသော-ဟု ဆုတောင်းကြပါကုန်။ ။

၁။ အနမတဂ္ဂ သံသရာသည် မဟာသမုဒ္ဒရာနှင့်တူ၏။

၂။ ကိလေသာတို့ သည် ၎င်း၊ ဇရာ မရဏာ တို့သည် ၎င်း၊ မဟာ သမုဒ္ဒရာ၌ရှိသော လေကြမ်း လှိုင်းကြမ်း တို့ နှင့် တူ၏။

၃။ သတ္တဝါတို့သည် ဖောင်ရှင်တို့ နှင့် တူကုန်၏။

၄။ အဇ္ဈတ္တ ခန္ဓာတို့သည် ဖောင်နှင့်တူကုန်၏။

၅။ စကျွေသော ရုပ်ခန္ဓာ နာမ်ခန္ဓာတို့သည် ၄က်ပြောတုံး နှင့် တူကုန်၏။

# နမောဗုဒ္ဓဿ အနုသယပြတ် တရားတော်

လောဘော၊ ဒေါသော၊ မောဟော၊ မာနော။
ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနံ ဥဒ္ဓစ္စံ အဟိရိကဥ္စ အနောတ္တပ္ပန္တိ ဒသဓါ။

လောဘော၊ မျောက်နဲ့ဖေးမှာ မျောက်ပမာလို လွန်စွာ ကပ်ငြိခြင်း သဘောရှိသော လောဘတရား ၎င်း။ ဒေါသော၊ ဒုတ်နှင့် ထိုးမိသော မြွေဆိုး မြွေဟောက် ကဲ့သို့ ကြောက်ဘွယ် - လန့်ဘွယ် တကယ်ပြစ်မှားခြင်း သဘောရှိသော ဒေါသတရားနှင့် ၎င်း။ မောဟော အဂ်ါ လေးပါး ထင်ရှားစုံပြီး အမိုက်ကြီးကဲ့သို့ ပိုက်ဆီးကွယ်ကာ တွေဝေစွာဖြင့်၊ လွန်စွာ မိုက်မဲခြင်းသဘောရှိသော မောဟ တရားနှင့်၎င်း။ မာနော၊ မှန်ကင်း ဒုယင် စိန်ဖူး သွင်သို့၊ အလွန်လျှင် ထောင်လွှားခြင်း သဘော ရှိသော မာနတရား ၎င်း။ ဒိဋ္ဌိ၊ မျက်စိလယ် လမ်းမှား မျောက်ကမ်းပါးကျ၍ နေသော သူကဲ့သို့ အယူ မှားခြင်း သဘော ရှိသော ဒိဋ္ဌိ တရား ၎င်း။ ဝိစိကိစ္ဆာ၊ လမ်းလေးခွ မှာ ရပ်နေသော သူကဲ့သို့ အယူ မချော် သို့လော- သို့လော ဟု တွေး တော ယုံ မှားခြင်း သဘော ရှိသော ဝိစိကိစ္ဆာ တရား၎င်း။ ထိနံ၊ မီးထိသော ကြက်တောင်မွေးကဲ့သို့ကွေ့ ကောက်လိန်တွန့်၊တွန့်တိုဆုတ် နစ်ခြင်း သဘောရှိသော ထိနတရား၎င်း။ ဥဒ္ဓစ္စံ၊ လေလွင့်သော ပြာပုံကဲ့သို့ အာရုံတပါး ပြေးသွား ယူသွင်း ပြန့်လွင့်ခြင်းသဘော ရှိသော ဥဒ္ဓစ္စတရား ၎င်း၊ အဟိရိကဥ္စ၊ မစင်သင်ပုတ်မှ မစက်ဆုပ် မရွံရှာသည့် ရွာသူတို့ ဝက် ကဲ့သို့ မကောင်းမှုမှာ မစက် ဆုပ် မရွံရှာခြင်း သဘော ရှိသော

အပါယိက တရား ၄င်း။ အနေ့ာတ္တပ္ပ ၊ မိုးဖလံမျိုး မီးကိုတိုးသို့၊ အမျိုးမျိုး သော အကုသိုလ်မှ မဖိုမကြောက် ခြင်းသဘော ရှိသော အနေ့ာတ္တပ္ပ တရား ၄င်း။ ဤတိ၊ ဤသို့။ ဒွသဓါ၊ ကိလေအပြား၊ ဆယ်ပါးရှိကုန်လေသတည်း။

အဘယ်ကြောင့် ကိလေသာ မည်ပါသလဲ ဆိုလျှင်.... စိတ္တံ ကိလေသေတိ၊ဗါဓေတိ၊ဥပတာပေတီတိ ကိလေသော

စိတ္တံ၊ စိတ်ကို။ ကိလေသေတိ၊ ညစ်နွမ်းစေတတ်၏။ ဗာဓေတိ၊ နှိပ်စက်ဘတ်၏။ ဥပတာပေတိ။ ပူပန်စေတတ်၏ ဣတိ၊ ထို့ကြောင့် ကိလေသော၊ ကိလေသာမည်၏။

ဤသို့ ဝိဂြိုဟ်ပြုပြီး စိတ်နှစ်သုံးကို ညစ်နွမ်းစေတတ်၊ နှိပ်စက်တတ်၊ ပူပန်စေတတ်သော ကြောင့် ကိလေသာလို့ ခေါ်တယ်၊ သတ္တဝါတွေကို ကိလေသာနှိပ်စက်နေတာပေါ့ လေ၊ကိလေသာရှိနေသည့်အတွက် ပူပန်နေရတယ်၊ ဆင်းရဲ တွေ့နေရတယ်၊ ဒုက္ခ ရောက်နေရတယ်။ ကိလေသာ ကို ပါယ်သတ်နိုင်လျှင် အရိယဇာတ်သို့ ငင်၍ ဖြူစင်ရော၊ ငြိမ်း ရော ဆိုဘာ အသိသားဘဲ၊ ကိလေသာသည် လောဘ၊ ပ- အနေ့ာတ္တပ္ပ- ဟူ၍ ဆယ်ပါးရှိပါတယ်။

မျောက် ထောင်တဲ့ မျောက်နဲ့စေးမှာ မျောက် သည် ကပ်ငြိ ထိမိ၍ နေသကဲ့သို့ အာရုံ၌ ထိခြင်း၊ ငြိခြင်း၊ ကပ်တွဲ ခြင်း၊ လိုခြင်ခြင်း သဘောကို တော့ လောဘ လို့ ဆို တယ်၊ ဒုတ်နှင့် ထိုးမိသော မြွေဆိုး မြွေဟောက်ကဲ့သို့ ရှူးရှူးရဲ ရဲ ပြစ်မှားခြင်း ခက်ထန်ခြင်း၊ စိတ်ဆိုးခြင်း သဘောကိုတော့ ဒေါသလို့ ခေါ်တယ်။ သန်းခေါင် လကွယ်၊ တောလယ်တိမ် တိုက် လျှပ်မကြိုက်ဟူသော အင်္ဂါလေးပါး ရှိသော အမိုက်

တိုက်ကြီးကဲ့သို့ အပေါက်အမှန်ကို မသိခြင်း မိုက်မဲ တွေဝေခြင်းသဘောကို မောဟ လို့ ခေါ်တယ်။ ဒုရင်း မှန်ကင်း ငှက်မြတ်နားကဲ့သို့ မိမိ ကိုယ်ကို အထက်သို့ မြှောက်ခြင်း၊ ထောင်လွှားခြင်း၊ အထင်ကြီးခြင်းသဘောကို မာန လို့ ဆိုတယ်။ ကုသိုလ်ကံ အကုသိုလ်ကံသည် အကျိုးမရှိ၊ ကမ္ဘာကို ထာဝရဘုရား ဖန်ဆင်းသည် စသည်ဖြင့် အယူမှားခြင်းကို ဒိဋ္ဌိ လို့ ခေါ်တယ်။

လမ်း လေးခွမှာ မတ်တပ် ရပ် ပြီး ဘယ်လမ်း ကို သွားရမည်လို့ မဆုံးဖြတ် နိုင်သော သူကဲ့သို့ ဘုရားစစ်မှ ဟုတ်ကဲ့လား၊ တရားစစ်မှ ဟုတ်ကဲ့လား၊ သံဃာစစ် မှ ဟုတ်ကဲ့လား....စသည်ဖြင့် ယုံယုံမှားမှား ယောင် တောင်-တောင် ဖြစ်၍ နေသော သဘောကို ဝိစိကိစ္ဆာလို့ဆိုတယ်။ မီးသဲသို့ ထည့်လိုက်သော ကြက်တောင်မွေး သည် တွေ့ကောက် လိန်တွန့်၍ သွားသကဲ့သို့ စိတ် တွန့်တို ဆုတ်နစ်ခြင်းသဘောကို ထိန လို့ ဆိုတယ်။ လေတိုက်တဲ့ ပြာပုံလို စိတ် မငြိမ်မသက် ပြန့်လွင့်ခြင်းသဘောကို ဥဒ္ဓစ္စလို့ဆိုတယ်။ မစင်မှ မရွံ့သောဝက်ကဲ့သို့ အကုသိုလ်မှာ မရွံ့ မရှက်ခြင်း သဘောကို အဟိရိကလို့ ဆိုတယ်။ ပိုးဖလံမျိုး မီးကိုတိုးသကဲ့သို့ အကုသိုလ် မှ မကြောက် မလန့်ခြင်း သဘောကို အနောတ္တပ္ပလို့ဆိုတယ်။ အဲသည်ဟာ အရင်းခံ ကိလေသာ ဆယ်ပါးဘဲ။

နာမ်နိုလက်ကိုခံ၊ သန္တာန်ကို နှင့် မြှောက် တထောင့်ငါးရာ ကိလေသာ မှန်စွာအပြီးရောက်-ဟူသော သံပေါက် အတိုင်း နာမ်တေးပညာသ ခေါ် တဲ့ နာမ် တရား ၅၃-ခု၊

နိပ္ဖန္န ရုပ် ၁၈-ခု၊ လက္ခဏာရုပ် ၄-ခု၊ ပေါင်း (၇၅) ပါးကို တည်၍၊ အဇ္ဈတ္တ သဏ္ဍာန်–ဗဟိဒ္ဓသဏ္ဍာန် ဟူသော သဏ္ဍာန် နှစ်ပါးနှင့်မြှောက်၍ (၁၅၀)၊ ၎င်းကို ကိလေသာ ၁၀-ပါး နှင့် မြှောက်၍ (၁၅၀၀)။ အဲ သည့် (၁၅၀၀) ကိလေသာ သည် အနုသယ– ကိလေသာ၊ ပရိယုဋ္ဌာန– ကိလေသာ၊ ဝီတိက္ကမ ကိလေသာလို့ သုံးမျိုးရှိပြန်တယ်၊ ရင်ထဲ နှလုံးထဲ အမြဲကိန်းဝတ်၍ ညိမ်ဆိမ်စွာ ကိန်းအောင်းနေတဲ့ ကိလေ သာကို အနုသယ ကိလေသာလို့ခေါ်တယ်၊ မသင့် သော .အကြောင်းတခုတွေ့၍ သတ္တိပြုတော့မည်ကဲကဲ နှင့် အထဲ က အုံပါကြွ၍ ထကြွ ပွရွ၍ လာတာကတော့ ပရိယု ဋ္ဌာန ကိလေသာတဲ့။ အထကြီးထ အပွကြီး ပွပြီး ကာယကံမှု ဝစီကံမှုသို့ ရောက်၍ နှုတ်ကျူးလက်လွန် ဖြစ်တာကတော့ ဝီတိက္ကမ ကိလေသာတဲ့။

(ဥပမာ) မီးချစ်မှာ။ တနည်း ဥပမာ - ကိလေသာ ၁၀-ပါးတို့တွင်လောဘဘာခုကိုဘဲပြောကြပါဦးစို့၊လောဘ သည် သူ့ဘာသာသူ ညိမ်ညိမ် ဆိမ်ဆိမ် အသာကလေး ကိန်းဝပ်နေလျှင် အနုသယ လောဘဘဲ၊ လိုခြင်ဘွယ် အာရုံ ဝတ္ထုတခုခုကို တွေ့ရ၍ ဝမ်းထဲက လောဘတွေ လှိုင်းထ လာပြီး လိုခြင်လာတာက ပရိယုဋ္ဌာန လောဘဘဲ။ လောဘ တွေ လှိုင်းထလာ၍ မနေနိုင်မထိုင်နိုင်အောင် လိုခြင်လာပြီး ကာယကံမှု ဝစီကံမှုသို့ရောက်၍ နှုတ်ကျူး လက် လွန် ဆို တာက မရ, ရအောင်ပြောတာ ဆိုတာပေါ့လေ၊ ထို ၃-ပါး ဟာ အစဉ်အတိုင်း နက် နက် သွားတာဘဲ နော်၊ ဝီတိက္ကမ ကိလေသာက နဲနဲတိမ်သေးတယ်၊ ပါယ် သတ်လို့ လွယ် သေးတယ်၊ သီလနှင့် ပါယ်သတ်နိုင်တယ်၊ ငါးပါး သီလ၊

ဆယ်ပါးသီလ၊ ကိုးပါး သီလ၊ စတုပါရိသုဒ္ဓိသီလ တို့ကို လုံခြုံစွာစောင့်ရှောက်လျှင် ဝိတိက္ကမ ကိလေသာကို ပါယ်သတ်နိုင်တာပါဘဲ၊ နိုင်နင်းနိုင်တာပါဘဲ။

ပရိယုဋ္ဌာန ကိလေသာ က တော့ နက် နဲ သွား ပြီ၊ သမာဓိ ၏ အရာသာဖြစ်တယ်၊ ကမ္မဋ္ဌာန်းလေးဆယ်တို့ကို ပွားများ အားထုတ်၍ အဟုတ် တည်ကြည်တဲ့ ဧကဂ္ဂဘာ ဘာဝနာ သမာဓိနှင့်မှ ပါယ်သတ်နိုင်တယ်။

အနုသယကြတော့ အနက်ကြီး နက်သွားပြီ၊ ပညာ အရာသာ ဖြစ်တယ်၊ ဝိပဿန ပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ တို့နှင့်မှ ပါယ်သတ်နိုင်တယ်။

သီလေန ဝိတိက္ကမန္တံ၊ ပရိယုဋ္ဌံ သမာဓိနာ
ပညာယ အနုသယံ ဆိန္ဒံ၊ ဂစ္ဆေ နိဗ္ဗာနမုတ္တမံ။

ဝိတိက္ကမန္တံ၊ နှုတ်ကျူး လက်လွန် ပြစ်မှုဝန်ကို လွန်ကျူးတတ်လှ၊ ဝိတိက္ကမ ကိလေသာကို၊ သီလေန ငါးပါး ရှစ်ပါး၊ ဆယ်ပါးတဝ၊ စတုပါရိသုဒ္ဓိသီလဖြင့်။ ဆိန္ဒံဆိန္ဒွော အငုတ်မကြွင်း အဟုတ် ရှင်းအောင်၊ ခုတ်စင်း သတ်ဖြတ်လျက်။ ပရိယုဋ္ဌံ၊ အစုံသာရွ၊ အုံပါပွ၍ ထကြွသောင်းကြမ်းတဲ့ ပရိယုဋ္ဌာန ကိလေသာကို။ သမာဓိနာ၊ ဘာဝနာ- ၄၀၊ ပြည့်ကြွယ် ပွား များ အား ထား လောကဘိ သမာဓိဖြင့်။ ဆိန္ဒံဆိန္ဒွော၊ အငုတ်မကြွင်း အဟုတ်ရှင်းအောင်၊ ခုတ်စင်း သတ်ဖြတ်လျက်။ အနုသယံ၊ ရင်ထဲနှလုံးသဲ၊ အမြဲ ကိန်းဝပ် ငြိတွယ် ကပ်၍၊ သတ်ဘို့ခက်လှ၊ အနုသယ ကိလေသာကို။ ပညာယ၊ လက္ခဏာ သုံးဆိုင်၊ ပိုင်ပိုင် မိမိ၊ နိုင်နိုင် သိ၍၊ ဝိပဿနာ ဆယ်ချက်၊ မဂ်ဖိုပညာ ဉာဏ်ကြီးစွာဖြင့်။ ဆိန္ဒံ-

ဆိန္နော၊ အပုတ် မကြွင်း၊ အဟုတ် ရှင်းအောင်၊ ခုတ် စင်း
သတ်ဖြတ်လျှက်။ ဥဏ္ဏမံ၊ အ လွှန် အကျူး၊ ချွန် အဖူးမို့၊
အထူးမြင့်မြတ်လှပေသော။ နိဗ္ဗာန်၊ ဝါနတဏှာ ကိလေသာ
မှ၊ ချွေကာ ထွက်ပြောက်၊ တဖက် ချောက်၍၊ လက် ထောက်
ဖိတ်လှံ၊ ပြည် နိဗ္ဗာန်သို့။ ဂဠေ္ဆ ဂဠေ္ဆ ယျ၊ သန်သန် အပြီး
အမှန်နိုးလို့မို့၊ မြန်မြန်ကြီးရောက်လေရာသတည်း။

ကိလေသာကို ပါယ်သတ်ရာမှာလဲ ခဏ- ခဏ္ဍ-
တာအောင့် ကလေး မျှ ပါယ် သတ် နိုင်တာကတော့ တဒင်္ဂ
ပဟာန်မျှသာဖြစ်တယ်၊ မဟာကုသိုလ်၏ အရာပေ က လား၊
မနေးလွှန်း မမြန်ဘဲ အလယ် အလတ် ပါယ်သတ်တာလဲ
ဝိက္ခမ္ဘန ပဟာန်လောက်ဘဲ ရှိသေးတယ်၊ မဟဂ္ဂုတ်ကုသိုလ်
၏ အရာပေါ့ မဂ်ဉာဏ် နှင့် တခါဘည်း နောက်တဖန် နလံ
မထူနိုင်အောင် အမြဖြတ်ပါယ်သတ်လိုက်တာက သမုစ္ဆေဒ
ပဟာန် ခေါ်တယ်၊ ပါယ် သတ် နိုင်သမျှ အကျိုး ရှိတာ
ပေါ့လေ။

# အာနာပါနဿတိ

## နှာသီးဖျား ဝင်သက် - ထွက်သက်။

(၁) နိမိတ်သည်ရင်း။ (၂) ဝင်သက်သည်ရင်း။ (၃) ထွက်သက်သည်ရင်း။ တခုသော စိတ်၏ အာရုံကား မဟုတ်ကုန်။ ထိုသို့ မဟုတ်ကုန်သော်လည်း ရင်း သုံးပါးသောတရားတို့ကို သိသော သူအား သာ လျှင် အနာပါန ဿတိ ဘာဝနာကို ရအပ်၏-လို့ (ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ (၅၆၀) ဖတ်ရှုရ၏။

အာနာပါန ကမ္မဋ္ဌာန်းမှ တပါးသော ကမ္မဋ္ဌာန်း ပွား၍ အရဟတ္တဖိုလ် သို့ ရောက်သော ရဟန်း သည် အသက်ရှင်သော ခဏ အပိုင်း အခြားကို (၁) ပိုင်းခြား နိုင်သည်လည်းဖြစ်၏။ (၂) မပိုင်းခြားနိုင်သည်လည်းဖြစ်၏ ဤ အာနာပါနဿတိ ကို ပွားစေ၍ အရဟတ္တ ဖိုလ် သို့ ရောက်သော ရဟန်းကား အသက် ရှင်သောခဏ အပိုင်း အခြားကို ပိုင်းခြားနိုင်သည်သာတည်း။

ပဝတ္တိနည်းအားဖြင့် နာမပရိဂ္ဂဟကိုပြခြင်း အဿသ ပဿသ ကို စီးဖြန်း အားထုတ်ခိုက်၌ ရအပ်သော နာမ် တရားကား ကုသလ သမ္ပယုတ္တ စိတ္တုံ ဝိပဿနာ ဉာဏ် ဟူ၍ အထကထာ ပြတော်မူသောကြောင့် ကာမာ ဝစရ ကုသိုလ် အသင်္ခါရိက ဉာဏ သမ္ပယုတ် စိတ် တပါး၊ ကာ မာ ဝစရ သောဘာ ဏာသုပန (ပ) သင်္ဂဟ ဂဆန္တိ၊ ဖဿ (ပ) ပညိန္ဒြေ စေတသိက် စသည် (၃၇) ပါးသော

စေတသိက်တို့သည် ကာမာ ဝစရ ကုသိုလ် စိတ်၌ ယှဉ်၍ ဖြစ်ရကား (၃၈)ပါးသောနာမ်တရားတို့ကို ရအပ်ကုန်၏။

ထို ၃၈-ပါး ကုန်သော နာမ်တရား တို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်း၊ ပဒဋ္ဌာန်း တို့ကို အဋ္ဌကထာကြီး တို့ နှင့် ညီညွတ်စွာ မှတ်လွယ်စေခြင်းငှါ ဆရာကြီးတို့ ဆောင်ရွက်ကြသော အစဉ်ကို ပြလိုက်အံ့။

ကုသိုလ်စိတ်သည်....

၁။ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာ။
၂။ အကုသိုလ်ကို ဖျက်ဆီးခြင်းကိစ္စ။
၃။ ဖြူစင်ခြင်းလျှင် ထင်သော အခြင်းအရာ။
၄။ အသင့် အတင့် နှစ်လုံး သွင်း ခြင်း လျှင် နီးစွာ သော အကြောင်းရှိ၏။

ဖဿသည်....

၁။ အာရုံကို တွေ့ထိခြင်း လက္ခဏာ။
၂။ အာရုံကို ထိခတ်ခြင်း ကိစ္စ။
၃။ ဝတ္ထု၊အာရုံ ဝိညာဏ်သုံးပါးတို့ စုဝေးခြင်းလျှင် အခြင်းအရာ။
၄။ ထင်ခြင်းသို့ရောက်သောအာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

ဝေဒနာသည်....

၁။ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ။
၂။ အာရုံ၏အရသာကို ဆောင်ခြင်းကိစ္စ။
၃။ သုခ—ဒုက္ခ ဖြစ်၍ ဥာဏ်အား ရှေ့တင်ခြင်း။
၄။ ဖဿလျှင် နီးစွာ အကြောင်းရှိ၏။

ဥပမာ၊ ငွါးငွါးစွင့်စွင့် မြင့်၍နေသော တောင်ပို့ဘခု ကြည့်လိုက်သည်ရှိသော် တချက်တည်း ဘွဲ့သကဲ့သို့ ထင်မြင်ရ၏၊ စင်စစ်မှာမူ အချို့လည်းပြုစ၊ အချို့လည်းပြုဆဲ၊ အချို့လည်း ပြုပြီးဆဲ၊ မပြတ်ခလပ် စပ်၍ပြုရ၏-သို့ ဤ ခန္ဓာကိုယ်၌လည်း ကံ-စိတ်-ဥတု-အာဟာရ-တည်းဟူသော လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်သောရုပ်တို့သည်၊ အချို့လည်း ဖြစ်ဆဲ၊ အချို့လည်း တည်ဆဲ၊ အချို့လည်း ပျက်ဆဲ ဖြစ်၍ နေရှာကြကုန်၏။

(သမ္မောဟဝိနောဒနီအဋ္ဌကထာ)

ဈာန်ကို ဖြစ်စေ၍ ဈာန်မှထ၍ ဝိပဿနာကို ဟက်ရခြင်းကား အလွန် ကောင်းလှပေ၏၊ ထိုသို့ ကောင်း လှ ပါသော်လည်း ငါတို့ သာသနာ ငါးထောင်ကို ထားတော်မူရင်းဖြစ်သော ရှင်ဥပါလိ ပါဠိတော်၌ ရှင်တော် ဘုရား ထားတော်မူရင်းကား (တထောင်) ရင်း အဋ္ဌကထာ ဗုဒ္ဓမတည့် ဖြစ်ခတော်မူကြသော ရဟန္တာ အရှင်မြတ် တို့ ထားတော်မူရင်းကား....

(၁) ပဋိသမ္ဘိဒါပတ္တခေတ်တထောင်။

(၂) သုက္ခ ဝိပဿကခေတ် တထောင်။

(၃) အနာဂါမိ ခေတ်တထောင်။

(၄) သကဒါဂါမိ ခေတ်တထောင်။

(၅) သောတာပန်ခေတ် တထောင် တို့ကို ထားတော်မူခဲ့ကြ၍ ယခုအခါကား သာသနာ (၂၅၀၇) သို့ ရောက်လာပြီဖြစ်၍ ဈာနလာဘီတို့ ခေတ်မှာ ခဲယဉ်းလှ သ ဖြင့် ဈာန်မှ ထ၍ ဝိပဿနာသို့ တက်ခြင်းငှါ မထိုက်-ဟု ဖြေ။ တဝါဒ။

ဒီဃ ဘာဏကာ၊ သံယုတ္တ ဘာဏကာ၊ အဋ္ဌကထာ ဆရာကြီး အလိုအားဖြင့်....

၁။ ပဋိသမ္ဘိဒါ ပတ္တခေတ် တထောင်။ ၂။ ဆဠာဘိညာခေတ် တထောင်။ ၃။ တေဝိဇ္ဇာခေတ် တထောင်။ ၄။ သုက္ခဝိပဿကခေတ် တထောင်။ ၅။ ပါတိမောက္ခ သံဝရခေတ်တထောင်ဟူ၍ သာသနာ (၅၀၀၀) ကို ထား တော်မူခဲ့ကြ၏။ နှစ်ဝါဒ။

အင်္ဂုတ္တရ ဘာဏကာ၊ ခုဒ္ဒကဘာဏကာ၊ သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ ဆရာကြီးတို့ အလိုအားဖြင့်....

(၁) ပဋိသမ္ဘိဒါ ပတ္တခေတ် တထောင်။
(၂) ဆဠာဘိညာခေတ် တထောင်။
(၃) တေ ဝိဇ္ဇာခေတ် တထောင်။
(၄) သုက္ခဝိပဿကခေတ် တထောင်။
(၅) အနာဂါမိ သကဒါဂါမိ သောတာပန် ခေတ် တထောင် ဟူ၍ သာသနာ (၅၀၀၀) ကို ထား တော်မူခဲ့ကြ၏။ သုံးဝါဒ။

၁- ဖြင်ဘူးသလား။ ၂- မဖြစ်လားနှင့်။
၃–ငါ့အားဘယ်သူ။ ၄–ခြင်းရာယူ။
၅–ဘယ်သူဖြစ်၍ ဘယ်သူနည်း အဘိဘ်ကာလဘို့။

၁–ဖြစ်လတ့်လား။ ၂- မဖြစ်လားနှင့်။
၃–ငါ့အားဘယ်သူ။ ၄–ခြင်းရာယူ။
၅- ဘယ်သူဖြစ်၍ ဘယ်သူနည်း အနာဂါဘ်ကာလဘို့။

၁- ဟုတ်လေသလား။ ၂- မဟုတ်လားနှင့်။
၃- ငါ့အားဘယ်သူ။ ၄- ခြင်းရာယူ။
၅- သူသည်ဘယ်ကလာ။ ၆- သူသာ ဘယ်ကို သွား
ပစ္စုပ္ပန် ကာလတို့။

ဤကား- ယုံမှားခြင်း ၁၆-ပါး ဖျောက်ပုံတည်း။

# သက္ကာယနှင့် ဒိဋ္ဌိကို ကွဲအောင် ခွဲပါ။

အဝတ်မှ ချေးညှော်တွေကို ထုတ်ပြစ်ရတော့မည်။
( ကြည့်ကြမ်း စေ့စေ့စပ်စပ် )

သုည ခန်း၌.... ရူရူမှမှ ပူဇော.... သက္ကာယ
သတ္တဝါထင်....၁၂....က ဒိဋ္ဌိ ခွဲပြီ။

အနတ္တ စခန်း၌.... ရူရူမှမှ.... ပူဇော.... သက္ကာယ
သတ္တဝါထင်....၁၂....က....ဒိဋ္ဌိခွါပြီ။

ပရမတ် စခန်း၌.... ရူရူမှမှ – ပူဇော.... သက္ကာယ
သတ္တဝါထင်....၁၂....က....ဒိဋ္ဌိကွာပြီ။

မါတ် စခန်း၌.... ရူရူမှမှ.... ပူဇော.... သက္ကာယ
သတ္တဝါထင်....၁၂....က....ဒိဋ္ဌိကွဲပြီ။

သက္ကာယနှင့် ဒိဋ္ဌိဟာ ဘယ်တုံးကမှ မပူး မတွဲမကပ်ပါဘဲလျက် မယ်တရွာ မောင်တမြို့ ဆိုတာလို သဘောခြင်းခြားနားနေပါလျက်၊ ရေ နှင့် မီးလို မျက်နှာကြော မတဲ့ပါဘဲလျက် တွဲတာများ အံ့စရာပါဘဲ၊ သက္ကာယနှင့် ဒိဋ္ဌိကားမိုးနှင့် မြေကြီးလောက်ကွာခြားလျက် ရှိနေကြပေ၏။ ဥပမာဆိုသော်၊ အဝတ်မှ ချေးညှော်တွေကို ထုတ်ကြရာ၌....

၁။ အဝတ်ကား သင်္ကာယနှင့် တူ၏။
၂။ ချေးညှော်ကား ဒိဋ္ဌိနှင့် တူ၏။
၃။ အဝတ်၌ ချေးညှော် ကပ်နေခြင်းကား သင်္ကာယ ဒိဋ္ဌိ တွယ်ကပ်သဖြင့် သက္ကာယဒိဋ္ဌိဖြစ်၍နေတာနှင့်တူ၏။
၄။ ပျော်ဖွတ် ထုတ်ပြစ်ခြင်းကား ဝိပဿနာကိုအားထုတ် နေတာနှင့်တူ၏။

တနည်းမှာလည်း၊ ဆူးစူးလို့ဆူးထွင်ရာ၌....

၁။ အသားကား သက္ကာယနှင့်တူ၏။
၂။ စူးတဲ့ဆူးကား ဒိဋ္ဌိနှင့်တူ၏။
၃။ အသား၌ ဆူးစူး၍နေခြင်းကား သက္ကာယ ဒိဋ္ဌိ ဖြစ်နေတာနှင့် တူ၏။
၄။ ဆူးထွင် နှုတ်ပြစ်ခြင်းကား ဝိပဿနာ အားထုတ်နေတာနှင့် တူ၏၊ သက္ကာယနှင့် ဒိဋ္ဌိ ကပ်ပုံ- နှုတ်ပုံ ဥပမာ ပြီးပြီ။

## သက္ကာယ ချည်း သက်သက်ကို ပြဦးမည်။

နိဗ္ဗာန် နှစ်ပါးက သက္ကာယ။ မဂ်လေးပါးက သက္ကာယ။ ဖိုလ်လေးပါးက သက္ကာယ။ စိတ်တရားတွေက သက္ကာယ။ စေတသိက်တွေက သက္ကာယ။ ရုပ်တရားတွေက သက္ကာယ။ ခန္ဓာငါးပါးက သက္ကာယ။ အာယတန ၁၂-ပါးက သက္ကာယ။ ဓါတ် ၁၈-ပါးက သက္ကာယ။ သစ္စာလေးပါးက သက္ကာယ။ ပဋ္ဌာန်းတရားက သက္ကာယ။ ပဋိစ္စသမုပ္ပါဒ်က သက္ကာယ။ အဘိဓမ္မာတွေက သက္ကာယ။ ပရမတ်တွေက သက္ကာယ။

ဤ ၁၄-ပါး၌ ဒိဋ္ဌိ ဆိုလျှင် အရိပ်အရောင်ကလေးမျှ မပါဘူး သိကြ။

## ဒိဋ္ဌိ ချည်း သက်သက်ကို ပြဦးမည်။

ပညတ်တရားကို ဒိဋ္ဌိမှတ်။ အယူမှားကို ဒိဋ္ဌိမှတ်။
အမှတ်မှားကို ဒိဋ္ဌိမှတ်။ အမြင်မှားကို ဒိဋ္ဌိမှတ်။
လူ,နတ်ထင်ကို ဒိဋ္ဌိမှတ်။ ပြဟ္မာထင်ကို ဒိဋ္ဌိမှတ်။
သတ္တဝါထင်ကို ဒိဋ္ဌိမှတ်။ ငါ,သူ ထင်ကို ဒိဋ္ဌိမှတ်။
ပုဂ္ဂိုလ်ထင်ကို ဒိဋ္ဌိမှတ်။ ကျား,မ ထင်ကို ဒိဋ္ဌိမှတ်။

သက္ကာယ ၁၄-ပါးနှင့် ပေါင်းလျှင် လူပဏ္ဍိတ၊ နတ်ပြဟ္မာပဏ္ဍိတ။ ဒိဋ္ဌိ ၁၀- ပါး နှင့် ပေါင်းလျှင် လူ ဗာလ၊ နတ်ဗာလ၊ ပြဟ္မာဗာလ။

သက္ကာယ ဒိဋ္ဌိ သည် ဤမျှလောက် ကွဲလွဲနေပါလျက် မည်သူ မည်ဝါက တွဲစပ်ပေးလို့၊ ယှဉ်ပေးလို့ မခွါဘဲ တွယ်ကပ်နေရသလဲ မေးပြီဆိုကြပါစို့၊ ငါတို့ တွေ့ဘူးတာ ပြောရလျှင် သက္ကာယနှင့် တူတဲ့- မယ်ဆုံ - နှင့် ဒိဋ္ဌိနှင့်တူတဲ့ မောင်တွေး တို့ တရွာစီ နေပါလျက်နှင့် မိမ္ဘ နှင့် ယောက်ျား ခြားနားပါလျက်နှင့် 'ဒေါ်ကျော့' က အောင်သွယ်ပေးလို့ သက္ကာယ ဒိဋ္ဌိ ဖြစ်ကြရတယ်၊ အဲဒီ ဥပမာလိုဘဲ သက္ကာယ နှင့် ဒိဋ္ဌိဟာ မီး နှင့် ရေလို ပရမတ် နှင့် ပညတ် ဖြစ်ကြပါလျက် ဘယ်သူက တွဲပေးသလဲ တွေးစမ်း၊

မာယူပမဉ္စ ဝိညာဏံ— ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။

ဝိညာဏံ၊ ဝိညာဉ်စိတ်သည်။ မာယူပမဉ္စ၊ မျက်လှည့်သမားကဲ့သို့ အမှန်ကိုတော့-အမှား၊ အမှားကိုတော- အမှန် ထင်ရအောင် မပြတ်လှည့်စား၍ နေပေ၏။

အမှားကို အမှန် ထင်ရ အောင်၊ အမှန် ကို အမှား ထင်ရအောင် လှည့် စား နေကြသူ ကား- စိတ်—အဝိဇ္ဇာ— တဏှာ—မာန- ဒိဋ္ဌိ ဤ ငါးဦးတို့ ပေတည်း။

၁။ စိတ်လှည့်စားခံရသူ - (ပုဏ္ဏားလုလင် ဘီလူးမ နှင့် ညား
(တက္ကသိုလ်မင်း ဘီလူးမ နှင့် ညား
၂။ အဝိဇ္ဇာက လှည့်စား....ဟုတ်တာမသိရ- မဟုတ်တာသိရ၊
၃။ တဏှာကလှည့်စား....ဒါန-သီလ-သမထ ပြုတိုင်းတဏှာအုပ်ချက်
၄။ မာနကလှည့်စား ....ဇာတိမန္တ ရသေ့ ပစ္စေကမရိုသေ၊
၅။ ဒိဋ္ဌိက လှည့်စား....အကုသိုလ် ကိလေသာ ဝိပါက်ဝင်ပုံ ကြည့်၊
အဲဒါကြောင့် သံသရာ ဝဋ်ကြီးက မထွက်နိုင်ကြတာ။

## သက္ကာယ ကပ်ပုံ ရှင်းရှင်းပြပါမည်။

မိမ္မပျို့ရှိရာလုလင်ပျိုလာ၊အဲဒါသက္ကာယကို ဒိဋ္ဌိကပ်ပုံတည်း ရွှေ-ငွေ ရှိရာ သူခိုးလာ၊ အဲဒါ သက္ကာယကို ဒိဋ္ဌိကပ်ပုံဘည်း နောက် ဒိဋ္ဌိ ရှိရာ အကုသိုလ်ကိလေသာလာ၊ ဝိပါက်လာ။ နောက် အကုသိုလ်ရှိရာ အပါယ်လေးပါးလာ။

ဝိပဿနာ ကိုယ်ပိုင် အလုပ် ရှိ၍ မထားပါလျှင် သက္ကာယရှိရာသို့ ဒိဋ္ဌိလာမည်၊ ဒိဋ္ဌိရှိရာသို့ အကုသိုလ်လာမည်၊ အကုသိုလ်ရှိရာသို့ အပါယ်လေးပါး မဟာ ဒုက္ခကြီး တွေ လာမည်၊ ရှောင်မလွှတ် ပြေးမလွတ်နိုင်ပါ။

အဲဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်ဘို့ ချန် အရေးအကြီး ဆုံးပါဘဲ၊ သက္ကာယဒိဋ္ဌိ မဟာနယ သဒေတာ ဘိက္ခုပရိဗ္ဗဇေ လို့ ဘုရားရှင် ကိုယ်တော် တိုင် သံယုတ် ပါဠိတော် မှာ ဟောတာရှိတယ်။ သဒေတာ၊ သတိရှိသော ဘိက္ခုရဟန်း သည်။ သက္ကာယ ဒိဋ္ဌိ၊ ငါဘဲ သူဘဲ အထင်လွဲ၍ အစဉ်မြဲနေ တဲ့ သက္ကာယ ဒိဋ္ဌိကြီးကို။ ပဟာနာယ၊ လာလာသမျှ ဈာပန ဖြင့် ပြာချခြင်း အကျိုးငှါ။ ပရိဗ္ဗဇေ၊ အားအင် ကြိုးကုတ် လုလ္လထုတ်၍ ပါယ်ဖြတ်ကြကုန်ရာသဘည်း။

ရုပ်-နာမ်-အနိစ္စ- ဒုက္ခ- အနတ္တ ဤငါးပါး ရလျှင် ရှုဋ္ဌသောတာပန် မဏ္ဍိမသောတာပန် ဖြစ်၍ နိယတဂတိက ဘဝအလာ မြဲရပါပြီ ရအောင်ကြိုးစားပါ။

ရုပ်နာမ် ဆိုသဖြင့် နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်နှစ်ပါးကို သိထားပါလေ၊ အနိစ္စ-ဒုက္ခ-အနတ္တ ဆိုသဖြင့် ဝိပဿနာဉာဏ်စဉ် ၁၀ ပါးဟူ၍ သိထားကြပါ။

## နာမရူပ ပရိစ္ဆေဒဉာဏ် လက်တွေ့ရှာပုံ။

ခန္ဓာကိုယ်တွင် ငယ်ထိပ်၌ ဖြစ်စေ၊ နှာသီးဖျား၌ဖြစ်စေ ရင်ချိုင့်၌ ဖြစ်စေ၊ သတိထား၍ ရှုတော့ သမာဓိ ရလာလေ သည်၊ သမာဓိရတော့ ပူပေါ်၊ ခဲပေါ်၊မာပေါ်၊တောင့်ပေါ် စသည်ဖြင့် ခန္ဓာသဲမှ ဓါတ်များပေါ်နေပါသည်၊ စိတ်ကလဲ သိ၍ သိ၍ နေပါသည်၊ ပူပေါ်, ခေါ် စသည် တို့က ရုပ် တရားဘဲ၊ သိတာက နာမ်တရားဘဲ ဟူ၍ ဤလို ရုပ်နာမ် ကွဲ၍ တွေ့ရပါသည်၊ သိရပါသည်၊ အဲဒါ နာမရူပ ပရိစ္ဆေဒ ဉာဏ်ပါဘဲ။

## ပစ္စယပရိဂ္ဂဟဉာဏ် လက်တွေ့ရှာပုံကား

ပူပေါ်လို့သိတယ်၊ ပူပေါ် ကား အကြောင်းပစ္စယ တည်း သိကား အကျိုးပစ္စုပ္ပန်တည်း၊ခေါ်က အကြောင်း ပဋိစ္စ တည်း၊ သိ ကား အကျိုး သမုပ္ပါဒ် တည်း- ဟူ၍ အကြောင်း နှင့် အကျိုး တွေ့သိရသော ဉာဏ်သည်ကား- ပစ္စယ ပရိဂ္ဂဟ ဉာဏ်တည်း။ ပဋိစ္စ သမုပ္ပါဒ် ဉာဏ် တည်း။ ဤ ဉာဏ် နှစ်ပါးကိုရလျှင် နာမရူပ ပစ္စယနှစ်ဖြာ၊ ကိုယ် မှာတွေ့ငြား၊ ဘုရားရှေ့ဗျာ၊ သံသာဝဋ်မှ လွတ်ရမြန်စွာ၊ သဘောကျ သောတစူဋ္ဌသာ။

နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟာဉာဏ် ၂-ပါး ကို ကိုယ်တွေ့ရရှိနေပါလျှင် ဘုရားရှင်ကြီး၏ ဗျာဒိတ်တော်မှာ သံသရာဝဋ်မှ လွတ်ရပြီ၊ ကျွတ်ရပြီ၊ မြန်မြန်တက်ရပြီ၊ သဘောကျဖြစ်သော စူဠသောတာပန် ဖြစ်သွားပါပြီ။

## ဝိပဿနာဉာဏ်တွေ့ ဆယ်တန်။

ပူတာ တော ရွတာ မွတာ ကြက်သီးထတာ ဖြန်းဖြန်း ရိပ်ရိပ် ဖြိုးဖြိုး ဖျဉ်းဖျဉ်း နှင့် ခန္ဓာဒုဗ္ဗတွေ့ရတော့ ခေါင်းကိုယ်တွေ ပျောက်ပြီး မမြဲတဲ့ အနိစ္စဘဲ- ဟု သိရ တွေ့ရသည်၊ ၎င်း ဖြန်းဖြန်းတွေဟာ သေ သေ နေတာဘဲ၊ ပျက်ချက်ခနတာဘဲ - ဟူ၍ သာယာဖွယ်မရှိ၊ နှစ်သက်ဖွယ် မရှိ၊ စုံမက်ဖွယ်မရှိ၊ အားကိုးအားထားစရာမရှိ၊ ဒုက္ခ ကို တွေ့ရပါသည်၊ ၎င်း ဖြန်းဖြန်းတွေဟာ တားမရ၊ ဆီးမရ၊ ယူမရ ကိုင်မရ၊ အနတ္တ ကို တွေ့ရ ပါ သည်၊ ထိုအခါ ဝိပဿနာဉာဏ်စဉ် (၁၀) ပါး တက် မဇ္ဈိမ သောတာပန် ဖြစ်ရပါသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာ နိဗ္ဗာန် ပို့ ငြား ရထားယာဉ်သာ၊ သောတာမဇ္ဈိ ခေါ်ကြကမ္ဘာ ဝရှိမှ နိစ္စ ဝိနိုင်သာ။

အနိစ္စ ဒုက္ခ အနတ္တဆိုတာ နိဗ္ဗာန်ပို့တဲ့ ယာဉ်ရထား လေယာဉ်ပျံ အစစ်သာ တည်း၊ အဲဒါကို တွေ့လျှင် မဇ္ဈိမ သောတာပန် နယ်သို့ ရောက်နေပါပြီ၊ ဝ,ရှိသဖြင့် နိစ္စ ဝိနိုင် ပါပြီ။

## နတ်ဘဝ တခါသေ၌ လူ့ဘဝ အသေစိတ်ပုံ။

စတုမဟာရာဇ် တခါသေ၊ လူနှစ် အနှစ်ကိုးသန်း၊ လူမှာ-
ကိုးသောင်း သေရ။

တာဝတိံသာ တခါသေ၊ လူနှစ် ၃-ကုဋေ ၆-သန်း၊ လူမှာ-
၃-သိန်း ၆-သောင်း သေရ။

ယာမာ တခါသေ၊ လူနှစ် ၁၄- ကုဋေ ၄-သန်း၊ လူမှာ-
၁ သန်း ၄-သိန်း ၄ သောင်း သေရ။

တုသိတာ တခါသေ၊ လူနှစ် ၅၇- ကုဋေ ၆- သန်း၊ လူမှာ-
၅ သန်း ၇-သိန်း ၆-သောင်း သေရ။

နိမ္မာဘုံ တခါသေ၊ လူနှစ် ၂၃၀ ကုဋေ ၄-သန်း၊ လူမှာ—
၂ ကုဋေ ၃ သန်း ၄ သောင်း သေရ။

ဝသဝတ္တီဘုံ တခါသေ၊လူနှစ် ၉၂၁ ကုဋေ ၆သန်း၊ လူမှာ
၉ ကုဋေ ၂ သန်း ၁ သိန်း ၆ သောင်း
သေရ၏။

## ဓါတ်တရားတွေ့သော ဝိသာခါ ကျောင်းအမကြီး၌

| | | |
|---|---|---|
| လူမှာ | နှစ်—၁၂၀ | တကြိမ်သေရ။ |
| နိမ္မာမှာ | နှစ်—၂၃၀ ကုဋေ ၄-သန်း | တကြိမ်သေရ။ |
| အဝိဟာမှာ | ကမ္ဘာကြီး (၁၀၀၀) | တကြိမ် |
| အတပ္ပါမှာ | ကမ္ဘာကြီး (၂၀၀၀) | တကြိမ် |
| သုဒဿာမှာ | ကမ္ဘာကြီး (၄၀၀၀) | တကြိမ် |
| သုဒဿီမှာ | ကမ္ဘာကြီး (၈၀၀၀) | တကြိမ် |
| အကနိဋ္ဌာမှာ | ကမ္ဘာကြီး (၁၆၀၀၀) | တကြိမ် |

စုစုပေါင်း (၃၁၀၀၀) မှာ (၇)ကြိမ် သေရပုံ။

## ပရိညာ (၃)ပါးကို တွေ့ရပုံ။

ညာတ ပရိညာ.... ပူ ဧ တွေ့ သိ။
တိရဏ ပရိညာ.... အနိစ္စ- ဒုက္ခ- အနတ္တ တွေ့မှု။
မဟာန ပရိညာ.... ဒိဋ္ဌိဝိစိ အဝိဇ္ဇာခွါ၏။

ဝိပဿနာတရားကို အားထုတ်တော့ ခန္ဓာကိုယ်ထဲမှ ရွရွ မွမွ ပွပွ ကြွကြွ ပူတာ တောကို သိရ၏၊ ၎င်း ရုပ်နာမ် ၂-ပါးကို ပိုင်းခြားတာက ညာတ ပရိညာတည်း၊ ရွရွ မွမွ စသည်မမြဲတာက သာယာဖွယ်မရှိတာ၊တားဆီးမရတာက တိရဏ ပရိညာ၊ အနိစ္စ ဒုက္ခ အနတ္တ သဘောပါ တွေ့ရပုံ တည်း၊ တွေ့တော့ ဒိဋ္ဌိကွာ၊ ဝိစိကိစ္ဆာကွာ၊ အဝိဇ္ဇာ ကွာ တာက ပဟာန ပရိညာဘည်း။

## ကိုယ်တိုင် အကျိုးခံစားရသော အကျိုး ၇-ပါး။

(ဆောင်) ညည်းညူမရှိ၊ သတိမဝေ့၊ ချိန်နေ့ သိပြန်၊ မျက် လှန်ကြောဆွဲ၊ မရှိဘဲနှင့်၊ သေလဲတောင့်တင်း ပုပ်နံ့ကင်း- သည်၊ ကျိုးရင် ဝိပဿနာ တန်ခိုးတည်း။

ရုပ်တရားကိုတွေ့ရသဖြင့် ငြိုးငွေ့အထိ ရောက်ရှိသော ယောဂီသည်....

၁။ ရောဂါပြင်းထန်လှပေမဲ့ တရား၌ သတိ မလစ်ဘဲ ကံ ကုန်ရသည်။
၂။ ရောဂါပြင်းထန်လှပေမဲ့ မညည်းဘဲ မညူဘဲ ဆေး စွာ ကံကုန်ရသည်။
၃။ ကံကုန်မည့် နေ့ ရက် အချိန်ကိုပါသိ၍ ပြောနိုင်သည်။
၄။ ကံကုန်ခါနီး၌ မျက်စိလန်ခြင်း၊ ဖေါက်ပြန်ခြင်းမရှိ ဖြစ်ရ သည်။

၅။ ကံကုန်ခါနီး၌ အကြောဆွဲခြင်းမရှိ တည်ငြိမ်လျက် ရှိရသည်။
၆။ ကံကုန်ပြီးနောက် တောင့်တင်းခြင်းမရှိဘဲ ပြုံးပြုံး နှင့်ပင် ဥတုဇကလာပ်ကြီး ကျန်ရစ်သည်။
၇။ ကံကုန်ပြီး ၂-ရက်အတွင်း၌ ပုပ်နံ့ကင်းလျှက် ကျန်ရစ်သည်၊ ရုပ်နာမ်တရား ရှုပွားရခြင်း၏ လက်ငင်း ခံစားရသော အကျိုးတည်း။

## အပျက်တွေ့၍ အကျိုးခံစားခွင့် ရပုံ။

(ဆောင်) စွန့်သေသဿတ၊ ဇီဝတတ်ကင်း၊ ယှဉ်ခြင်း ဘာဝနာ၊ စင်စစ်သွားသက်မွေး၊ လူရေးပါယ်ချ၊ ကင်းပကြောက်လန့်၊ သည်းခံ ပျော်မွေ့၊ မမွေ့ကုသိုလ်၊ နှိပ်နင်းဖြိုသည်၊ ဘင်ကိုရှုမိနိသတည်း။

## အပျက်တွေ့၍ ဘင်္ဂဉာဏ်ရရှိသောသူ၌ အကျိုး (၈) ပါး။

၁။ ရုပ်နာမ် သင်္ခါရတို့သည် မြဲ၏-ဟု စွဲယူသော သဿတဒိဋ္ဌိကို ပါယ်နိုင်၏။
၂။ မိမိ၏ အသက် ခန္ဓာ၌ တပ်မက်ခြင်းကို ကင်းရှင်း နည်းပါးစေနိုင်၏။
၃။ ဝိပဿနာ ပွား များ ဘို့ ကို သာ အာသာ ဆန္ဒ နှင့် အားထုတ်၏။
၄။ အသက်မွေးကြောင်း စင်ကြယ်စွာ ပြုပြင်၍လာ၏။
၅။ လူမှုလူကိစ္စကို တစတစ ပယ်ချရှောင်လွှဲကာ နေလာ၏
၆။ နေရမှာ သေရမှာ ကြောက်လန့်ခြင်း ကင်းပ လာ၏။
၇။ သည်းခံမှု၌ ပျော်ပိုက်ခါ အရာရာ၌ သည်းခံ၍ လာ၏။

၈။ ကုသိုလ်မှု၌ မပျော်ပိုက်သော စိတ်ကို နှိမ်နင်း၍ ပျော်ရွှင်စေ၏။

ဝိသုဒ္ဓိမဂ်နှင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဆိုပုံတည်း။

## ဓါတ်သာသနာ အံ့ဘွယ် ရှစ်ဖြာ။

(ဆောင်) အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွှံဘွယ်ဆယ်ပြစ် တမြည်ဖြစ်ခြင်း၊ မယှင်းမတိုး၊ ဆယ်မျိုး ရတနာ၊ ရသာဆားတူ၊ ကြီးသူနေရာ၊ အံ့ ရှစ်ဖြာသည် သာသနာ အစစ် အမှန်တည်း။

၁။ အစဉ်နက်ဝှမ်းဆိုတာ၊ ဓါတ်ကြီးလေးပါး၍ အစဉ်အတိုင်း ကလာပ်-ရုပ်-နာမ်- ခန္ဓာ- အာယတန-ဓါတ်-သစ္စာဝိသုဒ္ဓိ - ဗောဓိပက္ခိယ၊ ဖိုလ်၊ နိဗ္ဗာန်အထိ တဖြည်းဖြည်း နက်၍နက်၍ သွားပါသည်။

၂။ ကမ်းကိုမလွန်ဆိုတာ ဓါတ်ကြီးလေးပါးတို့ကို တွေ့ရသောသူသည် ဓါတ်ကမ်းကိုလွန်ပြီးတော့ ငါငါ သူသူ—လူလူ နတ်နတ် ပညာတ်ကမ်းသို့ မသွားတော့ပါ၊ အနိစ္စဒုက္ခ အနတ္တ တွေ့ပြီးသောသူသည် နိစ္စ သုခ အတ္တကမ်း သို့ မလှမ်းတော့ပြီ၊ ဓါတ်ကမ်း ပရမတ်ကမ်းကို မလွန်တော့ပြီ။

၃။ ရွံ့ဘွယ်ဆယ်ပြစ်ဆိုတာ ဓါတ်ကို တွေ့ပြီးသော သူသည် ဒိဋ္ဌိဝိစိကိစ္ဆာ အဝိဇ္ဇာစသော ရွံ့ရှာဘွယ်တို့ကို တစ တစ ဆယ်ပြစ်၍နေပါပြီ။

၄။ တမည်ဖြစ်ခြင်း ဆိုတာက- ခန္ဓာ အာယန ဓါတ်—သစ္စာ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်း၊ ဗောဓိပက္ခိယစသောအမည် တို့သည် သူ့အရာအားလျော်စွာ အမည်တွေများ၍နေပေမဲ့ ဓါတ်တရားတခုထဲသာ ဖြစ်ရကုန်တော့၏။

၅။ မယွင်းမတိုးဆိုတာ လူတွေ ဘယ်မျှပင်များများ နတ်ပြဟ္မာတွေ ဘယ်လောက်ပင်များများ ဓါတ်တရားမှာ— (၄-ပါး။ ၆-ပါး။ ၈-ပါး။ ၁၈-ပါး) မှ တိုးတက်၍ မလာပါ သစ်ပင်တွေ ဘယ်မျှများပေမဲ့ အဌကလာပ် ဓါတ် ၈-ပါးမှ မပိုပါ၊ မလျော့ မတိုးဘဲ ရှိ၍နေပါသည်။

၆။ ဆယ်မျိုးရတနာ ဆိုတာ ဗောဓိပက္ခိယ တရား (၃၇) ပါးကို ဆိုပါသည်၊ တနည်း ဝိပဿနာ ဉာဏ်စဉ် (၁၀) ပါး ကို ဆိုပါသည်။

၇။ ရသာ ဆားတူဆိုတာ ဓါတ် ကလာပ် ချပ် နာမ် ခန္ဓာ အာယန သစ္စာ စသော တရားတို့သည် များပြား၍ နေပေမဲ့ မဂ်ဖိုလ် နိဗ္ဗာန် ရဘို့ အရသာမှာ အတူတူသာ ဖြစ်ပါသည်၊ ဝိမုတ္တိရသာတခုသာဖြစ်ပါတော့သည်။

၈။ ကြီးသူနေရာ ဆိုတာ ဓါတု သာသနာတော်ကြီး၌ ပကတိသာဝက၊ မဟာ သာဝက၊ အဂ္ဂ သာဝက၊ ပစ္စေက ဗုဒ္ဓါ သမ္မာသမ္ဗုဒ္ဓါဆိုတဲ့ တကဲ့အာဇာနီ မဟာ ဥက္ကဋ္ဌကြီး တွေသာ အနေများ သဖြင့် ကြီးသူတို့ နေရာ အစစ် မှန်ပါ သည်။ အဲဒါ အံ့ဘွယ်ရှစ်ဖြာ သာသနာပင်တည်း။

## ၁။ မြတ်စွာဘုရားက ဘယ်လိုဟောခဲ့ပါသလဲ။

သဒ္ဓမ္မသဝနံ၊ အတိဒုလ္လဘံ။ ။သဒ္ဓမ္မသဝနံ၊ အရိယာ တို့ တရားကို ကြားနာရခြင်းသည်။ အတိဒုလ္လဘံ၊ အလွန့် အလွန်ခဲယဉ်းလှပေ၏။

အရိယာဘဝသို့ရောက်အောင် ပို့ဆောင်သောတရား အရိယာဖြစ်အောင် ပြုသော တရားကား အလွန် အမင်း

ကြားနာရ ခဲယဉ်းလှပါသတဲ့၊ ငါငါ သူသူ လူလူ နတ်နတ် ပညာတ်စရာမရှိ ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ား- မိမ္မ - ဟု ထင်စရာမရှိသော အဘိဓမ္မာနယ်က စိတ်တရား၊စေတသိက်တရား၊ ရုပ်တရား နိဗ္ဗာန်တရားသည်သာလျှင်သဒ္ဓမ္မအစစ်မည်ပေ၏၊ ၎င်းတရား ၄-ပါး၌ ပညာတ်နယ်က ငါ သူ လူ နတ် မရှိ၊ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ ဓါတ်သာ ရှိ၏၊ သဘောသာ ရှိ၏ သဘာဝသာရှိ၏၊ သတ္တိသာ ရှိ၏။ အဲဒီ တရားမျိုးကို ကြားနာ ကြပါတဲ့။

## ၂။ အဘိဓမ္မာဆိုတာ ဘာလဲ- တွေးပါ။

အဘိ၊ အလွန်အမင်း။ ဓမ္မာ၊ ဆောင်မှုတာ။ အလွန်အမင်း၊အလွန်အကျွံဆောင်မှုသော တရားပါဘဲတဲ့၊အလွန်အကျွံ ဆောင်မှုပုံမှာ၊ ဥပမာ— ဓါတ်ကြီး ၄-ပါးကိုတွေ့လျှင် ဓါရေဝတီတိ ဓါတု- အရ သဘောကို ဆောင်ပြ၏။ ၎င်းမှ ဖေါက်ပြန် ဖြစ် ပျက်တတ်သော၊ ဝိပရိဏာမ လက္ခဏာသို့ ဆောင်မှုပြန်၏၊ ၎င်းမှ အနိစ္စ ဒုက္ခ- အနတ္တသို့ ဆောင်မှုပြန်၏၊ ၎င်းမှ ဉာဏ်စဉ် (၁၀) ပါး အဘိုင်း ဆောင်မှု၊ ဝိသုဒ္ဓိ ၇-ပါးအတိုင်း ဆောင်မှု၊ ဗောဓိပက္ခိယ အတိုင်း ဆောင်မှု၊ ပုထုဇဉ်မှ အရိယာသို့ ဆောင်၍၊ သောတာပန်မှ သကာဒါဂါမ်သို့၊ ၎င်းမှ အနာဂါမ် သို့၊ ၎င်းမှ ရဟန္တာ သို့၊ ၎င်းမှ နိဗ္ဗာန် သို့ ဆောင်မှုတတ်သောကြောင့် အဘိဓမ္မာ ဘွဲ့ကြီးကို ရရှိပါသည်၊ ဓါတ် (၄) ပါး၊ ရုပ်-နာမ် (၂) ပါး၊ ခန္ဓာ (၅) ပါး၊ အာယတန (၁၂) ပါး၊ ဓါတ်(၁၈) ပါး၊ သစ္စာ (၄) ပါး၊ တနည်း ဓါတ် ကလာပ် ပရမတ်တရားများဟာ အဘိဓမ္မာ တရားအစစ်ပါဘဲ။

## ၃။ ဝိပဿနာ ဆိုတာ ဘာလဲ-- တွေးပါ။

ဝိ၊ အထူးဆုံး-အဆန်းဆုံး။ ပဿနာ၊ ရှုတာ တွေ့ရတာ၊ သိရတာ။ ပဿနာကား– ငါ သူ လူ နတ်၊ ပုဂ္ဂိုလ် သတ္တဝါ၊ ယောက်ျား-မိမ္မ။ ခေါင်း ကိုယ် ခြေ လက်၊ နား၊ မျက်စိ စသော ရုပ်သိ ရှာသိ ရိုးရိုးအမြင် အသိပါဘဲ။

ဝိပဿနာ ကား– ဓါတ် ကလာပ် အနိစ္စ ဒုက္ခ အနတ္တ ခယဝယ၊ ဝိပရိဏာမ၊ ရုပ္ပန၊ စိတ် စေတသိက် ရုပ်လက္ခဏာ အမြင် အသိပါဘဲ။

## ၄။ ပရမတ်ဆိုတာ ဘာလဲ- သဘာဝကို။

ပရမော ဥတ္တမော အဝိပရိတော၊ အတ္ထော ပရမတ္ထော ပါဠိအရ ဘယ်အခါမှ ဘယ်အခါမှ မဖေါက်မပြန် အမြဲတန်း မှန်ကန်၍ နေသောသဘာဝတရား၊ သဘော တရား၊ ဓါတ်တရား၊ ကလာပ်တရားပါဘဲ၊ ၎င်းတရားများ၌ ငါမရှိ၊ သူမရှိ၊ လူမရှိ၊ နတ်မရှိ၊ မိမ္မ မရှိ၊ ယောက်ျားမရှိ၊ ပုဂ္ဂိုလ် မရှိ၊ သတ္တဝါမရှိသော သဘောတရားသက်သက်ပင်တည်း။

တရားကိုယ်က မဖေါက်မပြန်တဲ့တရားမို့ သူ့ကို သိမြင်တွေ့၍ထားသော ဒဿနအရိယာ၊ လိင်္ဂအရိယာ၊ ပဋိဝေဒအရိယာများဟာလဲ ယနေ့ကာစ၍နိဗ္ဗာန်အထိ မဖေါက်ပြန် တော့ပြီ၊ အဲဒါဟာ ပရမော ဥတ္တမော အဝိပရိတော အတ္ထော ပရမတ္ထော ဆိုတဲ့ ပါဠိ၏ အရပင်တည်း။

တနည်းကား– ပရမတ္ထာ သဗ္ဗညုတ ဉာဏာသ အတ္ထော ဂေါစရောတိ ပရမတ္ထော ပါဠိ အရကား ပြခဲ့ပြီးသော ပညာတ်မစွက်ဘဲ ပရမတ်သက်သက် ဖြစ်သော ရုပ်သဘော (၂၈) မျိုး၊ စိတ်သဘော (၆) မျိုး၊ (၈၉) မျိုး၊

(၁၂၁) မျိုး၊ စေတသိက် (၅၂) မျိုး၊ နိဗ္ဗာန်သဘော ၅၂-မျိုးတို့သည် သဗ္ဗညုဟာ ဘုရားရှေ့ဉာဏ်တော်ကြီး၏ ကျက်စားရာဘည်း။ အာရုံပြုရာတည်း၊ ၂၄-သချ်ာ၊ ကုဋေ-၆၀ ဗိုလ်ခြေတသိန်းတို့၏ အာရုံပြုရာ ပျော်ပါးရာ တရား သာတည်း။ သောတာပန် သကဒါဂါမ် အနာဂါမ်တို့၏ ရွာကြီး မြို့ကြီး တိုင်းကြီး ပြည်ကြီးသာတည်း။ ၎င်း စိတ် စေတသိက် ရုပ် နိဗ္ဗာန်၊ ပရမတ် ၄-မျိုး ရရှိနိုင်သော တွေ့မြင်နိုင်သော ပုဂ္ဂိုလ်များသည်ကား သဗ္ဗညုတ ဉာဏ် တော် ကြီး ၏ အမွေကို ရ ရှိ နိုင်ပါပြီ၊ အမြတ်ဆုံး တရား တွေ့ ရ လျှင် အမြတ်ဆုံးဘဝ နှင့် နိဗ္ဗာန် သွားပါတော့၊ မဖေါက်ပြန်တဲ့ တရား တွေ့ရလျှင် မဖေါက်ပြန်ဘဲ နိဗ္ဗာန်သွားပါတော့။

## ၅။ သမထာဓမ္မ ရဟန်းတရားဟာ ဘယ်သင်းပါလဲ။

သမထာဓမ္မ ရဟန်းတရားဆိုတာ- ရုပ် နာမ် ဓမ္မ သင်္ခါရ ဓါတ်တရား ကလာပ်တရား၊ခန္ဓာ အာယတန၊ ဓါတ် သစ္စာ ပဋိစ္စသမုပ္ပါဒ် သဘော သဘာဝ တရားတို့ကို အားထုတ်ခြင်းတည်း၊ ၎င်းတို့ကို အရ အားထုတ် လျှင် အကုသိုလ် ငြိမ်း၊ ကိလေသာငြိမ်း၊ အပါယ်မီးငြိမ်း၊ မီး (၁၁) ပါးငြိမ်း ဝဋ်သုံးပါး ငြိမ်းသဖြင့် သမထာဓမ္မ ဟု ခေါ်ပါသည်။

## ၆။ ရှာပုံရှာနည်း နိသျှည်းကား

ခန္ဓေ ပဿ အနိစ္စေတိ၊ ဂါထာအရ ခန္ဓာကိုယ်၌သာ တရားရှာရမည်၊ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒဗ္ဗယာ နုပဿီ ပါဠိအရ ခန္ဓာကိုယ်သဲ၌ သာလျှင် တရားကို ရှာရမည်၊ တရားရှာကိုယ်မှာတွေ့၊ လမ်းဆုံးတော့ရွာရောက် စကားပုံလည်း ရှိပါသည်၊

ခန္ဓာကိုယ်မှာ ဓါတ်လေးပါးသာရှိ၏၊ အတွေ့ ရှာကြပါကုန်၊ ခန္ဓာကိုယ်မှာ ရုပ် နာမ် နှစ်ပါးသာ ရှိ၏။ အတွေ့ ရှာကြပါကုန်။ ခန္ဓာကိုယ်မှာ အာယတန ဓါတ် သစ္စာသာ ရှိ၏ ရှာကြပါကုန်။

ဧတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ- တဲ့၊ ခန္ဓာ ကိုယ်မှာ သစ္စာ (၄)ပါးတရားမှ လွတ်တာဟာ မရှိပါဘူး- တဲ့၊ အဲဒါကြောင့် ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ ပြနေတဲ့ ပူမှု အေးမှု၊ တောင့်မှု၊ တင်းမှု စသော သဘော အနန္တ တို့သည် သစ္စာလေးပါးထဲက တခုခုသာ ဖြစ်တယ်-လို့ မြဲမြဲကြီး ဆုံးဖြတ်ကြပါတော့။

ကမ္မဋ္ဌာန ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ ပါဠိအရ ခန္ဓာ ကိုယ်မှာ ကမ္မဋ္ဌာန်းတရားမှ လွတ်သောတရား မရှိဘူး-တဲ့၊ အဲဒါကြောင့် ခန္ဓာကိုယ်ထဲက ဖြစ်ပေါ်၍ပြနေတဲ့ ပူမှု-အေးမှု၊ တင်းမှု စသော သဘောအနန္တ တို့သည် ကမ္မဋ္ဌာန်း တရား ချည်းပါဘဲဟု၍ မြဲမြဲကြီး ဆုံးဖြတ်ကြပါတော့။

လက္ခဏတ္တယ ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ- တဲ့၊ ပါဠိ က ခန္ဓာကိုယ်မှာ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါးမှ လွတ်တာဟာ မရှိဘူး တဲ့၊ အဲဒါကြောင့် ခန္ဓာ ကိုယ်ထဲက ဖြစ်ပေါ်၍ ပြနေတဲ့ ပူမှု-အေးမှု၊ တောင့်မှု- တင်းမှု စသော အနန္တတို့သည် အနိစ္စဒုက္ခ အနတ္တ ဆိုတဲ့ လက္ခဏာ ရေးသုံးပါးချည်းပါဘဲ ဟု၍ မြဲမြဲကြီးမှတ်ကြပါတော့။

## ၇။ ခန္ဓာမှာ ရှာ၍ ကြည့်တော့ တွေ့ရပုံ။

ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ၊ မဟာပရိနိဗ္ဗာန သုတ်တော်ကြီး၊

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ဒါနို ဋ္ဌဒါနိ၊ ယခုအခါ၌။ ဟန္ဒ၊ အကျဉ်းအားဖြင့်။ ဝါ—ငါ၏ အလိုတော်အား ဖြင့်။ ဝေါ၊ သင်တို့ကို။ အာမန္တယာမိ၊ မှာတော်မူခဲ့မည်။ ကိံ—ဘယ်ကဲ့သို့။ အာမန္တယာမိ၊ မှာတော်မူခဲ့ပါသနည်း။ သင်္ခါရာ၊ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်ပေါ်၍နေကြကုန်သော သင်္ခါရတရားစုတို့သည်။ ဝယဓမ္မာ၊ ပျက်ဘတ်သော သဘောရှိကုန်၏။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့၊ မပေါ့မတန်၊ မြဲမြံသော သတိသရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံ၍သာ နေရစ်ခဲ့ကြကုန်လော့။

မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက၊ ပရိနိဗ္ဗာန် စံမြန်းခါနီး၌ သေတမ်းသဘောဖြင့် အရေးတကြီး မှာထားခဲ့ပါတယ်၊ မှာထားတော်မူတဲ့ လွတ်လပ်ရေးကြီး တရားက လဲ တိုတိုတုတ်တုတ် လွယ်လွယ်ကလေး ပါဘဲ၊ မှာထားခဲ့ ပုံမှာ လူတိုင်း ရကြပါစေ၊ သတိလဲ ရှိကြပါစေ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ-ဆိုတာ အဲဒါဟာ မှာ တမ်းကြီးပါဘဲ.... တွေးကြ....။

၁။ ဝယဓမ္မာဆိုတာ အစဉ်အမြဲ ပျက်ပျက်နေတဲ့ အနိစ္စ ဘဲ။
၂။ သင်္ခါရဆိုတာ ကံ စိတ် ဥတု အာဘာရကြောင့် ဖြစ်တဲ့ ရုပ် နာမ် ဘဲ။
၃။ အပ္ပမာဒေန သမ္ပာဒေထ၊ သတိဖြင့် အမြဲတမ်း ရှု၍နေ ကြတဲ့— အဲဒီ သုံးချက်ဟာ လေးနက်လှတဲ့ မှာတမ်းကြီး ပါဘဲ။

လူ နတ် ဗြဟ္မာများ၌ အရေးအကြီးဆုံး အလုပ်ဟာ တခြားမဟုတ်ပါဘူး၊ (ဝယဓမ္မာ သင်္ခါရ) သင်္ခါရ အပျက် ကို ရှုနေကြဘို့ တာဝန် ပါဘဲ၊ ဘုရား ဟောတဲ့ အတိုင်း

သင်္ခါရ အပျက်ကိုသာ ရှု၍ နေပါလျှင် ယနေ့ကာ၍ နိဗ္ဗာန် အထိ လွတ်လပ်ရေးကြီး ကို ရသွားမည်၊ အပါယ် တံခါး ပိတ်၍သွားမည်၊ ဆင်းရဲသံသာကြီးပြတ်၍သွားမည်၊ ဘုံစဉ် စံ၍ တက်တက်သွားမည်၊ သိဒ္ဓိကြီးကိုးတန် ရ၍သွားမည်၊ (၆၇)ဆင့်ကို မလိုချင်လဲရ လိုချင်လဲ ရ၍သွားမည်၊ (ဝယ ဓမ္မာ သင်္ခါ) ရှုကြတော့၊ ရှုဖွေ၍ ကြည့်ကြတော့၊ ခန္ဓာ ကိုယ်ထဲမှ အမြဲတစေ ဖြစ်ပျက်၍နေကြတဲ့ ပူမှု ဧမှု၊ တောင့် တင်းမှု စသော ဝယဓမ္မာ သင်္ခါရ တို့ကို သာ တွေ့ကြရပါ သည်၊ တရားအမွေကြီးရ၍ နေကြပါပြီ၊ ပူ ပျက်၊ ဧ ပျက်၊ တောင့်ပျက်၊ တင်းပျက်၊ လှုပ်ပျက်၊ ရွပျက် စသော အပျက် အနိစ္စလက္ခဏာ စကြာရတနာကြီးကို ရကြရပါပြီ၊ အား တက် စရာပင်တည်း။

ရုပ္ပတီတိ ရူပံ။ " ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်၊ ရူပံ၊ ရုပ်မည်၏။ နမတီတိနာမံ။ နမတိ သိတတ် ညွတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နာမံ၊ နာမ်မည်၏။ ခန္ဓာကိုယ်၌ ရှာ၍ ကြည့်တော့၊ ပူ မှု၊ ဧ မှု၊ တောင့်မှု၊ တင်းမှု၊ လှုပ်ရှားသဘောတွေက ရုပ် တရားဘဲ၊ ပူပြီး ဧပေါ် ဖေါက် ပြန်၊ ပူပြီး ပျက်၊ အနိစ္စ ဖေါက်ပြန်ပုံ၊ အဲဒါက ရုပ်တရားသဘောတည်း၊ ပေါ် တိုင်းသိ၊ ပျက်တိုင်း သိ၍ နေတာက နာမ် တရားတည်း၊ ရုပ် နာမ် ကွဲ၍ သိရ ပါပြီ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပါပြီ။

နာမ ရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိ ပဟီနံ ဟောတိ။ အဋ္ဌကထာများဖွင့်ပုံ၊ နာမရူပ ပရိစ္ဆေဒေန၊ နာမ် တခြား ရုပ်တခြားကို ပိုင်းခြား၍ သိရသဖြင့် သက္ကာယဒိဋ္ဌိ၊သက္ကာယ ဒိဋ္ဌိကြီးကို။ ပဟီနံ၊ ပါယ်နိုင် သတ်နိုင်တော့သည်။ ဟောတိ၊

ဖြစ်၏။ ရုပ် နာမ် ကို ကွဲ၍ တွေ့ပါလျှင် သက္ကာယ ဒိဋ္ဌိကြီး ကွာသွားပါပြီ။

## ၉။ ရုပ်ပျက် နာမ်ပျက် ကုဋေတသိန်း တွေ့ရပုံ။

ဇတ္တန္တရေ အနေကာနိ ကောဋိသတ သဟဿ သခ်ါရာနိ ဥပ္ပဇ္ဇန္တိဝယန္တိစ။ သံယုတ် သုံးကျမ်းနှင့် ဝိဘင်း အဋ္ဌကထာ အဆို။ ဇတ္တန္တရေ၊ ဤမျက်စိ တမှိတ် ခံ အတွင်း၌။ အနေကာနိ၊ များစွာ ကုန်သော။ ကောဋိသတ သဟဿ သခ်ါရာနိ၊ ကုဋေတသိန်းကုန်သော သခ်ါရတရားတို့သည်။ ဥပ္ပဇ္ဇန္တိစ၊ ဖြစ်လည်း ဖြစ်ကြကုန်၏။ ဝယန္တိစ၊ ပျက်လည်း ပျက်ကြကုန်၏။ ခန္ဓာကိုယ်ထဲ၌ တရား ရှာတော့ ခေါင်းပျောက်၊ ကိုယ်ပျောက်၊ ခြေပျောက်၊ လက်ပျောက်အောင် တဖြန်းဖြန်း၊ တဖြိုးဖြိုး တဖျဉ်းဖျဉ်း တရိုးရိုး၊ တရွရွ၊ တရိပ် ရိပ်၊ တလျှမ်းလျှမ်း စသည် ဖြင့် ကုဋေတသိန်းမက တွေ့ရ ပါသည်။

ဖြန်းနှင့် ဖြန်း မရောတာက အကာသ ကလာပ်တွေ ပါဘဲ၊ တခြားစီပါဘဲ၊ ပျက်ပျက်နေတာက အနိစ္စတွေပါဘဲ၊ တခြားစီနေတာက ကလာပ်တွေပါဘဲ၊ စာတွေ့နှင့် မသိနိုင်၊ ခန္ဓာက ပေါ်၍ပြမှ သိနိုင်သည်၊ ယုံကြည်မည်၊ ကိုယ်တွေ့ ရှာပါလေ။

## ၁၀။ ပြခဲ့ပြီး သဘာဝတွေဟာ ဓါတ်လေးပါးထဲကပါဘဲ။

ကတမဥ္စရူပံ၊ စတ္တာရိ မဟာဘူတာနိ၊ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်။ ။ ရူပံ၊ ရုပ်တရားသည်။ ကတမဥ္စ၊ အဘယ်နည်း စတ္တာရိ၊ ၄-ပါးကုန်သော။ မဟာဘူတာနိ၊ မဟာဘုတ်ခေါ် ဓါတ်ကြီးလေးပါးတို့ပင်တည်း။

ရုပ်တရားဆိုတာ- ပူမှု ဇွေ- တေဇောဓါတ်။ လှုပ်မှု ရှားမှု- ဝါယောဓါတ်။ ယိုစီးမှု ဖွဲ့စည်းမှု- အာပေါဓါတ်။ တောင့်တင်း ပြေ့မှု မာမှု ပထဝီဓါတ်။ အကျဉ်းအားဖြင့် ၄-ပါးတည်း၊ ဓါတ် (၄-ပါး။ ၆-ပါး။ ၈-ပါး။ ၁၈-ပါး) စသည်တို့ကို ခွဲနိုင်က ခွဲ၍ ပြကြပါ။

## ၁၁။ ဓါတ်လေးပါးတွေ့ပြီးမှ တွေ့ရသော ဥပါဒါရုပ် (၂၄)

စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်။ စတုန္နံ၊ ၄-ပါးကုန်သော၊ မဟာဘူတာနံ မဟာဘုတ်တို့ကို။ ဥပါဒါယ ရူပဥ္စ၊ မှီတွယ် ကပ်ယပ်၍ ဖြစ်ပျက်သော ဥပါဒါရုပ်တို့သည်၎င်း၊ ရူပံ ရုပ်တရားပင် မည်၏။

(ဥပမာ) ပူတာက- တေဇောဓါတ်၊ ပျက်တာက— အနိစ္စတာ ရုပ်၊ ပထမကား မဟာဘုတ် ရုပ်ဘည်း။ ဒုတိယက ဥပါဒါရုပ်ဘည်း။ (ဥပမာ) တောင့်တင်းတာက ပထဝီဓါတ်တည်း။ ဖြစ်တာ ပျက်တာက ဥဒယဗ္ဗယ ဥပါဒါရုပ်တည်း။ ဝါ- ဝိပရိဏာမပင်တည်း။ ဝါ- ဖေါက်ပြန်တာပင်တည်း။ ဝါ—ရုပ္ပတိဘိ ရူပံ၊ သဘောပင်တည်း။ ဤ ပျက်၌ မဟာဘုတ် ရုပ်နှင့် ဥပါဒါရုပ်နှစ်ခု တွေ့ရပုံတည်း။

## ၁၂။ ဘုရားက အရှာခိုင်းတဲ့ရုပ်တရား။

ကတမဉ္စ ဘိက္ခဝေရူပံ၊ သီတေနပိ ရုပ္ပတိ၊ ဥဏှေနပိ ရုပ္ပတိ၊ ဇိဃစ္ဆာယပိ ရုပ္ပတိ၊ ပိပါသာယပိ ရုပ္ပတိ၊ ဍံသ မကသ ဝါတာတပ သရီသပ သမ္ဖဿေနပိ ရုပ္ပတိ၊ တသ္မာ ရူပန္တိ ဝုစ္စတိ၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ပိဘင်း အဋ္ဌကထာ။

ဘိက္ခဝေ၊ ချစ်သားတို့၊ ရူပံ၊ ရုပ်ဘရားသည်။ ကတမဥ္စ၊ အဘယ်နည်း။ သီတေနပိ၊ အအေးကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန် တတ်၏။ ဥဏှောနာပိ၊ အပူကြောင့် လည်း။ ရုပ္ပတိ ဖေါက်ပြန်တတ်၏။ ဇိဃစ္ဆာပိ၊ ဝတ်မွတ်ခြင်းကြောင့် လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်ဘတ်၏။ ပိပါသာယပိ၊ ရေငတ် ခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဍံသမကသဝါတာတပ သရီသပ သမ္ဖဿာပိ၊ မှက်,ခြင်,ယင်,လေ,နေပူ မြွေပျား ကင်း သန်းတို့၏တွေ့ထိခြင်းကြောင့်လည်း။ ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ ရူပန္တိ၊ ရုပ်တရား ဟူ၍။ ဝုစ္စ၊ ဆိုအပ်ပါ၏။

အအေ ကြောင့် ဖေါက်ပြန်တာ ဟာ ဆောင်းတွင်း၌ တုံ၍ပြနေပေ၏၊ အပူကြောင့် ဖေါက်ပြန်တာဟာ ပူလွန်း အားကြီး၍ တုန်တုန်ခိုက်ခိုက် နေရ၏၊ ဝတ်မွတ်ခြင်းကြောင့် ဖေါက်ပြန်တာဟာ မူးခနဲ မိုက်ခနဲ စသည် ဖြစ် ၍ ပြနေ၏၊ ရေငတ်ခြင်းကြောင့် ဖေါက်ပြန်တာဟာ ဝမ်းပူ ကိုယ်နွမ်း မဇချမ်းဘဲဖြစ်၍နေပေ၏၊ မှက်,ခြင် တို့ ကြောင့် ဖေါက်ပြန် တာဟာ ယားယံ၍နေခြင်း စူးယှ အခံခက်၍ နေခြင်း၊ နေပူ လေပူ ကြောင့် ဖေါက်ပြန်တာ ဟာ အား အင် ကုန် ခမ်း မျက်နှာ နီမြန်း၍နေပေ၏၊ မြွေ,ပျား,ကင်း,သန်း တို့ကြောင့် ဖေါက်ပြန်တာဟာ တဖြည်းဖြည်းနှင့် မှိုင်းရီမှုန်တွ၍ နေခြင်း ဤသဘောစုတို့ကား ရုပ်ဖေါက်ပြန်မှု အကြမ်းစား လူပြိန်း သိဘို့ဘည်း။ ကမ္ဘဋ္ဌာန်းတရားကို အားထုတ်၍ကြည့်မှသာ ဒါက- ကံကြောင့်၊ ဒါက-စိတ်ကြောင့်၊ ဒါက ဥတုကြောင့် ဒါက- အာဟာရကြောင့်ဟု တွေ့ရလိမ့်မည်။

## ၁၃။ ယထာဘူတဉာဏ်ပဿဖြင့်တွေ့မှ အမှန်။

သမုဒ္ဒရာထဲ ပင်လယ်ထဲ- မြစ်ထဲ ချောင်းထဲ - အိုင်ထဲ ကန်ထဲသို့ မိုယ်းရွာ၍ချတော့ မိုယ်းပေါက်တွေကြောင့် ရေပွက်များ ရေတပြင်လုံး၌ တွေ့ရတာလို တရား အားထုတ်၍ ကြည့်တော့ ဟိုနေရာက ပူ၍ ပွက်၊ ဒီနေရာက အေး၍ ပွက်နှင့် ခေါင်းရော ကိုယ်ရော ခြေလက်ကျောရင်၌ခရာ ဌာနများ၌ တဖိုးဖိုး တဖျဉ်းဖျဉ်း တဖြန်းဖြန်း တရွရွ တရှိန်ရှိန် စသည်ဖြင့် ပွက်၍ ပွက်၍ ပေါ်ကြတာကို ယထာဘူတဉာဏ်ပဿအရ ပေါ်တာဟူ၍ ခေါ်ရပါသည် ကိုယ်တွေ့ တွေ့အောင် ရှာကြပါကုန်။

## ၁၄။ နဒီသောတ သမ္မုပမ်ဖြင့်တွေ့မှ အမှန်။

မြစ်ရေအယဉ် ချောင်းရေ အယဉ် တို့ကို အဝေးက မြင်သောအခါ ရေပြင်ကြီး ဟာ ရပ် တည်၍ နေ သကဲ့ သို့၊ သန္တတိ ပညတ်ဖြင့် မြင်ရ၏။ အနီးက ကပ်၍ကြည့်သော အခါ စီးသောရေကလဲ မပြတ်စီးလျက်ရှိ၏။ လာသော ရေကလဲ မပြတ်လာ၍နေ၏။ မမြဲခြင်းကို လက်တွေ့ တွေ့မြင်ရ၏။ ဤ ဥပမာလိုပင် တရား အားထုတ်၍ကြည့်တော့ အပူခါတ်များကလဲ အဆက်မပြတ် ဖြစ်ကြ၏၊ အအေးခါတ် များက လဲ အဆက်မပြတ် ဖြစ်ကြ၏။

ပဌဝီပေါ်ပုံ (၁၃) မျိုး၊ အာပေါ ပေါ်ပုံ (၂) မျိုး၊ တေဇောပေါ်ပုံ (၆) မျိုး၊ ဝါယောပေါ်ပုံ (၁၁) မျိုး တို့ဟာ အနတ္တအနေဖြင့် တားမရ၊ ဆီးမရ၊ ရွှေ့မရ၊ ပြောင်းမရ၊ ယူမရ၊ ကိုင်မရ၊ အလိုသို့မလိုက်၊ အကြိုက်သို့ မပါဘဲ ရေယဉ်ပမာ မပြတ်ဖြစ်၍သာ နေကြတာကို တွေ့ရပါသည်၊

## ၁၅။ ယထာပသော မရိစိကံဖြင့်တွေ့မှ အမှန်

ရေအိုင်စပ်၌ နေအရှိန် ခတ်ကော့ တလျှပ်လျှပ် တရိပ်ရိပ် နှင့် တန်လျှပ်ဖြစ်၍နေတာလို ထို့အတူ တရားအားထုတ် တော့ ခန္ဓာကိုယ်ထဲမှာ တလျှပ်လျှပ်နှင့် တရိပ်ရိပ် နှင့် မှိုင်း ခနဲ အုံ့ခနဲ၊ ထိုင်းခနဲ၊ ဖြစ်ပျက်၍ နေတာကို အနိစ္စ ဒုက္ခ အနတ္တ အခနေဖြင့် တွေ့ရပါသည်။

### ( ရပ်ပြစ် ရှစ်ပါး၌ နေကြသူများတဲ့ )

ဋင်း ရပ်ပြစ် ရှစ်ပါးရှိသော အရပ် ဌာန၌ နေကြသူ သူများသည် မဂ္ဂဖြဟ္မာ စရိယ ကျင့်ဘို့ရန် အခါမဟုတ် အခွင့် မရသော ဌာန ရှစ်ပါးကြီး ဖြစ်၏။

ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ လူမိစ္ဆာ၊ အင်္ဂါ မပြည့်စုံ၊ ဘောတွင်းဖြစ်ကြ အရူပ အသညသတ်ဘုံ-

ရပ်ပြစ်ရှစ်ပါး ဖြစ်သူများ တရားမရကုန်။ (အပြစ်ပြချက်)

ရပ်ပြစ်ရှစ်ပါးလွတ်သူများ တရားရကြကုန်—အကျိုးပြချက်

၁—ငရဲဘုံ။ ၂—တိရစ္ဆာန်ဘုံ။ ၃--ပြိတ္တာဘုံ။ ၄—မိစ္ဆာဒိဋ္ဌိလူဘဝ။ ၅-- တောသား အရိုင်းများ။ ၆—အရူပ လေးဘုံ။ ၇—အသညသတ်ဘုံ။ ၈—အင်္ဂါ မပြည့်စုံသော ဇစ္စန္ဓပုဂ္ဂိုလ် များ။ ဤ ရပ်ပြစ် (၈) ပါး၌ ဖြစ်ရသူများ သည် တရားလဲ မရနိုင်၊ ပရမတ်လဲ မသိနိုင်ကြကုန်၊ လူ နတ် ဗြဟ္မာ တရား မကျင့်၍ မရလျှင် ရပ်ပြစ် ၈-ပါးနှင့် ဘာမျှ မဆိုင်၊ သတိ ကြီးစွာ ရှိကြပါလေ။

ဗုဒ္ဓုပ္ပါတိ ဌာနာတိ ဗောဓိ။ ဌာနေ၊ ဤ ဗောဓိညောင်ပင်၌ ဗုဒ္ဓုပ္ပါတိ၊ သိစရာ ဟူသမျှတို့ကို အကြွင်း မရှိသည်ကိုပြု၍ သိ တော် မူတတ်၏။ ဉာတိ၊ ထို့ကြောင့်။ ဗောဓိ၊ ဗောဓိမည်၏။

သိစရာဟူသမျှတို့ကို အကြွင်းမရှိ သိရာဌာနသည် ဗောဓိ–ဗောဓိ မည်၏။

ထိုကြောင့် ကဆုံလပြည့်နေ့ဟာ–

၁။ **'သုမေဓာ'** ဗျာဒိတ်ရတဲ့နေ့။

၂။ **သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူတဲ့နေ့။**

၃။ **သဗ္ဗညုတ ဉာဏ်တော်ကို** ရတော်မူတဲ့နေ့။

၄။ **ပရိနိဗ္ဗာန် စံတော်မူတဲ့ နေ့** ဖြစ်တဲ့ အတွက် ကဆုံလပြည့်နေ့သည် ဗုဒ္ဓနေ့ကြီး ဖြစ်တော်မူ၏။

## သီတင်းကျွတ်လ မြတ်သော လမြတ်။

လပြည့်နေ့သည် အဘိဓမ္မာ နေ့ထူး နေ့မြတ် ဖြစ်ပေသည်။ ဗုဒ္ဓရှင်တော်မြတ်သည် (၇)ဝါမြောက်သော မဟာသက္ကရာဇ် (၁၀၉ - ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူကာ ဝါတွင်း သုံးလ ပတ်လုံး ပင်လယ်ကသစ်ပင်ရင်း၌ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာထက် တွင် မယ်တော်ရင်း ဖြစ်ခဲ့ဘူး သော သန္တုသိတ နတ်သားကို အမှူးထားသျက် စကြာဝဠာ တသောင်းမှ နတ် ဗြဟ္မာအပေါင်းတို့အား ထူးဆန်း နက်နဲ ခက်ခဲလှစွာသော အဘိဓမ္မာ တရားတော်မြတ်ကို အကျယ် အားဖြင့် ဟောကြားတော်မူသည်။

အဘိ အတိရေကော ဓမ္မော ဧတ္ထာတိ အဘိဓမ္မော။

ဧတ္ထ၊ ဤအဘိဓမ္မာ တရား၌။ အဘိ အတိရေကော၊ အလွန် နက်နဲသော။ ဓမ္မော၊ သဘောတရားသည် နက်နဲခြင်းဟူသည်ကား - ပဋိဝေဓ၏ နက်နဲခြင်း။ အနက်၏ နက်နဲခြင်း ဒေသနာ၏ နက်နဲခြင်း။ အဓိပ္ပါယ်၏ နက်နဲခြင်း။ ဤကဲ့သို့

နက်နဲခြင်း ၄-မျိုးရှိ၏။ အကျဉ်းအားဖြင့် ရုပ်ဓမ္မ၊ နာမ်ဓမ္မ တို့ ဖြစ်ပေသည်။ နာမ် အဘိဓမ္မာ ဆိုရာ၌ စိတ်အစဉ် နာမ် တရားတို့၏ ဖြစ်ခြင်း၊ တည်ခြင်း၊ ချုပ်ခြင်း၊ အစဉ် အားဖြင့် ဖြစ်ပျက်ပုံနှင့် လက်ပြစ်တတွက် ကာလအတွင်းမှာပင် ဖြစ်-တည်-ချုပ်- ခဏသုံးပါးနှင့်တကွ လျှင်မြန်လှသော အဟုန် ဖြင့် စိတ်ပေါင်း ကုဋေ တသိန်းခန့်မျှ ရှေ့ နောက် ဆက်စပ် ၍ ဖြစ်ပျက်နိုင်ပုံကိုရင်း၊

ရုပ် အဘိဓမ္မာဆိုင်ရာ၌—

ကမ္မံစိတ္တောတု ကာဟာရ သမုဋ္ဌာနာ ယထာက္ကမံ၊

နဝ-ဆ-စတုရော ဒွေထိ ကလပါ ကော ဝိသတိ - ဟု သင်္ဂြိုဟ် ပါဠိ လာရှိသည့် အတိုင်း- ကံကြောင့် ဖြစ်သော ရုပ် ကလာပ်၊ စိတ် ကြောင့် ဖြစ်သော ရုပ်ကလာပ်၊ ဥတု ကြောင့်ဖြစ်သော ရုပ်ကလာပ်၊ အာဟာရကြောင့်ဖြစ်သော ရုပ်ကလပ် ဟူ၍ (၄) ပါး ရှိ၏၊ ထို ရုပ်သည်ကား လူတို့၏ မံသ စက္ခု ဖြင့် မြင်နိုင်သော ရသရေ နုမြူ ကို (၃၆) စိတ် စိတ်၍ ၎င်းတစိတ်ကို တဇ္ဇာရီမြူ- ဟု ခေါ်သည်၊ ထို မြူကို (၃၆) စိတ် စိတ်၍ တစိတ်ကို အနုမြူ ဟု ခေါ်၏။

သတိ။ ။ ထို အနုမြူ ယခုအခါ အနောက် နိုင်ငံမှ လော ကဓါတ် ဆရာကြီးများက မှန်ပြောင်းကြီးများဖြင့် ကြည့်မှ မြင်ရသော အနုမြူဓါတ် ဟူ၍ ခေါ်နေကြ၏၊ ၎င်းတို့သည် ဤမျှသာ တွေ့နိုင် မြင်နိုင်ကြပေသည်။

ရုပ်အဘိဓမ္မာ သဘောမှာ ထိုအနုမြူကို (၃၆) စိတ် စိတ်၍ တစိတ်ကို ပရမာ နုမြူ ခေါ်၏၊ ထို ပရမာနုမြူတွင် ပထဝီ-တေဇော-အာပေါ-ဝါယော၊ ဝဏ္ဏ-ဂန္ဓ-ရသ ဩဇာ

ဟူ၍ ရှစ်ပါးသော ဓါတ်တို့သည် ဖွဲ့စည်းပြီး ဓါတ် တခုနှင့် တခု ဆက်စပ်ပုံ အနန္တရ၊ သမနန္တရ၊ သဟဇာတ ဟု ဆို အပ်သော တရားတို့သည် မည်ကဲ့သို့ ကျေးဇူး ပြုပုံကိုရင်း၊ ထိုသဘောတရားကလေးများသည် ဖြစ် တည် ချုပ် ခဏ သုံးပါးနှင့်တကွ လက်ဖြစ်တတွက် အချိန်ကာလ အတွင်း ကုဋေ ငါးထောင်အားဖြင့် လျှင်မြန်စွာ ဖြစ်ပျက်နေသည်ကို ရင်း၊ ဤကဲ့သို့ ရုပ်ပရမတ်တို့ကို အစ္ဆေယျ သုံးလူထွဋ် ထား မြတ်ဘုရား သည် နတ် ဗြဟ္မာ အပေါင်းတို့ အား ဟောကြားပြီးသောအခါမှာ နတ် ဗြဟ္မာအပေါင်း ကုဋေ ရှစ်သောင်းတို့သည် တရားထူးသိမြင်၍ ကျွတ်တမ်း ဝင်ကြ ပါပေ၏၊ (၁၀၉) ခု နှစ် သီတင်းကျွတ် လပြည့်နေ့ နေဝင် ချိန်ကာလတွင် တာဝတိံသာ နတ်ပြည်မှ သက်ဿ နဂိုရ် ပြည်သို့ နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော စောင်းတန်း သုံး သွယ်တို့တွင် မြတ်စွာ ဘုရားရှင်သည် ခြောက် သွယ်သော ရောင်ခြည်တော်တို့ကို တပြိုင်တည်း ထွန်းပလျှက် ပတ္တမြား စောင်းတန်းမှ ဆင်းကြွလာ၏၊ လက်ျာဘက်မှ ရွှေစောင်း တန်း လက်ဝဲဘက်မှ ငွေစောင်းတန်းတို့မှလည်း နတ်ဗြဟ္မာ အပေါင်းတို့က သဗ္ဗညုတမြတ်စွာဘုရားအား ဝန်းရံလျက် နတ် မီးရှူးရောင် တပြောင်ပြောင်ဖြင့် ထွန်းလင်းစေလျက်၊ နတ်တို့၏ ဒူရိယာအမျိုးမျိုးတို့ကို တီး မှုတ်၍ ကြွေး ကြော် ခြင်းပြုကြ၏၊ ဤကဲ့သို့ ကြီးကျယ် ခန်းနား ဆန်းပြား တင့် တယ် အသွယ်သွယ် တို့ဖြင့် ပူဇော်ကာ လိုက်ကြလေသည်။ သက်ဿနဂိုရ်မြို့မှ စောင့်၍ ကြိုဆိုနေကြသော လူပရိသတ် အပေါင်းတို့သည်ကား သောင်းသောင်းဖျဖျ၊ လွန်အားရ လျက်၊ ကြည့်ရှု ရွှင်လန်း အံ့မခန်းမျှ ထူး ဆန်း ဝေဆာ

အဖြာဖြာကို သဒ္ဒါရှိကျူး လက်စုံမိုး၍ရှိခိုးပူဇော်ကြလေ၏။

ယခုတချိန်သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာ (၂၅၀၉)နှစ် ရှိလေပြီ၊ ဤကဲ့သို့ ဘုရားရှင် တာဝတိံသာမှ ဆင်းကြွခဲ့ ချိန်မှ ယခု အချိန် အထိ နှစ်ပေါင်း (၂၅၇၉) နှစ် လွန်ခဲ့ပေပြီတကား၊ ဤကဲ့သို့ အချိန် ကြာညောင်း သော်လည်း သဗ္ဗညု ဘုရားရှင် ၏ ဂုဏ်တော် ကျေးဇူးတော်တွေကို ထိုအချိန်အခါတိုင်း ဆီမီးထွန်းညှိ ပူဇော်ကြခြင်း၊ ဒါန သီလ ဘာဝနာ တို့ကို ပြုလုပ်ကြခြင်း၊ ရတနာသုံးပါးနှင့်တကွ မိဘ ဆရာ သမား အဘိုးအဘွား တို့ အား ပူဇော် ကန်တော့ကြခြင်း များမှာ ဗုဒ္ဓဘာသာဝင်တို့၏ ရှေး အစဉ်အလာဖြစ်သည်၊ အလွန် ပင်ကောင်းမြတ်ပါ၏၊ သို့သော် ဗုဒ္ဓ ၏ အဘိဓမ္မာ နေ့ထူး နေ့မြတ်ကြီးမှာ ပညိန္ဒြေ ရင့်သန်သော ပုဂ္ဂိုလ်များသည် ဤမျှဖြင့် တင်းတိမ်၍ မနေသင့် မိမိ တို့၏ လျှူဒါန်းသော ပစ္စည်းဝတ္ထုများနှင့်ဆီမီးလျှံတို့ကို ပရိကံပြု၍ မိမိတို့၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ထို ဆီမီးလျှံကဲ့သို့ ချုပ်ပျက် ခဏ မစဲ အမြဲ ဖြစ် ပျက်၍ နေခြင်းကို ဝိပဿနာ ဉာဏ် အမြင် ဖြင့် သိနိုင်ရန် ကြိုးစား ပွားများ၍ အားထုတ်သင့်ကြသည်။

ကထိန်လျှောသကၤန်းအတွက် ပြစ်ချက် ၂၄-ပါး ကို ဗုဒ္ဓကိုယ်တော်တိုင်

ဟောတော်မူခဲ့ပါသည်၊ ထို ၂၄-ပါးအနက်

အရေးကြီးသောအချက် ၂-ခုကား

၁။ နိမိတ္တကတာ၊ ကထိန် ခင်းချင်စိတ် ပေါက်လာ အောင် အရိပ်နိမိတ်ပြ၍ ဆွယ်လုံး အမျိုးမျိုးတို့ဖြစ်၏။

၂။ ပရိကထာ ကတာ၊ ကထိန်အလှူဟာ ဘယ်အလှူမျိုးနဲ့မှ မတူဘူး အလွန်ကို အကျိုးကြီးတဲ့အလှူ၊ ရွှေကျောင်း ကြီး မိုးယံ:ပါးနီးအောင် ဆောက် လှူတဲ့ အလှူထက် မြတ်သည် ဆွယ်လုံး။

ဤတွင် အခဏ်း (၂) ပြီးပြီ။

# အခန်း - ၃။

၁။ ကိလေသောက၊ ဋ္ဌေဒါသ၊ ကာယဒုက္ခကွ၁။
၂။ မင်္ဂဉာဏ်-နိဗ္ဗာန်၊ ရအမှန်၊ ဗုဒ္ဓဟောခဲ့ရှာ။
၃။ ကျိုးအာနိသံ၊ ခုနစ်တန်၊ သတိပဋ္ဌာန်မှာ။
၄။ ဗိဋကတ်အတတ်၊ သညာမှတ်၊ ပညာတ်ဟောတတ်ပါ
၅။ ပညာတ်ဆိုတာ၊ သက္ကာယာ၊ ဘယ်ခါမလွတ်ပါ။
၆။ သက္ကာယရှိ၊ စွဲဒိဋ္ဌိ၊ ငြိ၍အပါယ်မှာ။
၇။ ဒိဋ္ဌိဘေးကြီး၊ အရေးကြီး၊ စောထီးမိန့်ခဲ့ရှာ။
၈။ တရားဟောလမ်း၊ ခြောက်ကျိပ်ရဟန်း၊ ကမ္မဋ္ဌာန်း
သူမြန်း ရှေ့ဦးစွာ၊ ဆုံးခန်းကျင့်သည်သာ။
၉။ ဘုရားဟောမြွက်၊ ဓမ္မစက်၊ တွက်၍ဟောကြရှာ။
၁၀။ ဤသို့ကြောင်းပြု၊ များဗိုလ်ထု၊ ကျွတ်မှုရကြရှာ။
၁၁။ တရားအရ၊ စာနှင့်ပြ၊ ဗုဒ္ဓဟောသည်သာ။
၁၂။ မာနထောင်လွှား၊ ဤတရား၊ လားလားမဖြစ်ပါ။
၁၃။ ငါးပါးသီလ၊ မြဲပါမှ၊ မင်္ဂဖိုလ်ရမည်သာ။
၁၄။ ရုပ်နာမ် နှစ်တန်၊ ဖြစ်အောင်ကြံ၊ အမှန်လောဘသာ
၁၅။ ရုပ်နာမ် နှစ်တန်၊ ပျက်အောင်ကြံ၊ အမှန် ဒေါသပါ။
၁၆။ ဖြစ်ပျက်နှစ်တန်၊ မသိပြန်၊ အမှန်မောဟပါ။
၁၇။ အဟောင်းကိုပြန်၊ အသစ်ကြံ၊ နှစ်တန်ပါယ်လိုက်ပါ။
၁၈။ သုတမယ်၊ စိန္တာဉာဏ်၊ အမှန်မရှုသာ။

၁၉။ ဘာဝနာဥာဏ် ပစ္စုပ္ပန်၊ အမှန်ရှုမှသာ။
၂၀။ ဥတုဝေဠု၊ ကဿပ၊ ပေါင်းထတထောင်မှာ။
၂၁။ အာရုံခြောက်စုံ၊ ကျင့်ပြန်တုံ၊ အကုန်ကျွတ်သည်သာ
၂၂၊ အာရုံခြောက်တွင်၊ အပြစ်ဝင်၊ ဖြစ်လျှင်ဤကသာ။
၂၃။ ဝက္ကလိဆို၊ ဘုရားကို၊ ကြည်ညိုပါယ်သည်သာ။
၂၄။ ဘုရားမြင်က၊ သဒ္ဓါကြွ၊ ငါက ပါတော့တာ။
၂၅။ တရားဟောသံ၊ တောင်းတုန်ပြန်၊ အမှန်ငါပါကာ။
၂၆။ ငါပါသမျှ၊ ငါ့ဘဝ၊ ငါ့ကြောင့်ဖြစ်သည်သာ။
၂၇။ အဆင်းဟူက၊ တခုပြ၊ ဗုဒ္ဓဟောသည်သာ။
၂၈။ အသံဟူက၊ တခုပြ၊ ဗုဒ္ဓဟောသည်သာ၊
၂၉။ လောကလူသုံး၊ ပေါင်း၍ကြီး၊ ဆိုးကောင်းသုံးကြရာ
၃၀။ အယုတ်အမြတ်၊ လောကီမှတ်၊ ပညာတ်ဝေါဟာပါ။
၃၁။ ရှေ့ပြည်နိဗ္ဗာန်၊ ယုတ်မြတ်ဟန်၊ နှစ်တန်ပယ်လိုက်ပါ။
၃၂။ တိရစ္ဆာန်ကား၊ အသိထား၊ ငါကားပါတော့သာ။
၃၃။ လောကလူများ၊ အသိထား၊ ငါကား ပါတော့သာ။
၃၄။ ရေကံ၌ကါး၊ နွားကျောင်းသား၊ စောင့်ငှါပြောပမါပါ။
၃၅။ ခေါ်တလှန်းကြွ၊ မြေသို့ချ၊ ခြောက်ဝဋ္ဋာနသာ။
၃၆။ သတိရှည်လျှင်၊ သမ္ပဇဉ်၊ အစဉ်ကိလေကွာ။
၃၇၊ အသိစိတ်လျှင်၊ ကိလေစင်၊ ထင်မြင် နာခံရှုမှာ။
၃၈။ အသိကြဲလျှင်၊ ကိလေဝင်၊ မမြင်နာမ်ရှုပ်မှာ။
၃၉။ ရှေ့စိတ်သွားဘိ၊ နောက်စိတ်သိ၊ လောဘဖြစ်ဘိ၊
နောက်စိတ်သိ၊ ဒေါသ ဖြစ်ဘိ- နောက်စိတ်သိ၊
မောဟဖြစ်ဘိ- နောက်စိတ်သိ၊ သိတိုင်း ကိလေကွာ။
၄၀။ စိတ်ထွက်သွားပြန်၊ တားဆီးရန်၊ အမှန်မပြုရာ။
၄၁။ အုပ်စိုးနိုင်ပင်၊ ပိုင်အရှင်၊ သခင်မရှိပါ။

၄၂။ အစိုးမရ၊ အနတ္တ၊ မှတ်ကြသူ့ကိုသာ။

၄၃။ မျှားစွာမှတ်ဘိ၊ သမာဓိ၊ ရရှိ ဉာဏ်ကိုသာ။

၄၄။ သမာဓိရ၊ ပညာက၊ ထင်ကြ နာမ်ရုပ်သာ။

၄၅။ ဒါနဆိုတာ၊ သံသရာ၊ ကျွမ်းမှာမရှိပါ။

၄၆။ အဗျာကတ၊ လျှဒါန၊ ငါကပါတော့တာ။

၄၇။ သမ္မသန။ ဉာဏ်အရ၊ ကျွမ်းကမျှားသည်သာ။

၄၈။ သမ္မသနံ၊ ဉာဏ်အမှန်၊ ရုပ်နာမ်မြင်မှသာ။

၄၉။ ဝိစိကိစ္ဆာ၊ ဒိဋ္ဌိကွာ၊ ဤမှာအစပါ။

၅၀။ ဉာတအရာ၊ ပရိညာ၊ မှတ်ပါ ဤဉာဏ်မှာ။

၅၁။ သုံးဆယ့်တဘုံ၊ အကုန်ခြုံ၊ နှစ်စုံနာမ်ရုပ်မှာ။

၅၂၊ ပုဗ္ဗဘာဂ၊ မဂ်အရ၊ အငြိုကပါ။

၅၃။ လောကီမဂ်မှာ၊ ဆိုကြရာ၊ သူ့ကိုမှတ်ကြပါ။

၅၄။ သတိပဋ္ဌာန်၊ မဂ်ဆိုပြန်၊ အမှန်သူ့ကိုသာ။

၅၅။ နိဗ္ဗာန်လမ်းကြောင်း၊ ခရီးကောင်း၊ ပေါင်း၍ဤကသါ။

၅၆၊ ရှေးအရိယာ၊ ပြည်ခမာ၊ ကြွရာဤဘသာ။

၅၇။ အနန္တရာယ်ကါး၊ ဆယ်ပါးထား၊ မှတ်သား၍ဉာဏ်မှာ

၅၈။ မာနတဏှာ၊ ဒိဋ္ဌိမှာ၊ တွယ်တာ ၉ ပါးသာ။

၅၉။ ဆယ်ပါးထိုဝယ်၊ အနန္တရာယ်၊ တကယ်ပါယ်လိုက်ပါ။

၆၀။ သုံးပါးအကျယ်၊ အနန္တရာယ်၊ တသွယ် မှတ်လိုက်ပါ။

၆၁။ ဘင်ဉာဏ်ပင်၊ အပျက်ထင်၊ ရုပ်နာမ်မြင်တော့သာ။

၆၂။ ခြောက်ဒွါရက၊ ကျသမျှ၊ ပျက်ကြသူ့ဘာသာ။

၆၃။ ယိမ်းယိုင်ပြိုဘိ၊ တအိအိ၊ ကျသည့်ပမာပါ။

၆၄။ ဘယဉာဏ်ပင်၊ ဘေးကြီးထင်၊ ရုပ်နာမ်မြင်တော့သာ။

၆၅။ အာရုံ ခြောက်ပင်၊ ဘေးကြီးထင်၊ ရုပ် နာမ် မြင်တော့
သာ။

၆၆။ ရန်သူလက်တွင်း၊ ရောက်ပြန်ခြင်း၊ အလျှင်းတူတော့
သာ။
၆၇။ အာဒိနဝ၊ ထင်သမျှ၊ အမြင်ကြအပြစ်သာ။
၆၈။ ခြောက်ပါးအာရုံ၊ တွေ့ပြန်ကြို အကုန်အဖြစ်ပါ။
၆၉။ ယောဂီရုပ်ပုံ၊ဆတ်ဆတ်တုံ၊အကုန်ကြောက်တော့သါ
၇၀။ ကြောက်လန့်ဖန်ဖန်၊လွတ်လိုက်ပြန်၊ဉာဏ်မှါမတက်ပါ
၇၁။ မလွတ်ထင်မြင်၊ အားထားလျှင်၊ ဉာဏ်စဉ့်မဂ်ဝင်ကါ
၇၂။ မရှုင်မလန်း၊ စိတ်ကုန်ခမ်း ညှိုးနွမ်းနိဗ္ဗိဒါ။
၇၃။ မရှုင်မလန်း၊ စိတ်ကုန်ခမ်း၊ ညှိုးနွမ်းနိဗ္ဗိန္ဒာ။
၇၄။ သွားယိုင် ရပ်ယိုင်၊ ထိုင် အိပ်ယိုင် အကုန်ယိုင်တော့
သာ။
၇၅။ အာရုံခြောက်တွင်၊ ပျော်မရှင်၊ ထင်မြင် နာမ် ရုပ်မှာ။
၇၆။ ရုပ် နာမ်နှစ်ခု၊ မုဉ္စိတုကမျတာ၊ လွတ်မှုမြင်တော့သာ။
၇၇။ ခြောက်ပါးအာရုံ၊ တွေ့ပြန်တုံ၊ အကုန် လွတ်လိုပါ။
၇၈။ ရုပ် နာမ် သိတိုင်း၊လှည့်ကာဝိုင်း၊တံတိုင်းကာသို့သာ
၇၉။ ရှေ့ပြည်နိဗ္ဗာန်၊ အားကိုးပြန်၊ အမှန်မသိပါ။
၈၀။ သဥပါဒိ၊ သေသာနိ၊ ကြွင်းရှိခန္ဓာမှာ။
၈၁။ ကိလေသာကင်း၊ ခန္ဓာကြွင်း၊ ရှင်းရှင်းယူကြပါ။
၈၂။ ဘုရားခန္ဓာ၊ ရဟန္တာ၊ မဂ် ဖိုလ် စိတ်ခန္ဓာ။
၈၃။ ၎င်း ခန္ဓံ၊ အာရုံခံ၊ အမှန်နိဗ္ဗာန်မှာ။
၈၄။ ခန္ဓာကြွင်းပြန်၊ ပစ္စုပ္ပန်၊ အမှန်သူ့ကိုသာ။
၈၅။ နိဗ္ဗာန်ဘပါး၊ ခန္ဓာခြား၊ နှစ်ပါးယူကြပါ။
၈၆။ အနုပါဒိ၊ သေသာနိ၊ မရှိခန္ဓာမှာ။
၈၇။ အသင်္ခတံ၊ နိရောဓံ၊ နိဗ္ဗာန်တူတော့သာ။
၈၈။ ဘုရားသခင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓါ။

၇၉။ ပရိနိဗ္ဗာန်၊ စံလွန်ပြန်၊ အမှန်နိရောဓါ။
၈၀။ ရဟန္တာပင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓါ။
၈၁။ ဝိသာခါပင်၊ နိဗ္ဗာန်မြင်၊ အစဉ်နိရောဓါ။
၈၂။ မဂ် ဖိုလ်ရခိုက်၊ ထင်မြင်လိုက်၊ ဆိုက်၍ နိရောဓါ။
၈၃။ ဤကျမ်းရှုမြင်၊ အားထားလျှင်၊ အစဉ်နိရောဓါ။
၈၄။ နိဗ္ဗာန်တပါး၊ အမည်ပြား၊ကျမ်းကားများသည်သာ။

# ရှစ်လုံးဘွဲ့ ကဗျာ၊

၁။ ရန်သူ့လက်ချက် မပျက်စေငှါ၊ ကိုယ်တို့ပစ္စည်း- ဘယ်နည်းထားမှာ၊ ကုသိုလ်ဘဏ်တိုက် သွင်းလိုက်မြန်စွာ နိဗ္ဗာန်ထိ- သုံးဘိမကုန်ပါ။ ။

၂။ ဘုရားဂုဏ်ထူး ကျေးဇူးကိုရှာ၊ ဘယ်လိုနည်းနဲ့- အပြီးဆပ်မှာ၊ ပရိယတ်နှင့် ပဋိပတ် နှစ်ဖြာ၊ မပြတ်ပွား— ဆပ်ငြား- ကျေးဇူးသာ။ ။

၃။ သေဘုံမှာတိုး သေမျိုး ဖြစ်လာ၊ သူငါမလွဲ အမြဲသေမှာ၊ ကျိုးကြောင်းကြည့်၍ သိကြသော်သာ၊ မသေမှု- အားပြုဆောင်ရွက်ပါ။ ။

၄။ လူရော—နတ်ရော သောသောအုပ်အာ၊ ကြည်ညို မြတ်နိုး အားကိုးလေတာ၊ ဘယ်လိုဆုထူး ပြုဘူး ပေရှာ၊ သဗ္ဗါစ- သီလ (၇) ဖြာ။ ။

၅။ အောက်ရော- ထက်ရော သောသော ညံစီ၊ ပျော် ပျော်ပါးပါး သွားကြရှာသည်၊အောက်လမ်းဒွာန ကာမ ယောဂီ၊ ထက်လမ်းက- ဓမ္မ-ခေါ် ယောဂီ။ ။

၆။ ချပ်-နာမ် နှစ်ဝ ပေါင်းစပ်ကာတည်၊ ယောက်ျားမိမ္မ ခေါ်ကြပါသည်၊ သူဘဲငါဘဲ မှတ်လွဲပါပြီ၊ အတ္တစွဲ-သူဘဲ သံသာရှည်။ ။

၇။ စာတွေ့-ငါတွေ့ အတွေ့နှစ်လီ၊ အချိန်နှိုးခိုက် သိထိုက်ပါသည်၊ ရက်လကုန်ဆုံး မဖြုံးသင့်ပြီ၊ စဉ်းစားယင်း- မောင် မယ်မင်းသံသာရှည်။

၈။ ကိုယ်တိုင်တွေ့မှ ချမ်းမြေ့သာကြည်၊ စာအတွေ့ထက် ငါတွေ့သာမည်၊ ဆယ့်ငါးရက်ထဲ အားခဲကြိုးစည်၊ မဆုတ်တန်း—လုံ့လင်္ကန်း တူညီညီ။ ။

၉။ သံသာမြစ်ကြော နစ်မြောကာလည်၊ ဆူဆူဘုရားပွင့်သွားပါပြီ၊ ကာမမှိုင်းတိုက် ရိုင်းမိုက်ပါသည်၊ ငါ့အစွဲ-တာဘဲသံသာရှည်။ ။

၁၀။ လောဘခိုင်းလို့ ရိုင်းရပါသည်၊ ဒေါသခိုင်းလို့-ရိုင်းရပါသည်၊ မောဟမှိုင်းကြောင့် တိုင်းဆမညီ၊ ခန္ဓာကြီး သည်နည်း သံသာရှည်။ ။

၁၁။ နိဗ္ဗာန် ရွှေမြို့ နေ့တို့မူတည်၊ နိဗ္ဗာန် သွားလမ်းအားစမ်းပါသည်၊ သဘောဟုတ်မှ လောကုတ်ခေါ်သည်၊ နေ့မပျက်- လေ့ကျက် တူညီညီ။ ။

၁၂။ သူတော်တို့ထုံး နှစ်လုံးကရည်၊ သူတော်အလုပ်—အားထုတ်ကြိုးစည်၊ သူတော်ကောင်းများ စိတ်ထားကာကြည်၊ စိတ်ယုတ်မြတ်—စိတ်မြတ် မြဲညီညီ။ ။

၁၃။ ကိုယ်ကျင့်တရား သိငြားပါပြီ၊ သိပါသော်လဲ—ရှိခဲလှသည်၊ သိသမျှ ဖြင့် ရှိမှတော်မည်၊ သူတော်စစ်ဖြစ်စို့ တူညီညီ။ ။

၁၄။ တိုင်းပြည်အလုံး မီးအုံးကြိမ်ပမာ၊ ညှိုးငယ်ပူဆွေး ငိုကြွေးဖြာဖြာ၊ စည်းစိမ်အသက် ပျက်ရများစွာ၊ သတိရ- သိကြဲ မာနသာ။

၁၅။ ဟောဒီဘက်က အဝိဇ္ဇာနယ်ပါ၊ ဟော ဟိုဘက်က တဏှာနယ်ပါ၊ အဝိဇ္ဇာနယ်က ပိတ်ခါဘွယ်တာ၊ တဏှာနယ်က အပါတွယ်တာ၊ လူဖြစ်ပြီးတဲ့ ဒို့များ သူငါ၊ ပါယ်လေးပါး- ထင်ရှားရောက်ရရှာ။ ။

၁၆။ အပြောဟုတ်မျှ လုပ်ကခက်တာ၊ ကီရော-ကုတ်ရော သဘောတူစွာ၊ အလွယ်ကိုဖျက် အခက်ကိုရှာ၊ မဆုတ်တန်း- လုပ်စမ်း ညီညာညာ။ ။

၁၇။ ကိုယ်ကျင့်တရား သိပြီးပါပြီ၊ သိသလိုလဲ ရှိခဲ့လှသည်၊ သိသမျှဖြင့် ရှိမှတော်မည်၊ သူတော်စစ်- ဖြစ်စို့တူညီညီ။ ။

၁၈။ အခါအခွင့် အသင့်ကြုံလာ၊ တရားအလုပ် အားထုတ်လေပါ၊ မတရားမှု အားပြုသော်သာ၊ ခလုပ်ထိ— အမိ တ,ရမှာ။ ။

၁၉။ ကြားရုံမှတ်သား ဆောင်ထားလိုက်နာ၊ တရားနာများ သုံးပါး အင်္ဂါ၊ အယုတ် အလတ် အမြတ် ဆိုတာ၊ အဲတာဘဲ- အမြဲမှတ်လိုက်ပါ။ ။

၂၀။ တွေ့ခဲကြုံခဲ ဆုံခဲပေတာ၊ ကုသိုဟ်ပြုကြ စုရလူ့ရွာ၊ အချိန်ကောင်းကို နှောင်းဘိသော်သာ၊ လွန်ခါမှ- နောင်တရတတ်စွာ။ ။

၂၁။ လောကီ စီးပွား ရှာငြားဘိုသာ၊ သံသာ စီးပွား-ဒို့ကားမရှာ၊ နေ့စဉ်တွေး၍ စစ်ခဆေးလေပါ၊ နေရေးထက်ခက်လှ သေရေးဟာ။ ။

၂၂။ ကံကောင်းထောက်မ ရောက်ရလူ့ရွာ၊ သင်သာသင့်အား သနားသော်သာ၊ လူ့ဘို့ သတိ ရှိမှ ဝေ^မှာ၊ တရားလိုက်- အားတိုက် ဆောင်ရွက်ပါ။ ။

၂၃။ မွေးဘူး ကျွေးဘူး ကျေးဇူးဖြာဖြာ၊ ဘယ်ပုံ ဘယ်နည်း အပြီးဆပ်မှာ၊ နည်းလမ်း လုပ်ပြ ဗုဒ္ဓဆရာ၊ မြတ်တရား ဆပ်ငြား ကျေးဇူးသာ။ ။

၂၄။ အလှူကိုပွား တရားကိုနာ၊ နေ့စဉ်မခြား ခ,စားလေပါ၊ အရိယာများ သုံးပါးအင်္ဂါ၊ သတိထား- သိငြားဒို့သူငါ။ ။

၂၅။ သူတော်တရား မှတ်သားဥစ္စာ၊ မဂ္ဂင်ရထား ဝယ်ငြားလေပါ၊ နေ့စဉ်စီး၍ ခရီးတွင်စွာ၊ နိဗ္ဗာန်မြို့- သွားစို့ သွားစို့ သူသူငါ။ ။

၂၆။ ခရီးသွားတော့ ဘာများမေ့မှာ၊ ဟိုကြည့် သည်ကြည့် သတိရရှာ၊ သူက ငါက ပူကြလေတာ၊ သံသာကြီး- ဤနည်းပူစမ်းပါ။ ။

၂၇။ ကာလ ခေတ်ဆိုး တိုးရ သူငါ၊ နေ ဆိုး သေ ဆိုး-ညှိုးလှပူဗျာ၊ ကာလ ကောင်းကို ပြောင်းလို့ သော်သာ၊ ကိုယ်ကျင့်စွဲ- မြဲမှတော်လိမ့်မှာ။ ။

# ကောသလအိပ်မက် ၁၆–ချက်၊

## ရှစ်လုံးဘွဲ့ကဗျာ။

၁။ နွားနက်လေးခု၊ ဖော့မှုဟန်ပြင်၊ မဖော့ကြဘဲ ရှောင်လွှဲသည်မြင်၊ အရှေ့-အနောက်- တောင်-မြောက် မိုယ်းဆင်၊ ချိမ်းသံပေး- မိုယ်းဝေးလွင့်ပြောက်စင်။

၂။ မြေကမကြွ၊ ငယ်လှသစ်ပင်၊ ဖူးငုံ ရင့်ပြီး၊ ပွင့် သီးတွေမြင်၊ အရွယ်မမျှ ပျိုမ မယ်ခင်၊ သွေးသား- လင်ထား အိမ်ထောင်ချင်။

၃။ ယခန္နဖွားစ၊ နွားမ နို့သာ၊ မိခင် နွားကြီး၊ စို့ပြီး နေရှာ၊ သွီး-သား စီးပွားပိုင်ရာ၊ မိနှင့်ဘ ကျွေးမှ စားရမှာ။

၄။ နွားကြီးမကြိုက်၊ ဝန်တိုက် နွားငယ်၊ မရုန်း နိုင်ဘဲ ဝပ်လဲနေတယ်၊ ကြီးသူပါယ်ရှား၊ မြောက် စား လူ ငယ်၊ တိုင်းပြည်ရေး- ရှုတ်ထွေး ပွေတော့မယ်။

၅။ ခံတွင်းနှစ်ခွ၊ မြင်းလှရာဇာ၊ ကျွေးကျွေးသမျှ၊ မဝ နိုင်ပါ၊ မှူးမတ် မင်းစိုး၊ လာဘ်ထိုး သူရှာ၊ နှစ်ဘက်စား- တရားစီရင်မှာ။

၆။ ခွေးအိုထံဆက်၊ ရွှေခွက် သိန်းတန်၊ ကျင်ငယ် အမြဲ ခွက်ထဲစွန့်ပြန်၊ မျိုးမြတ်သွီး၊ ပစ္စည်းမက်ဟန်၊ အမျိုးယုတ်၊ လင်လုပ်- ပေါင်းဆက်ဆန်။

၇။ ရှေ့က ကြစ်ချ၊ လွန်စကြိုးကို၊ ခွေးမခိုးစား၊ ကိုက်ဝါးကာမျို၊ လင်ကြီးပစ္စည်း၊ သိမ်းဆည်း မသို၊ လင်မြောင် အား- မယား လောကွတ်ပို၊

၈။ အိုးငယ်ချိုးနှိုး၊ အိုးကြီးရေလျှံ အိုးကြီးကိုဘဲ ရေဆွဲလောင်းပြန်၊ ဆင်းရဲသူများ၊ ဝတ်စားမကျန်၊ အခွန်တွက်- နှိပ်စက်ငွေတောင်းခံ။

၉။ ကြာမျိုးငါးဝ၊ ပွင့်ကြရေကန်၊ ရေလယ်နောက်လျက်၊ ကန်ဘက်ကြည်ပြန်၊ မြို့တွင်းပွေရှုတ်၊ ခွန်ထုပ်ကောက်ခံ၊ မြို့ပြင်ထွက်– ပြည့်နှက်စည်ကားရန်။

၁၀။ တအိုးဟည်းချက်၊ အကျက်မညီ၊ ထမင်းမာဆတ်၊ ပြေ့နတ်သုံးလီ၊ မင်းနှင့်လူများ တရားမမှီ၊ မိုယ်းသုံးစားကွက်ကျား ရွာချမည်။

၁၁။ မွေးထိုန်ကြူး၊ စန္ဒကူးသိန်းတန်၊ ပုန်းရည်နှင့်လဲ၊ သုံးစွဲစားပြန်၊ အလဗ္ဗိချား၊ တရားဘိုးတန်၊ ငွေနှင့်လဲ- အမြဲဟာမည့်မှန်။

၁၂။ သန်းကြေးမပေါင်း၊ ဗူးတောင်းဗူးအုံ၊ ရေတွင်စုပ်စုပ်၊ နစ်မြုပ်သုံးစုံ၊ ပညာရှိများ၊ စကားဥသုံ၊ ပြောသမျှ–လောက မသုံးကုန်။

၁၃။ အိမ်လုံး တောင်လုံး၊ ကျောက်တုံး ကျောက်ဖျာ၊ ရေမှာဖွားဖွား၊ ထင်ရှားပေါ်ခါ၊ ရဟန်းရှင်ဆိုး၊ လူဆိုးများသာ၊ ဂုဏ်ရောင်ဝိုး– တန်ခိုးပေါ်ထွက်မှာ။

၁၄။ အဆိပ်ပြင်းတောက်၊ မြွေဟောက်ကြီးကို၊ ဖါးငယ်မျိုး၊ ကိုက်ဝါးခါချို၊ ကညာယူထား၊ သကြားဘိုးအို၊ မယားဆဲ– အမြဲအောင်ပေါက်ဆို။

၁၅။ အဆင်းမဲနက်၊ ကျီးငှက်ထံမှာ၊ ရွှေဟင်္သာများ၊ ခစားနေပါ၊ ပညာသီလ၊ ပြည့်ဝသူဟာ၊ သူယုတ်အား– ဝတ်တွားနေရမှာ။

၁၆။ ဆိတ်ကိုမြင်ငြား၊ ကြောက်အား ပြင်းထန်၊ ခြသေ့်သစ်ကျား၊ ခုန်လွှားပြေးပြန်၊ သူယုတ်မာများ၊ ထောင်လွှားနိုင်ငံ၊ သူခေတ်ကောင်း— ပုန်းအောင်း တောမြိုင်ယံ။

# ဝင်္ဂတော် ( ၁၂ ) ပါး၊

## ရှစ်လုံးဘွဲ့ ကဗျာ။

၁။ မေး။ ။ဥရုဝေဠ တောမြိုင်ခွင်၊ ခြောက်နှစ်ပတ်လုံးကျင့်သုံးအရှင်၊ အားကုန်ခမ်းလို့ ညှိုးနွမ်းပြိုငြင်၊ ပင်ပန်းရေး— ဝင်္ဂကြွေး ဘယ်ကြောင့်တင်။ ။

ဖြေ။ ။ဘဿပဖျား ထင်ရှားပွင့်သော်၊ ဇောတိပါလနာမအမော်၊ ပုဏ္ဏားတက် နှုတ်မြွက်အာဘော်၊ ဝစီပြင်းရေးယင်း ဝိပါက်တော်။

၂။ မေး။ ။စိဉ္စမာဏ မိမ္မစေကျွန်၊ ကိုယ်ဝန်ရှိသောဆိုပြောအလွန်၊ လက်သည် တာလို့ ဘုရားကိုညွှန်၊ စွပ်စွဲခဲ့အဘယ့်ဝိပါက်ဝန်။

ဖြေ။ ။သောက်စား လွန်ကျူး ယစ်မူး ပျော်ရွှင်၊ သေသောက်သမား ဖြစ်ငြားယခင်၊ ရဟန္တာမြတ် ဆွမ်းရပ်သည်မြင်၊ အကျင့်ယုတ်- ဖွင့်ထုတ် စွပ်စွဲအင်။

၃။ မေး။ ။တိတ္ထိစေခိုင်း မိုက်ရိုင်းဒုဿီ၊ ထင်ယောင်ထင်မှား ပြုငြာသုန္ဒရီ၊ လူရှင်အပေါင်း ယုံကြောင်းပွေလီ၊ ရှင်တော်ထွင်္ဂ- ဘယ်ဝင်္ဂ ရေးကမ္မီ။

ဖြေ။ ။မုနာဠိ ဟု မည်ရှိလောင်းတော်၊ မောက်ကြွားမောက်မှ သောက်စားအပျော်၊ ရှင်ပစ္စေက ဗုဒ္ဓမြင်သော်၊ ဒုဿီဘဲ- စွပ်စွဲ ဝင်္ဂကြွေးပေါ်။

၄။ မေး။ ။သုန္ဒရီ မိုက် သတ်လိုက် သေရာ၊ တိတ္ထိ အသင်း သတင်းလွှင့်ကာ၊ တပည့်များနှင့် ဘုရားကိုသာ၊ လူအများ- ယုံမှားဘယ်တွက်တာ။

ဖြေ။ ။လောင်းတော် ရသေ့ ပျော်မွေ့စံရာ၊ ရသေ့ တဦး ဈာန်မြူးကွန့်လာ၊ ညှုဖူစိတ်ဇော မနော ဋ္ဌသာ၊ ကျင့်ယုတ်ကြီး—နှုတ်သီး ချွန်သည့်တာ။

၅။ မေး။ ။ဝေဘာ ဘောင် စောင်း ကျောက် မောင်း ဆင်ကာ၊ ဒေဝဒတ်ယုတ် ခလုပ် အသာ၊ သူဖြုတ်ချလို့- ဗုဒ္ဓခြေမှာ၊ ကျောက်လွှာပြ— ဒါဏ်ထိ ဘယ်ငြိုးငြ။

ဖြေ။ ။သူကြွယ်မျိုးဇာတ် ဖြစ်လတ်တုံချေ ညီကိုလှည့် ဖြား ခေါ်သွား သလေ၊ ကျောက် နှင့် ဘိညှပ် ထုသတ် ကြိတ်ခြေ၊ ကျောက်ဝိပါက်- အဆက်ပါခဲ့ပေ။

၆။ မေး။ ကျောက်လွှာထိပါး မြတ်ဖျားထွင့် တင်၊ တနေ ဝပ်ကိန်း သွေးစိမ်းအရှင်၊ ခြေမတော်သဲ ကိုက်ခဲ နာကျင်၊ ဝိပါက်ယင်း- အလင်းပြစေချင်။

ဖြေ။ ။သူငယ် ဖြစ်ခိုက် လမ်း၌ပျော်ရှင်၊ ရှင်ပစ္စေက ဝေးမှအမြင်၊ ခဲနှင့်ပြစ်လိုက် ထိခိုက် ခြေ တွင်၊ သွေးယို ဆင်း- ရှေးယင်းဝိပါက်ပင်။

၇။ မေး။ ဆွမ်းခံကြွမြန်း ထိပ်ပန်းဘုန်းကြွယ်၊ မှုံကျ ဆင်ကြီး ခရီးအကျယ်၊ ဒေဝဒတ်မိုက် လွှတ်လိုက်ပြန်တယ် ရင်ဆိုင်တွေ့- ဆင်ဇော့ ဘယ်ဝင်နွှယ်။

ဖြေ။ ။ဆင်ထိန်း ဆင်ကျောင်း အလောင်းဖြစ်တုံ၊ ရှင် ပစ္စေက လမ်းမှာ အဆုံ၊ ဒေါသ ထားလို့ ပြစ်မှားသုံမှုံ၊ ဆင်နှင့်တိုက်—ဝင့်လိုက်စေဘို့ကြုံ။

၈။ မေး။ ကျောက်လှ္ဘာခတ်လို့ သွေးခါတ်ဆူပူ၊ ခြေမတော်ဦး ထွက်ဖူးတဆူ၊ သွေးညိုကိန်းလို့ ကျိန်းစပ်တော်မူ ဇီဝကာ— ခွဲရ ဘယ်ဝင့်ဟူ။

ဖြေ။ ။ပဒေရာဇ် မင်းဖြစ်စဉ်ဝယ်၊ မှူးယစ်သောက်စား ဖေါက်ပြား မဖွယ်၊ လူရှင်လတ်လတ် ထိုးသတ်ပြန်တယ်၊ ဓါးဝိပါက်- အဆက် သူ့ကာနွယ်၊

၉။ မေး။ ။ သုံးလူထွဋ်ဖူး မြိုက်မှူးသျှောင်ကေ၊ ရုံဖန် ခါလဲ ခေါင်းခဲပလေ၊ ဝေဒနာဝင့် မလွတ်တုံချေ၊ ဘယ် ဝိပါက်- အဆက်ပါခဲ့ခပ။

ဖြေ။ ။ ရှေးခါကပ်ဟောင်း၊ မကောင်းကံဆော်၊ တငါ မျိုးဇာတ် ဖြတ်လတ်သရော်၊ ငါးတို့ဦးခေါင်း ထုထောင်း မြင်သော်၊ ဝမ်းမြောက်မိ- လိုက်ဘိဝိပါက်တော်။

၁၀။ မေး။ ။ ဝါတော် ကပ်တော့ မာရ် နှတ် နှိုး ဆော်၊ ဝေရဥ္စာတိုင်း သမိုင်းအကျော်၊ မယော်ဆွမ်းမို့ ကြမ်းကြမ်း ထော်ထော်၊ ဘုန်းပေးရ- ရှေးက ဘယ်ဝင့်နှော်။

ဖြေ။ ။မထင်မရှား မျိုးသားဖြစ်တုံ၊ ရဟန်းတော်များ ဆွမ်း စားခိုက်ကြုံ၊ ဆွမ်းကြမ်းစားဟု ပြစ်မှားဆိုပုံ၊ ဝစီ တွက်- ဝိပါက်တော်ယုံ။

၁၁။ မေး။ ။ အထွဋ်ဆုံးဟု သုံးလူ့မျက်မှန်၊ ခါးတော် ကိုက်ခဲ အသဲအသန်၊ ဝေဒနာများ ခံစားရုံဖန်၊ ဘယ် အကြောင်း- ကံကြောင်း ထုတ်လိုက်ပါ။

ဖြေ။ ။ လက်ဝှေ့သတ်ကောင်း အလောင်းဖြစ် သော်၊ ပြိုင်ပွဲဆိုင်ပွဲ နိုင်မြဲအကျော်၊ နိုင်လျှင်ခါးရိုး ရိုက်ချိုးမြေပေါ် အသတ်ကောင်း- ဇာတ်ဟောင်း ဝိပါက်တော်။

၁၂။ မေး။ ။ဆဋ္ဌန်ဆယ်ဝီး အားကြီးလျှင်မြန်၊ ဝမ်းတော်

သွန်းငြား ရွှေအားမသန်၊ ခွေယိုင်နွဲ့လို့ မြန်းခဲ့နိဗ္ဗာန်၊ ဖြေ စေကြောင်း- ကံဟောင်း သိဘို့ရန်။

ဖြေ။ ။ရောဂါကုစား သမား ဉာဏ်ကျယ်၊ ရှင်သူဌေး သား ဆေးဝါးဘုတယ်၊ ခ,မပေးလို့ ဟိုရှေးဘုန်းကြွယ်၊ ဝမ်းလားဆေး- တိုက်ကျွေး ဝဋ်ဟောင်းလယ်။

ဝိပါက် ရောက်ရေး ကြောက်သွေး တုံဘွယ်၊ ဘုရား သော်လဲ ရှောင်လွဲမလွယ်၊ ကွေ့ကြိုမြဲမို့ တဲလယ်လယ်၊ မလွတ်သေး- ဝဋ်ကြွေးခက်လှတယ်။

ကြင်နာထောက်ထား သနားမျှော်ခေါ်၊ ကုသိုလ်ပွားမှု အားပြုကြနော်၊ နိဗ်စက်ညှင်းပန်း သရမ်းပျက်ချော်၊ ရှောင် ကြဉ်ရေး- ဝဋ်ကြွေးစင်ဘို့မျှော်။

၁။ ကြွေးမွေးမပျက်၊ ဆောင်ရွက်ဗိမံ၊ မွေခံထိုက်စေ၊ လှူမျှ ဝေ၍၊ စောင့်ခလေမျိုးနွယ်၊ ဝတ်ငါးသွယ်—ကျင့်ဘွယ် သားတို့သာ။

၂။ မကောင်းမြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ် သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်း လျှင်၊ ဝတ် ငါးအင်- ဘခင် မယ်တို့တာ။

၃။ ညီညာထကြွ၊ ဆုံးမနာယူ၊ လာမှု ကြိုဆီး၊ ထံနည်း လုပ်ကျွေး၊ သင်ကွေး အံ့ရွတ်၊ တပည့်ဝတ်- မချွတ် ငါးခုသာ။

၄။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန် ဆီးကာ၊ သင့်ရာအပ်ဘို့၊ ဆရာတို့—မချို့ဝတ်ငါးဖြာ။

၅။ မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စား ဆင်ယင်၊ မြတ်နိုးခြင်း-ငါးအင် လင်ကျင့်ရာ။

၆။ အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်ခသချာ၊ မိစ္ဆာကြည်ရှောင်
လျှော်ခအောင်ဖြန့်ချီ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ—အိမ်သူ
ကျင့်အပ်စွာ။

၇။ ပေးကမ်း ချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်
ရွက်၊ နှုတ်မြွက်ချိုလာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ—
ကျင့်လေ မိတ်သဟာ။

၈။ မေ့လျော့ စောင့် လာ၊ ဥစ္စာ စောင့် ရှောက်၊ လန့်
ကြောက်မှီရာ၊ ဘေးလာမပစ်၊ သား- မြစ် ဆက်စေ၊
ဝတ်ငါးထွေ—မိတ်ဆွေပြန်ကျင့်ရာ။

၉။ ဝတ္ထာကျွေးမွေး၊ ပြုရေး စီရင်၊ နာလျှင် ကုစေ၊ ငှဝေ
ရသာ၊ အခါကိုလွှတ်၊ အရှင်ဝတ်-မချွတ်ငါးခုသာ။

၁၀။ အိပ်သော် နောက်ကျ၊ ထသော်ကား ရှေ့၊ ပေးမှယူ
အပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်— ငါး ချက်
ကျွန်ကျင့်ရာ။

၁၁။ မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊
လိုလျှင်ဘိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ--
ကျင့်လေ ဒါယကာ။

**မက်၍မိ။** ငှင်းတသည် ကောင်းကင်ပျံလျက်၊ ခွေးကောင်
ပုပ်မက်၍ မြေ၌ ကျော့ကွင်းမိသည်။

ငါးသည် ရေနက်ရာနေလျက်၊ တိ,မက်၍ ရေတိမ်၌
ငါးမျှားချိတ် မိသည်။

ရဟန်းသည် သာသနာ၌နေလျက်၊လောကအာမိသ
မက်၍ မာရ်နတ်လက်တွင်း၌ ညွတ်ကွင်းမိသည်။

ရွှေကျင် ဆရာတော်။

**စည်းကမ်း။** ဆိုးမချင်သူ သဲ့လိုးအတူ၊ များပါစေဟု–
ရှင်ရာဟုလာ နှလိုးသွင်းသည်။
သာမဏေငယ် ဆိုးမသော်လည်း နားထောင်မည် ဟု–
ရှင်သာရိပုတ္တရာ နှစ်လိုးသွင်းသည်၊

အပြစ်ပြ၍ ဆိုးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်-

**စိတ်ကူးတိုင်းမဖြစ်။** လာတ် စည်းစိမ်သည် စိတ် ကူး တိုင်း
မဖြစ်၊ တောခရီး၌ အိပ်မက် ကောင်းတုန်း
ဆင်းနှင်းခံရ သလိုပင်တည်း။

**အပေါင်းအသင်းသည်။** မေတ္တာအဖွဲ့ကောင်းမှ ခိုင်သည်၊
ဝေသာသာလီ ညီ ညွတ် ၍ အဇာတသတ် မဖျက်နိုင်၊
ဝေသကာရ ပုဏ္ဏာ ဂုံးတိုက်မှ ဖျက်နိုင်သည်။

**မေတ္တာမပြတ်။** ပဒုမ္မာ ကြာရိုးသည် ထက်ပိုင်း ပြတ်သော်
လည်း အမြှင်မပြတ်၊ သူတော်ကောင်းသည် အဆက်ပြတ်
သော်လည်း မေတ္တာမပြတ်။

**ယုတ်မာစေ၏။** ခွေးရူး ကိုက်လျှင် ထိုသူ ရူး၏၊ ထိုသူ ကိုက်
လျှင် နောက်လူ ရူး၏။ ခွေးရူးသည် လူကောင်း အဆက်
ဆက်ကိုရူးစေ၏၊ မသူတော်သည် လူကောင်း အဆက်ဆက်
ကို ယုတ်မာစေ၏။

**နေ့ချင်းရောက်လိမ့်။** ဦးချို ကျိုးသောနွား မာနလည်း ကျိုး
သည်။ ငါသာ ငါပြင် ငါမမြင်-ဟု၊ ဘုရင်တဆူ၊ ပြမ်မှုကား
ထိုသူ သူ့အောက်၊ နေ့ချင်းရောက်လိမ့်။

ရွှေကျင် - ဆရာတော်။

**ဝေးသည်။** သူတော်နှင့် မသူတော်သည်၊ ရှေး အကြောင်းကံလည်း ဝေးသည်။ နောင် လားရာဂတိလည်းဝေးသည်။

**မိုးခိုးတိုက်။** နွားကျောင်းသားသည် နွား ခြင်မကိုက်အောင် မီးခိုးတိုက်သည်။ ဆရာသည် တပည့် ကိလေသာခြင် မကိုက်အောင် တရားမီးခိုးတိုက်သည်။

**တော၌ပျော်။** ကုသိုလ်ရှိ၍ ဆင်ဖြူတော်ရသူ ဥာဏ်မရှိလျှင် မစီးရရုံ၊ ကုသိုလ်ရှိ၍ လာတ်ပေါသူ ဥာဏ်မရှိလျှင် ပြိတ္တာဖြစ်၏။ ဆင်ဖြူတော် နန်းတော် ရွှေအိမ်၌နေရသော်လည်း တော၌သာ ပျော်သည်။

**လုံအောင်ဖါ။** ပင်လယ် ကူးလို လျှင် သင်္ဘော လုံအောင်ဖါ။
သံသရာကူးလိုလျှင် သီလ လုံအောင်ဖါ။

**ဆေးမရှိ။** မြွေပွေးကို ဆေးဝါး မန္တရားဖြင့် တားနိုင်၏။
မသူတော်ကို တားနိုင်သော ဆေးဝါးမန္တရားမရှိ။

**လာတ်သတ်။** ဝါး- ကျူ-ငှက်ပြော- အသီး သတ်သည်။
အသသထိုရ်မြင်းမ ကိုယ်ဝန် သတ်သည်။ ရဟန်းညံ့ လာတ်သတ်သည်။

ရွှေကျင် ဆရာတော်။

**သံယောဇဉ်။** သံယောဇဉ် ကာမဂုဏ် နှောင်ကြိုးတို့သည် အမှတ်မဲ့ နေသည့် အခါ မသိမသာလှသော်လည်း တကိုယ်တည်း ခွဲခွါသွားရမည့်အခါ တရားသံဝေဂ နှင့်ယှဉ်၍ တောထွက်မည့်ကြံသည့်အခါတို့၌ သိသာ ထင်ရှားလာကုန်၏။ သားမာန် ပုထုဇဉ်တို့ကို မဆို ထားနှင့် ဘုရား ဖြစ်မည့် ဆဲဆဲ အလောင်းတော် သိဒ္ဓတ္ထ မင်းသားပင်လျှင် နောက်ဆံ ငင်ခဲ့ရသေး၏။

**ဖျားနာသောအခါ။** ပုထုဇဉ်သည် လာတ်ပေါ်လျှင် သူ့ဒွေး မာန် တက်လျက် ဖျားနာသောအခါ တအင်းအင်း ညည်းသည်။

**မာရ်နတ်အစာ။** တောအုပ်၌ မိဘ ကင်းသော သား - သွီး ကျားစာ ဖြစ်၏။ သာသနာ၌ ဩဝါဒ ဆရာ ကင်း သောရဟန်း မာရ်နတ်အစာဖြစ်၏။

ရွှေကျင် ဆရာတော်။

**အမှားကြာလျှင် အမှန်ဖြစ်။** အမှန်ကိုပင် အမှားထင်၊ ဘုရား ရှင်ပင် ဟောလို့မရ ဟူ၍—

ဝိသုဒ္ဓါရုံဆရာတော် မိန့်တော်မူ၏။

၁၃၂၃ - ခု၊ ၁၉၆၂-ခု၊ တပို့တွဲလဆန်း (၁၀) ရက်၊
(ငရဲပြည်မှာ သိပ်ပူတာဘဲဗျာ တဲ့ သေပြီးသူအသက်ပြန်ရှင်လာ၍ ပြောခြင်း။)

မနီလာ ဖေဖေါ်ဝါရီလ ၂၅-ရက်၊ တပို့တွဲ လဆန်း ၁၀-ရက်။ သေလွန်ပြီးမှ ငရဲပြည်မှာ သိပ် ပူ တာ ဘဲ- ဟု ညည်းညူကာ အသက်ပြန်ရှင်လာသူ တဦးကို ဖိလစ်ပိုင်ပြည် အလယ်ပိုင်း ခေါ်–စိုးဂွန်းနယ် ကာစတီလို မြို့တွင် ကြုံရသည်ဟု ယနေ့သိရ၏။ ထိုသို့ သေလွန်ပြီးမှ အသက်ပြန်ရှင် လာခဲ့ သူ မှာ မာဇဲလ်တိုလိုစာ အမည်ရှိ ထို မြို့မှ ကျောင်းဆရာ တဦးဖြစ်သည်။

မာစဲလ်တိုလိုစာ သည် လွန်ခဲ့တဲ့ အင်္ဂါနေ့ နံက် ၃-နာရီအချိန်တွင် သေလွန် အနိစ္စ ရောက်ခဲ့သည်။ ကြာသပတေးနေ့တွင် နံက် ၁၀-နာရီခန့်တွင်မှ အလောင်းကို မြေမြှုပ်ရန်အတွက် ဆွေမျိုးများက ခေါင်းသွင်းကြသည်၊ ထိုအချိန်တွင် အလောင်းမှာ လူးလွန့် လာသည်၊ ပူလိုက် တာ- ဟု ညည်းသည်၊ ငရဲပြည်မှာ သိပ်ပူတယ်- ဟု ထပ်မံညည်းညူပြန်သည်။

ပထမတွင် ခေါင်းသွင်းမည်ပြုသူများမှာ အံ့သြ တွန့်ဆုတ်ခါ ကြောက်လန့် ကုန်ကြသည်၊ နောက်တော့မှ သတိရပြီး ယပ်ခပ် ပေးကြသည်၊ ထိုသို့ ယပ်ခပ် ပေး သည် ကို မြင်သော အသုဘရှု လာသည့် အစိုးရ အသက်အာမခံကိုယ်စားလည်က ဘယ့်နှယ်သေသူကို ယပ်ခပ်ပေးကြတာလဲ ဟု တအံ့တသြမေးမြန်းသည်၊ ထိုအခါ တိုလိုစာ ကိုယ်တိုင်က ငရဲပြည်မှာ သိပ်ပူတာဘဲ ဟု ပြန်ဖြေလေသည်။

(၁၃၂၃–ခု၊ ၁၉၆၂-ခု၊ တပို့တွဲလဆန်း ၁၀-ရက်)

အစ ပထမ က စာအုပ်ဖြစ်ဘို့ မရည်ခဲ့ပါ၊ ယခုတော့ စာအုပ်ဖြ မြောက် အောင်မြင်သွား၍အထူးဘဲဝမ်းမြောက်ပါသည်၊ ဤစာအု ဖြစ်ရခြင်း၏ ဂုဏ်ကျေးဇူးမှာ မြင့်မိုရ်တောင်မက ကျေးဇူးကြီးသေ ဘုရား ဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် နှင့် အာစရိယ ဆရာတော် အဆက်ဆက်တို့၏ ဂုဏ်တော် ကျေးဇူးတော် တို့ ကြောင့် ဤစာအုပ် ဖြစ်ရပါသည်။ ဤ စာအုပ် သည် သာသနာတော် လွန် မြောက်ပြီး နောင်အစဉ် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ ထွန်း ကား ပြန့်ပွား ကြီးထွား သန့်ရှင်း၍ ပဋိဝေဓ သာသနာကြီး ဆိုက် ရောက်အောင် ဝိရိယနှင့်သတိကို လက်ကိုင်ထားပြီး (ဝါ) ကိုယ့်ဟာ ကိုယ် ရတနာအစစ်လို့သဘောထားပြီး ဤစာအုပ်ထဲမှ 'ပွား'ဆိုသေ အပုဒ်အတိုင်း ပွားများအားထုတ်နိုင်ကြပါစေသတည်း။

ဤ သို့ ဂုဏ် ကျေးဇူး တော် အပေါင်း နှင့် ပြည့်စုံတော် မူသော အထက်ပါ ဘုရား-တရား- သံဃာ နှင့် ဆရာ အဆက်ဆက် တို့ အား ဘုရား တပည့်တော်သည် ရှိသေမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုး ပူဇော်၊ ဘူးမျှော်မာန်လျှော့၊ ကန်တော့လိုက်ပါ၏ အရှင်ဘုရားတို့--

ဤ စာအုပ်ကို ကြည့်ရှုသူ အပေါင်း သူတော်ကောင်းတို့ အထူ စာရေး၍ မေတ္တာရပ်ပါသည်၊ ပိုနေတာတွေလျှင် နှုတ်ပါ၊ လိုနေတာ တွေလျှင် ထည့်ပေးပါလျှင် အထက်ပါ ဆရာတော်များနှင့် အတူ- ဟု ရှိုးသားစွာ သဘောထားပါသည်။

သုခိတာ ဟောန္တု - ဒုက္ခာ - မုစ္စန္တု။